# ပထမအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# ကျင်းပခြင်း

# မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**ပထမနေ့အစည်းအဝေးမှတ်တမ်း**

(က) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁

(ခ) ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိ သစ္စာ ပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၂

(ဂ) ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၃

(ဃ) ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ ၄

(င) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၄

(စ) ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ ၁၁

(ဆ) ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်း တင်ခြင်း။ ၂၀

(ဇ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက် စကားပြောကြားခြင်း။ ၂၀

(ဈ) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏**“၂၀၁၁-၂၀၁၂ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းပြုစုရေးဆွဲခြင်း နှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်**”အား ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၂၄





(၂) ဦးစိုင်းအင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏**“ မိုင်း ယောင်း-မိုင်းယုမှ တဆင့် တစ်ဖက်နိုင်ငံသို့ တရားဝင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်း ဖွင့်လှစ်မည့် အစီအစဉ် ရှိ/မရှိ ”**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၈၄

(၃) ဒေါ်နန်းငွေငွေ၊ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **“ရှမ်းပြည်နယ်နယ်စပ် ကုန်သွယ်ရေးဂိတ်ပေါက်များမှ ရရှိသော အခွန်အခအရပ်ရပ်များမှ ပြည်နယ်သို့ အချိုးကျခွဲဝေသုံးစွဲခြင်း ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၈၅

- **ဖြေကြားခြင်း** ၈၅

(၄) ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏**“ရှမ်းပြည်နယ်တွင် ပြည်နယ်အစိုးရပိုင်စိုက်ခင်းစိုက်ပျိုး ရန်ရှိ/မရှိ”**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၈၈

(၅) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ - ၈၉

(ကက) **“လင်းခေးမြို့နယ်ရှိ နမ့်စက်တော်ရေလှောင်တမံ လုပ်ငန်းအား ဆောင်ရွက်ရေး”**နှင့် စပ်လျဉ်း သည့် မေးခွန်း။

(ခခ) **"လင်းခေးမြို့နယ် နမ့်ဆိုင်း ကျေးရွာရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး သစ်ရိုက်ကျောက် ဖြည့်ဆည်အား ပြန်လည် တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂဂ) **" လင်းခေးမြို့နယ်ရှိ ဒါးဆိပ် မြစ်ရေတင်လုပ်ငန်း "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

- **ဖြေကြားခြင်း** ၉၀

(ဍ) ဦးစိုင်းအင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏**"မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့နယ်ခွဲတွင် ထင်းရှူးဆီများ ထုတ်လုပ်ခြင်း၊ ငါးဖမ်းခြင်း၊ ငှက်ပျော စိုက်ပျိုးခြင်းလုပ်ငန်းများနှင့် သတ္တုကုန်ကြမ်းများ တရားဝင်တူးဖော်ရောင်းချခြင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၉၃

(ဎ) ဒေါ်နန်းခမ်းထိုး၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သစ်တောများ ထိန်းသိမ်းရေး"**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၉၄

- **ဖြေကြားခြင်း** ၉၄

(ဏ) ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏**"ကျွန်းသစ်နှင့်သစ်မာမှလွဲ၍ ပြည်နယ်အစိုးရအနေနှင့်သစ်တစ်တန်လျှင်(၃၀၀၀၀ိ/-) ခန့်ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တော ထွက်ပစ္စည်းများ ဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေးကြိမ်၊ ဝါး(ငှက်သိုက်** ၁၀၁





(ည) **" ရှမ်းပြည်နယ်၏ ပဉ္စမကာလတို ငါးနှစ်စီမံကိန်း(၂၀၁၁-၂၀၁၂ခုနှစ်မှ၂၀၁၅-၂၀၁၆) ခုနှစ် ရည်မှန်းချက်များ ပြန်လည် ဖြည့်စွက်ရေးဆွဲထားခြင်း "** အား ပြည်နယ် အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၃၄

(ဋ) ရှမ်းပြည်နယ် **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း"** စဉ်(၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်မှုအား ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၅၃

(ဌ) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်း ဝင်များက ဖြေကြားခြင်း - ၇၇

(၁) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ - ၇၈

(ကက) **"မြို့နယ်များတွင် နိုင်ငံသား စိစစ်ရေးကဒ်ပြား ထုတ်ပေးခြင်း လုပ်ငန်းများ"** နှင့်စပ်လျဉ်း သည့် မေးခွန်း။

(ခခ) **"မြို့နယ်များအတွင်း ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသော ငွေကြေးကောက်ခံ ခြင်းများ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

- **ဖြေကြားခြင်း** ၇၈

ပြည်နယ်တွင် မရှိပါ၊ သစ်မွေးပင်သာ ရှိပြီး **အဆီထုတ်နိုင်သောသစ်မရှိပါ)များကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူ သင့်ပါကြောင်း”** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

- **ထောက်ခံဆွေးနွေး တင်ပြသူ** ၁၀၁

(တ) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၀၂

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(ထ) ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏**“မဟာဓါတ်အားလိုင်းမရှိသော နေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ် ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင် ခွင့်ပြုသင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ်၊နားကောင်းမှူးကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများဆောင်ရွက်ရန် ရှိနေပါကြောင်း ”** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၀၄

- **ထောက်ခံဆွေးနွေး တင်ပြသူ** ၁၀၄




**၂။ ဒုတိယနေ့ အစည်းအဝေးမှတ်တမ်း**


(က) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၁၁

(ခ) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၁၂

(ဂ) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၁၃

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၁၁၃

(င) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်း ဝင်များက ဖြေကြားခြင်း - ၁၁၅

(၁) ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)၏ - ၁၁၅

(ကက) **“မိုင်းပန်မြို့ အစိုးရ အထက်တန်းကျောင်း ဆောက်လုပ်ခြင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခခ) **“ဖွဲ့စည်းပုံအရ ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်ခြင်း”**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ - ၁၁၆

(ကက) **“နယ်စပ်မှ တင်သွင်းလာသည့် စားသောက်ကုန်ပစ္စည်းများ”**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခခ) **“ရွှေလီမြစ်တဘက်ကမ်းရှိ ကျေးရွာများတွင် ပညာသင်ကျောင်းတိုးမြှင့်ဖွင့်လှစ်ခြင်း”**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂဂ) **“နမ့်ခမ်းမြို့နယ်အတွင်းရှိ ပညာရေးကျောင်းများတွင် ဆရာ/ဆရာမဒေသခံဝန်ထမ်းများ ခန့်ထားပေးနိုင်ရေး”**နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃဃ) **“နမ့်ခမ်းမြို့နယ်၊ပြည်သူ့ဆေးရုံ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၃) ဦးစိုင်းအင်၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ - ၁၁၇

(ကက) **“မိုင်းယောင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆရာဝန်ခန့်ထားပေးရန်”**နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခခ) **“ မိုင်းယောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် မိုင်းယုမြို့နယ်ခွဲ တိုက်နယ်ဆေးရုံတို့တွင် ဒေသခံ သွားဘက်ဆိုင်ရာ ဆရာဝန် ခန့်ထားပေးရန်”**နှင့် စပ်လျဉ်းသည့် မေးခွန်း။





(ဒ) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့် ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၀၅

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(ဓ) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ **“ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းတိုးတက်ရေး၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအတွက်မျှစ်စို့များကို စီးပွားဖြစ်နယ်စပ်သို့ တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန်”** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း။ ၁၀၇

- **ထောက်ခံဆွေးနွေး တင်ပြသူ** ၁၀၈

(န) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၀၉

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလို သည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(ပ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်နယ် လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေးပထမနေ့ရပ်နား ကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပ မည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၁၀

(၄) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် ၁၁၈
အမှတ်(၂)၏**"လင်းခေးမြို့နယ်၊ နားကုန်း ကျေးရွာရှိ အလကခွဲကျောင်းအား အဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရေး"**နှင့် စပ်လျဉ်း သည့် မေးခွန်း။

- **ဖြေကြားခြင်း** ၁၁၉

(၅) ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ် ၁၂၆
(၁)၏ **"မိုးနဲ-ကျိုင်းတုံရထားလမ်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၆) ဒေါ်နန်းမြမြလွင်၊ မိုင်းယောင်းမြို့နယ်မဲ ၁၂၇
ဆန္ဒနယ်အမှတ်(၂)၏ -

(ကက) **"မိုင်းဖြတ်လမ်းခွဲမှ မိုင်းယောင်း၊ မိုင်းယုမြို့နယ်ခွဲအထိ ကတ္တရာခင်း ပေးရန် အစီအမံ"** နှင့်စပ်လျဉ်း သည့် မေးခွန်း။

(ခခ) **"မိုင်းယုမြို့နယ်ခွဲနှင့် ကျိုင်းယဲန်း ကျေးရွာအကြားတွင် နမ့်လွေချောင်း ကူးတံတား တည်ဆောက်ပေးရန် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၇) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ် ၁၂၈
အမှတ်(၂)၏**"ကျိုင်းတောင်း မြို့တွင်းလမ်း၊ နမ့်စန်-ကွန်ဟိန်း၊ ကျိုင်းတောင်းမှ ခိုလမ်၊ နားခံ၊ မိုင်းပန်လမ်းနှင့် နမ့်စန်- မိုးနဲ-လင်းခေး-မိုင်းပန်လမ်း"** နှင့်စပ်လျဉ်း သည့် မေးခွန်း။



(၁၂) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် ၁၄၄
(၂)၏**"မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်များ တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၁၃) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် ၁၄၄
(၁)၏**"ကျိုင်းတောင်းရေအား လျှပ်စစ် စီမံကိန်းမှ မိုင်းကိုင်မြို့နယ်လျှပ်စစ်မီး ရရှိရေး စီမံကိန်းဆောင်ရွက်နေမှု "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

- **ဖြေကြားခြင်း** ၁၄၅

(ဓ) ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် ၁၅၅
(၁)၏**"ကျွန်းသစ်နှင့် သစ်မာမှလွဲ၍ ပြည်နယ် အစိုးရအနေနှင့် သစ်တစ်တန်လျှင်(၃၀၀၀ဝိ/-) ခန့်ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများ ဖြစ်သော ထင်း၊ ထင်းရှူး၊မီးသွေး၊ကြိမ်၊ဝါး(၄က်သိုက်)ပြည်နယ် တွင် မရှိပါ၊ သစ်မွေးပင်သာရှိပြီး အဆီထုတ် နိုင်သောသစ်မရှိပါ)များကို ပစ္စည်း၏ တန်ဖိုး (၅%)ခန့် အခွန်ကောက်ယူသင့်ပါကြောင်း"** အဆိုကို ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်က ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံး အဖြတ်ရယူခြင်း။

(ဈ) ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏**"ကျွန်းသစ်နှင့် သစ်မာမှလွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင်(၃၀၀၀ဝိ/-) ခန့်ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများ ဖြစ်သော ထင်း၊ ထင်းရှူး၊မီးသွေး၊ကြိမ်၊ဝါး(၄ က်သိုက်)ပြည်နယ်တွင် မရှိပါ၊ သစ်မွှေးပင်သာရှိပြီး အဆီထုတ်နိုင်သောသစ်မရှိပါ)များကို ပစ္စည်း၏ တန်ဖိုး (၅%)ခန့် အခွန်ကောက်ယူသင့်ပါကြောင်း"** အဆိုနှင့် စပ်လျဉ်းပြီး၊ အဆိုတင်သွင်းသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည် က ပြန်လည်ဆွေးနွေးခြင်း။ ၁၅၇

- **အဆိုအား ပြန်လည်ရုပ်သိမ်းခြင်း** ၁၅၇

(ည) ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏**"ရှမ်းပြည်နယ်တွင် ရွှေနှင့်သတ္တုမျိုးစုံ လာရောက်တူးဖော်သောကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရုံပုံငွေနှင့် ဒေသဖွံ့ဖြိုးရေးရုံပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်း"**အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၅၈

- **ထောက်ခံဆွေးနွေး တင်ပြသူ** ၁၅၉





(၇) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏**"ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းသို့ ဆက်သွယ်သော ခရိုင်ချင်း ဆက်လမ်းများ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၀

(၈) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ **"လဲချား-မိုင်းကိုင်-ပန်ကေတု-သီပေါလမ်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၃၁

- **ဖြေကြားခြင်း** ၁၃၂

(၉) ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ **"မဟာဓာတ်အားလိုင်းဖြတ်သန်းသွားသော ကျေးရွာများ မီးရရှိနိုင်ရေး"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၄၂

(၁၀) ဒေါ်နန်းမြမြလွင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏**"မိုင်းယုမြို့နယ်ခွဲတွင် အလတ်စားရေအားလျှပ်စစ်နှင့်ပုဂ္ဂလိက လျှပ်စစ်မီးလုပ်ငန်းလုပ်ပိုင်ခွင့်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၄၂

(၁၁) ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမဲဆန္ဒနယ်အမှတ်(၁)၏ ၁၄၃

(ကက) **"ရွှေလီရေအားလျှပ်စစ်နှင့် ကပ်လျက်ရှိသော အီးပီစီစက်ရုံ လျှပ်စစ်မီးရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ"**

(ခခ) **"လျှပ်စစ်မီတာ၌ လုပ်ငန်းသုံး မီတာသတ်မှတ်ချက်ကို အချို့သော ပြည်သူများသည် ခွဲခြားနိုင်မှုမရှိသေးသည်ကို တွေ့ရှိရပါသည်။ ရိုးရိုးမီတာနှင့် လုပ်ငန်းမီတာ၏ အသုံးပြုသုံးစွဲပုံသတ်မှတ်ချက်နှင့် ဈေးနှုန်းသတ်မှတ်ချက်တို့ကို ရှင်းလင်းပေးစေလိုပါသည်"**

(၄) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၅၉
(သို့မဟုတ်)
အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(ပ) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်နယ်လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး (ဒုတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၆၀



(၃) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏**“ပြည်ထောင်စု မြန်မာနိုင်ငံတော် သန္ဓေတည်ရာ နေ့ထူးနေ့မြတ်ဖြစ်သော ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ် အစိုးရက ဂုဏ်ယူ၍ ရှမ်းပြည်နယ်တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၈၀

- **ဖြေကြားခြင်း** ၁၈၁

(၄) ဦးစိုင်းအင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ **“ မိုင်းယုမြို့နယ်တွင် ပါဝင်သော အထူးဒေသ(၄) နမ့်ပန်းနယ်မြေရှိ ကျေးရွာနှင့်လယ်ယာမြေများအား ပြည်နယ်အစိုးရမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၈၂

(၅) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ - ၁၈၄

(ကက) **“ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မြှင့်တင်ရေးနှင့် ကာကွယ်ရေးကော်မရှင်ကို ပြည်နယ်အစိုးရတွင် ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခခ) **“ရှမ်းပြည်နယ် အလံတော်ကို ပြည်နယ်အစိုးရမှ အသိအမှတ်ပြုမှု ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်း။

- **ဖြေကြားခြင်း** ၁၈၅

(စ) ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏"**မဟာဓါတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေး ကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ် ဆောင်ရွက် သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက် နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသား များအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက် ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း ပြည်နယ် အစိုးရမှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် တစ်နေရာ နှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမှူးကျေးရွာ တွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန် ရှိနေပါကြောင်း**"အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း -

- ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမဲဆန္ဒနယ်အမှတ်(၂) ၁၉၃
- ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ၁၉၅

(ဆ) ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏"**မဟာဓါတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေး ကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ်ဆောင်ရွက် သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက် နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ အား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊** ၁၉၆



၃။ **ဒုတိယပုံမှန်အစည်းအဝေး( တတိယနေ့ )**

(က) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၆၂

(ခ) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၆၃

(ဂ) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၆၄

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၁၆၄

(င) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်း ဝင်များက ဖြေကြားခြင်း - ၁၆၆

(၁) ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏"**နမ့်ခမ်းမြို့နယ်ရှိ စည်ပင် သားသတ်လိုင်စင် လေလံဈေးနှုန်း**" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၆၆

(၂) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ - ၁၆၇

(ကက) "**မြို့နယ်များတွင် စည်ပင် သားသတ် လိုင်စင် ခုံနှစ်ခုံနှင့် အထက်ခွင့်ပြုလေလံတင်ရောင်း ချခြင်း**"နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ခခ) "**စည်ပင်သာယာရေးအဖွဲ့မှ ဘီးခွန် ကောက်ခံမှု**"နှင့်စပ်လျဉ်းသည့်မေးခွန်း။

- **ဖြေကြားခြင်း** ၁၇၀

**မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံ မြို့နယ်၊ နားကောင်းမှူးကျေးရွာတွင် တည် ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန် ရှိနေ ပါကြောင်း"**အဆိုနှင့်စပ်လျဉ်း၍ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

(၉) ဒေါ်နန်းခမ်းအေး၊ နမ့်တူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ **"ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ် ဘဏ္ဍာငွေ အတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့ တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင် ခွင့်ပြုနိုင်ရန် "** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း -

- ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မဲဆန္ဒနယ်အမှတ် (၂) ၁၉၈
- ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ၂၀၁

(စျ) ဒေါ်နန်းခမ်းအေး၊ နမ့်တူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏**"ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့ တင်ပို့ခြင်း အား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြု နိုင်ရန်"** အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၀၃



၄။ **ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဆုံးဖြတ်ချက်များ**

(က) ဆုံးဖြတ်ခြင်း ၂၁၈
(ခ) မှတ်တမ်းတင်ခြင်း ၂၂၂
(ဂ) လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း ၂၂၄

(ည) ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ **“ရှမ်းပြည်နယ်တွင် ရွှေနှင့် သတ္တုမျိုးစုံ လာရောက်တူးဖော်သောကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရံပုံငွေနှင့် ဒေသဖွံ့ဖြိုးရေးရံပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင် သင့်ကြောင်း ”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း - ၂၀၄

- ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ၂၀၅
- ဦးလောရင်း၊ ကယန်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ၂၀၉
- ဒေါ်နန်းမြမြလွင်၊ မိုင်းယောင်းမဲဆန္ဒနယ်အမှတ်(၂) ၂၁၁
- ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမဲဆန္ဒနယ်အမှတ် (၂) ၂၁၃

(ဋ) ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ **“ ရှမ်းပြည်နယ်တွင် ရွှေနှင့် သတ္တုမျိုးစုံလာရောက်တူးဖော်သောကုမ္ပဏီများသည် ရှမ်းပြည်နယ် အစိုးရ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရံပုံငွေနှင့် ဒေသ ဖွံ့ဖြိုးရေး ရံပုံငွေကို သင့်တင့် မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့် ကြောင်း ”** အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၁၄

(ဌ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်နယ် လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပြီးမြောက်ကြောင်းကြေညာခြင်း။ ၂၁၇

# ရှမ်းပြည်နယ်
## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## ဒုတိယပုံမှန်အစည်းအဝေး
## ပထမနေ့ မှတ်တမ်း
**၁၃၇၃ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်**
**( ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် )**
**[ တနင်္လာနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးပထမနေ့အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်သန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။ ]

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခုအချိန်ကစပြီး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို စတင်ပါတော့မယ် ။





## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယအစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ကိုယ်ရောစိတ်ပါကျန်းမာချမ်းသာစွာဖြင့် ပြန်လည်တွေ့ဆုံရသဖြင့် များစွာဝမ်းသာ ကြည်နူးမိပါကြောင်း ပြောကြားလိုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးတက်ရောက်သူ(၁၃၈)ဦးရှိပါတယ်။ အစည်းအဝေး သို့ တက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၆. ၅)%ရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ ထက်ဝက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(က)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၄၊ နည်းဥပဒေ ပုဒ်မခွဲ(ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ (၃၅)(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ် ။ **[ သြဘာသံများ ]**

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့အစီအစဉ်များအား ကိုယ်စားလှယ်များ ထံသို့ ကြိုတင်ဖြန့်ဝေ ထားရှိပြီးဖြစ်ပါတယ်။ ဖြန့်ဝေပေးထားသော အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြား လိုတဲ့ ကိုယ်စားလှယ်အတွက် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ် ။





ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးရန် ဖြစ်ပါတယ် ။

**[ ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဖြစ်သူ ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုလက်မှတ်ရေးထိုးပါသည်။ ဥက္ကဋ္ဌမှ သစ္စာတိုင်ပေးပါသည်။ ]**

**ဦးထွန်းရင်(ခ)လောက်ဝူး၊ ကွမ်းလုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂)**။ ။လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကွမ်းလုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်( ၂ )မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းရင် ဖြစ်ပါတယ်။ လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးပယ်စောက်ချိန် သည် ကျန်းမာရေးအခြေအနေအရပ်ရပ်ကြောင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးသို့ တက်ရောက် နိုင်ခြင်းမရှိသည့်အတွက် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်နေ့မှ နိုဝင်ဘာလ (၃) ရက်နေ့အထိ အစည်းအဝေးတက်ရောက်ခြင်းမှ ကင်းလွှတ်ခွင့်ပြု နိုင်ပါရန် ကာယကံရှင်လွှတ်တော်ကိုယ်စားလှယ် ကိုယ်စား တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ “ ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား”

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ**။ သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေငြာပါတယ်။





**ဦးစိုင်းစံဖေ၊ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံဖေ ဖြစ်ပါတယ် ။ မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် ( ၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သူ ဦးစိုင်းလောင်(ဝ်)ခမ်း(ခ)စိုင်းအိုက်ဖူသည် မိသားစုအခြေအနေကိစ္စကြောင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက် နိုင်ခြင်းမရှိသည့်အတွက် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့ကို အစည်းအဝေး တက်ရောက်ခြင်းမှ ကင်းလွှတ်ခွင့်ပြုနိုင်ပါရန် ကာယကံရှင် လွှတ်တော်ကိုယ်စားလှယ် ကိုယ်စားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ “ ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား”

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ**။ သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေငြာပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)**။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၂ )မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ဖြစ်ပါတယ် ။ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သူ ဦးစိုင်းစိန်ဝင်းသည် နေမကောင်းပါသဖြင့် ၂၀၁၁ခုနှစ်၊အောက်တိုဘာလ(၃၁)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသည့်အတွက် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၃၁ )ရက်နေ့မှ နိုဝင်ဘာလ (၃)ရက်နေ့ အထိ အစည်းအဝေးတက်ရောက်ခြင်းမှ ကင်းလွှတ်ခွင့်ပြုနိုင်ပါရန် ကာယကံရှင်လွှတ်တော် ကိုယ်စားလှယ် ကိုယ်စားတင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ “ ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား”

**[ ၃ ကြိမ် တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ**။ သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေငြာပါတယ်။





**ဦးကျော်တယ်ချန်၊ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂)** ။ ။လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၂ )မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တယ်ချန် ဖြစ်ပါတယ် ။ ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်( ၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သူ ဦးဝေရှောက်ချန်သည် ကျန်းမာရေးအခြေအနေအရ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးသို့ တက်ရောက် နိုင်ခြင်းမရှိသည့်အတွက် ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့မှ နိုဝင်ဘာလ (၃) ရက်နေ့ အထိ အစည်းအဝေး တက်ရောက်ခြင်းမှ ကင်းလွှတ်ခွင့်ပြုနိုင်ပါရန် ကာယကံရှင်လွှတ်တော်ကိုယ်စားလှယ် ကိုယ်စားတင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ “ ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား”

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ**။ သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေငြာပါတယ်။

**ဗိုလ်မှူး/ဗိုလ်ကြီး မောင်မောင်လွင်** ။။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီးမောင်မောင်လွင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်ကြီးအောင်ကျော်မြင့်ဝင်းသည် နေမကောင်းပါသဖြင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက် နိုင်ခြင်း မရှိသည့်အတွက် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၃၁ )ရက်နေ့မှ နိုဝင်ဘာလ (၃)ရက်နေ့ အထိ အစည်းအဝေးတက်ရောက်ခြင်းမှ ကင်းလွှတ်ခွင့်ပြုနိုင်ပါရန် ကာယကံရှင်လွှတ်တော် ကိုယ်စားလှယ် ကိုယ်စားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ " ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား"

**[ ၃ ကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ**။ သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေငြာပါတယ်။





**အခမ်းအနားမှူး**။ ။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါတော့မယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ပြည်နယ်ဝန်ကြီးချုပ် ကြွရောက်လာပါပြီ ခင်ဗျား။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း

**ဦးစဝ်အောင်မြတ်၊ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့**။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား-

ဒီနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဒုတိယ ပုံမှန်အစည်းအဝေး ပထမနေ့မှာ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီးကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြစေရန် ဆုတောင်း မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲများ ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးနောက် ပထမအကြိမ် ပြည်နယ်လွှတ်တော်ရဲ့ ပထမပုံမှန်အစည်းအဝေးမှာ ဒီလွှတ်တော်က

ကျွန်တော့်ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ပေးပြီးနောက် ပြည်နယ်အစိုးရအဖွဲ့ဝင်အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အလားတူ ဒီပြည်နယ်လွှတ်တော်ကပဲ သဘောတူအတည်ပြုပေးလိုက်တဲ့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဆောင်တဲ့ တရားစီရင်ရေး မဏ္ဍိုင်ဟာလည်း ဥပဒေနှင့်အညီ တရားစီရင်ရေး၊ ဥပဒေအရ ကန့်သတ်ချက်များ မှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေးအမှုများတွင် ဥပဒေအရ ခုခံချေပပိုင်ခွင့်၊ အယူခံပိုင်ခွင့်ရှိရေး စတဲ့ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိကျမှန်ကန်စွာ ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။

ကျွန်တော့်အနေနှင့်ဒီကနေ့စတင်ကျင်းပတဲ့ ပြည်နယ်လွှတ်တော် အစည်းအဝေးမှာ အပိုင်း(၃)ပိုင်းနှင့် တင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား -

ပထမပိုင်းအနေနှင့် ကျွန်တော်တို့ရဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အပိုင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ လွှတ်တော်များသည် ဒီမိုကရေစီ၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရများစုစည်းတည်ရှိရာအဖွဲ့အစည်း ဖြစ်သကဲ့သို့ အုပ်ချုပ်မှုများကိုလည်း မျှတစွာ ခွဲဝေကျင့်သုံးစေသော အဖွဲ့အစည်းကြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူများ၏ သဘောထားဆန္ဒများကို သယ်ဆောင်လာကြပြီး မေးခွန်းများ၊ အဆိုများကို ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ရာတွင်လည်း တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသော၊ အကျိုးစီးပွားကို အကာအကွယ်ပေးသော ဥပဒေများအလျှင်အမြန်





## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ဦးရေ ( ၅ )ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ် ။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား ။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က အတည်ပြုပါသည်။ ]**

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့ အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေငြာအပ်ပါတယ် ။ [ **သြဘာသံများ** ]

ယခု အစည်းအဝေး ခေတ္တရပ်နားပါမယ်။

ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါသည်။ ထို့အတူပဲ နိုင်ငံသားများ၏ မူလအခွင့်အရေး ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး အတွက်လည်း ဆောင်ရွက်ပေးရမည့်အဓိက အဖွဲ့အစည်း ဖြစ်ပါတယ်။ လွှတ်တော်က ပြဋ္ဌာန်းပေး လိုက်သော ဥပဒေများကို ထပ်ဆင့်ထုတ်ပြန်ခွင့် အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းအသီးသီး၏ ထုတ်ပြန်သော ဥပဒေများဖြစ်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း လက်စွဲများသည် မူလလွှတ်တော်က ပြဋ္ဌာန်းခဲ့သော ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ တို့ကို ဆန်းစစ်နေရမည် ဖြစ်သကဲ့သို့ နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းများနှင့် နိုင်ငံသားအားလုံးက လိုက်နာကျင့်သုံးရေးနှင့် အပြန်အလှန်ထိန်းညှိ ကူညီဆောင်ရွက်ပေးရေးတွင် ပါဝင်ကြရမဲ့သူများ ဖြစ်ပါတယ်။

ကျွန်တော်တို့ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား(၂)အရ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကို တွဲဖက်ဆောင်ရွက်ပြီး တရားစီရင်ရေးကို သီးခြားကျင့်သုံးတာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးပဲဖြစ်ပါတယ်။ လွှတ်တော်ကအတည်ပြု ပြဋ္ဌာန်းပေးသော ဥပဒေများကို အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေး အဖွဲ့များက လိုက်နာ ဆောင်ရွက်ကြ ရမည် ဖြစ်ပါတယ်။ ဥပဒေပြု လွှတ်တော် ကိုယ်စားလှယ်များဖြစ်ပြီး အုပ်ချုပ်ရေးအဖွဲ့ဝင်များ မဟုတ်ကြောင်းလည်း သတိထားရမည် ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပြုရေး လုပ်ငန်းများကို ပြည်သူ့ အကျိုးစီးပွား ရှုထောင့်က ကြည့်ရှုပြီး အားသွန်ခွန်စိုက် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားလို ပါတယ်။





ပြည်နယ်အစိုးရအဖွဲ့ရဲ့ အုပ်ချုပ်ရေးစီမံခန့်ခွဲမှုသည် ပြည်နယ်တစ်ဝန်းလုံးမှာ တည်ရမှာ ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့များရဲ့ အုပ်ချုပ်ရေး စနစ်နှင့် အုပ်ချုပ်ရေးအသွင် သဏ္ဌာန်များကိုလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ အသက်ဝင် အကောင်အထည် ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါတယ်။အုပ်ချုပ်ရေးစနစ်သစ်၊ အုပ်ချုပ်ရေးအသွင်သဏ္ဌာန်သစ်ကို စတင်ဖော်ဆောင်ရတာဖြစ်တဲ့အတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများရဲ့ (Institutional Building)နှင့် (Capacity Building) တို့ဟာလည်း အရှိန်အဟုန် ရရှိလာတာ နှင့်အမျှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များ အပြန်အလှန်ထိန်းကျောင်းမှုလုပ်ငန်းစဉ်တွေကို ခိုင်ခိုင်မာမာပုံဖော်တည်ဆောက်လာနိုင်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်မှသည် ရပ်ကွက်/ကျေးရွာအဆင့်အထိ အဆင့်ဆင့်သော အုပ်ချုပ်ရေးမဏ္ဍိုင်ကြီးဟာလည်း ဥပဒေများ စနစ်တကျရေးဆွဲပြီးနောက်မှာ ပိုမိုထိရောက် မှန်ကန်သော ပြည်သူလူထု ပါဝင်မှုကို ရှေးရှုဦးတည်သော အုပ်ချုပ်ရေးစနစ်နှင့် အုပ်ချုပ်ရေး အသွင်သဏ္ဌာန်များ ဖြစ်ပေါ်လာတော့မှာ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာမှာလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ တရားသဖြင့် ယှဉ်ပြိုင်နိုင်ရေး လူတိုင်းလူတိုင်း တန်းတူရည်တူ အခွင့်အလမ်းများ ရရှိရေးတို့ကို အစွမ်းကုန်မြှင့်တင်ပေးပြီး မလိုအပ်သော အပိုကုန်ကျစရိတ် (Transactional Cost) များလျှော့နည်းကျဆင်းရေး ကြိုးနီစနစ်များ ရှင်းလင်းဖယ်ရှားရေး ဈေးကွက်စီးပွားရေး ယန္တရားများ အသက်ဝင်ရှင်သန်လာရေး စက်မှုလုပ်ငန်းများ

ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံတဲ့ လုပ်ထုံး လုပ်နည်းများပြောင်းလဲကျင့်သုံးရေးတို့ကို အလေးအနက်ထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆက်လက်ပြီးလဲ နိုင်ငံတော်ရဲ့ စီးပွားရေး မဏ္ဍိုင်မှာ ( Key Driver) များဖြစ်ကြတဲ့ ပုဂ္ဂလိကကဏ္ဍ၊ ဦးဆောင်အသင်း အဖွဲ့များနှင့်လည်း စဉ်ဆက်မပြတ် ထိတွေ့ဆွေးနွေးပြီး နိုင်ငံတော် နှင့် ပြည်သူများရဲ့ အကျိုးစီးပွားကို မြှင့်တင်နိုင်ရန် ဆောင်ရွက်လျှက်ရှိပါတယ်။ နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်း အပြန်အလှန်ပံပိုးကူညီခြင်း၊ ပြည်တွင်းပြည်ပမှ ဖြစ်ပေါ်လာတဲ့ စီးပွားရေးအခက်အခဲများကို စုပေါင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း ဖြေရှင်းခြင်းများတိုးမြှင့်ဆောင်ရွက်ပြီး (PublicPrivate Partnership) လမ်းကြောင်းကိုခိုင်မာသည် ထက်ခိုင်မာအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိက ကဏ္ဍကလည်း မိမိတို့ အပိုင်းက စီးပွားရေး အကျိုးအမြတ်များ တိုးမြှင့်ရရှိအောင်ဆောင်ရွက်ကြရာမှာတိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအတွက်ခိုင်မာတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးဖော်ဆောင်ပေးနိုင်အောင် နိုင်ငံတော်ရဲ့ အမျိုးသားကုန်ထုတ်စွမ်းရည်တိုးတက်မြင့်မားလာအောင်နောင်အနာဂတ်မှာ ဖြစ်ပေါ်လာမဲ့ဒေသအတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်မှု ဝန်းကျင်မှာအရည်အသွေးနှင့် စံချိန်စံညွှန်း မြင့်မားတဲ့ ကုန်ထုတ်လုပ်မှုတွေတိုးမြှင့်ထုတ်လုပ်နိုင်အောင် နိုင်ငံတော်နှင့် အတူ လက်တွဲပူးပေါင်းကြိုးပမ်း အားထုတ်သွားကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။





လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား -

ဒုတိယပိုင်း အနေနှင့် ကျွန်တော်တို့ အုပ်ချုပ်ရေးပိုင်းကိုပြောကြားရရင် ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူများမျှော်လင့်နေကြတဲ့ ကောင်းမွန်သော အုပ်ချုပ်ရေး(Good Governance) သန့်ရှင်းသော အစိုးရ(Clean Goverment) ဒီမိုကရေစီကျင့်စဉ်(Democratic Practice)များ ထွန်းကားရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တရားဥပဒေစိုးမိုးမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ ဆင်းရဲချမ်းသာ ကွာဟမှု လျှော့ချရေး၊ သဟဇာတဖြစ်သော လူ့အဖွဲ့အစည်း ဖြစ်ပေါ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစတဲ့လုပ်ငန်းစဉ်တွေကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါတယ်။ ပြည်သူ့အစိုးရ ဖြစ်နေပြီ ဖြစ်တဲ့အတွက် ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ထားရပါမယ်။ ပြည်သူလူထု စိတ်ကျေနပ်မှု၊ ပြည်သူလူထု စိတ်ချမ်းသာမှုကို ထမ်းဆောင်ကြတဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ယုံကြည်ကိုးစား အားထားမှုကို ခံယူထိုက်တဲ့ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ပညာပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ခေတ်ပြောင်းနေပြီ ဖြစ်တဲ့အတွက် စနစ်ကိုပါ ပြောင်းလဲနိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရာမှာ လုပ်နည်းလုပ်ဟန်တွေ ကြိုးနီစနစ် တွေဆက်လက် စွဲကိုင်ထားသူတွေ တာဝန်သိမှု၊ တာဝန်ယူမှု ကင်းမဲ့ပြီးအဂတိလိုက်စားမှု များကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရဟာ လသားအရွယ် အစိုးရတစ်ရပ်ဘဲ ဖြစ်ပါတယ်။ အစိုးရသက်တမ်း နုနယ်သေးပေမဲ့လည်း ကျွန်တော်တို့ အစိုးရအနေနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးမှာ ပြည်သူလူထုအကျိုးကို ရှေ့တန်းတင်ပြီး ကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အစိုးရအဖွဲ့တစ်ရပ်ရဲ့ စွမ်းဆောင်မှု အရည်အသွေးကို အစိုးရသက်တမ်း တစ်ခုလုံးနှင့်မှသာ တိုင်းတာ သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရကို ပြည်သူလူထုတစ်ရပ်လုံး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်လွှတ်တော်က ယုံယုံကြည်ကြည် အပ်နှင်းထားတဲ့တာဝန် ကျေပွန်ရမည့် ဝတ္တရားတွေကို တတ်နိုင်သမျှ အစွမ်းကုန်ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်ဝင်အောင် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကျွန်တော်နှင့် ပြည်နယ်အစိုးရအဖွဲ့က အစပြုလို့ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူး အဆင့်အထိ အဆင့်ဆင့်သော ပြည်ထောင်စုအစိုးရအဖွဲ့ တစ်ရပ်လုံး အနေနှင့် အုပ်ချုပ်ရေးအာဏာကို ထိထိရောက်ရောက် မှန်မှန်ကန်ကန်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား -

တတိယပိုင်း အနေနှင့်ကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ ပြည်နယ်ဘဏ္ဍာ ရံပုံငွေနှင့် G.D.P ကိစ္စ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၉၃(က)နှင့် ၁၉၄ တို့အရ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်အစိုးရမှ နှစ်စဉ် ဘဏ္ဍာအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းရမှာ ဖြစ်ပါတယ်။ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်ရဲ့ ဒုတိယ(၆)လပတ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၁၃ ဘဏ္ဍာနှစ်ရဲ့ ပြည်နယ်ဘဏ္ဍာ ရံပုံငွေစာရင်း တို့ကို





စားဝတ်နေရေး ပြည့်စုံဖို့ စိုက်ပျိုးရေးကို အဓိက အားထားရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကို သမာရိုးကျ စိုက်ပျိုးထုတ်လုပ်သည့်အဆင့်မှ အကျိုးတူ အစုရှယ်ယာများ ပါဝင်စေပြီး လယ်ယာကုန်ထုတ် အသင်းစုတွေ တည်ထောင်၍ ခေတ်မီနည်းစနစ်တွေ ခေတ်မီစက်ပစ္စည်းတွေ အသုံးပြုပြီး လယ်ယာထွက်ကုန်များကို လက်ရှိအခြေအနေထက် တိုးတက် ထုတ်လုပ်နိုင်အောင် ကြိုးစားကြရန် လိုအပ်ပါတယ်။

ဈေးကွက် စီးပွားရေးစနစ် အကောင်အထည်ဖော်နေပြီဖြစ်၍ ဤစနစ်မှာ လူတိုင်း အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန် လိုအပ်ပါသည်။ လူတိုင်းအလုပ်လုပ်မှ လူတိုင်း ဝင်ငွေတွေ ရလာပြီး တိုင်းပြည်ရဲ့ G.D.P တိုးတက်လာမှာ ဖြစ်ပါတယ်။ (G.D.P တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှု တန်ဖိုး (တစ်နည်းအားဖြင့်) နိုင်ငံတစ်နိုင်ငံ၏ သတ်မှတ်ထားသော အချိန်ကာလ တစ်ခုအတွင်း အသားတင်တိုးပွားလာသည့် ဓနအင်အားကို ခြုံငုံဖော်ပြသော ညွှန်းကိန်း ဖြစ်ပါသည်။) လူတစ်ဦးချင်းရဲ့ ဝင်ငွေ Per Capital GDP လည်း တိုးတက်လာမှာ ဖြစ်ပါတယ်။

ဥပဒေနှင့်အညီ လွတ်လပ်စွာ စိုက်ပျိုး၊ သယ်ယူ၊ ရောင်းချခွင့်တွေ ခွင့်ပြုပေးရမှာ ဖြစ်တယ်။ အတားအဆီး အပိတ်အဆို့တွေ ဖယ်ရှားပေးရမှာ ဖြစ်တယ်။ ကုန်စည်စီးဆင်းမှု လွတ်လပ် လွယ်ကူလျှင် ကုန်ဈေးနှုန်းလည်းကျဆင်းလာမှာ ဖြစ်တယ်။ အခွန်အကောက်တွေ ကောက်ခံရာမှာလည်း မလိုလားအပ်တဲ့ အပိုကုန်ကျမှုတွေ မရှိအောင် စီမံဆောင်ရွက် ပေးရန် လိုအပ်ပါတယ်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ဖို့လည်း လိုအပ်ပါတယ်။ လိုအပ်တဲ့ နေရာတွေမှာ မီးရထားလမ်း၊ ကားလမ်းတွေ

ဖောက်ပေးကြရမှာ ဖြစ်တယ်။ လမ်းဖြတ်သန်းခ၊ တံတားဖြတ်ခတွေ အပိုကောက်ခံတာ မဖြစ်ရအောင်ကြပ်မတ်ပေးရန်လည်း လိုအပ်ပါတယ်။ နိုင်ငံတော်တည်ဆောက်ရေး ဆိုတာ စီးပွားရေး တိုးတက်အောင် ဆောင်ရွက်ခြင်း ဖြစ်တယ်လို့ ခံယူရမှာဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီးပွားရေး လုပ်ငန်းရှင်တွေ များများပေါ်ထွက်လာအောင် အစိုးရအဖွဲ့ အသီးသီးက ဝိုင်းဝန်းမြေထောင်မြှောက်ပေးဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနှင့် ကျွန်တော်တို့ အစိုးရဟာ ပြည်သူတွေ ဖြစ်နေတာတွေ ပြည်သူတွေ ဖြစ်ချင်တာတွေကို ကျွန်တော်တို့ သိပါတယ်။ အပြည့်အဝ ဖြည့်ဆည်း ဆောင်ရွက်နိုင်အောင်လည်း ကြိုးပမ်း ဆောင်ရွက်လျှက် ရှိပါတယ်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရ ဖြစ်တာနှင့်အညီ ပြည်သူလူထု အကျိုးစီးပွားကို အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်နယ်ဝန်ကြီးချုပ် ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း

**အခမ်းအနားမှူး။** ။ လွှတ်တော်ဥက္ကဌ ကြွရောက်လာပါပြီခင်ဗျား။

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။





ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးမှ အသေးစိတ် ရှင်းလင်း တင်ပြ သွားမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာဘဲ ပြည်နယ်အတွင်း နေထိုင်ကြတဲ့ ပြည်သူများ တောင်သူလယ်သမားများနှင့် အလုပ်သမားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေရန် အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေး လုပ်ငန်းများကို နိုင်ငံတစ်ဝှမ်းလုံးက လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်နှင့် စပ်လျဉ်းပြီး အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ဥပဒေပြဌာန်း ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ကုလသမဂ္ဂ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်နှင့်အညီ ၂၀၁၅ ခုနှစ်မှာ ဆင်းရဲမှုနှုန်းထား (၁၆) ရာခိုင်နှုန်းအထိ လျှော့ချနိုင်အောင် ရည်မှန်းချက်ထား၍ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဤကဲ့သို့ ဆောင်ရွက်နေရာမှာ လက်ရှိအချိန် နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းထား အတက်အကျ မတည်ငြိမ်မှုများ ကမ္ဘာ့ စီးပွားရေးနယ်ပယ်တွင် မသေချာမှုများ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခြင်း တို့ကြောင့် စပါးစိုက်တောင်သူများ ထိခိုက်နစ်နာမှုများ ဖြစ်ခြင်း ဖွဲ့စည်းပုံ အခြေခံဥပဒေပါ **နိုင်ငံတော်သည် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်ရမည်** ဟူသော ပြဌာန်းချက်နှင့် အညီ အစိုးရမှ တောင်သူလယ်သမားများ ထုတ်လုပ်မှုစရိတ် မကာမိသည့်အပြင် ဈေးနှိမ်ခံရခြင်း ထိုသို့ အခက်အခဲများမှ လွတ်ကင်းစေရန် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းပြီး ကူညီပံ့ပိုးမှုများ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေပြီ ဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ (၃၈)၊ ပုဒ်မခွဲ (ဂ)အရ ပြည်နယ်ဝန်ကြီးချုပ် ပြောကြားသည့် မိန့်ခွန်းကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် လွှတ်တော်မှ မှတ်တမ်းတင်ရန် ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဝန်ကြီးချုပ် မိန့်ခွန်းအား မှတ်တမ်းတင်ရန် သဘောတူပါသလား ခင်ဗျား ။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]**

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းအား လွှတ်တော်မှ မှတ်တမ်းတင်ရန် သဘောတူပါသဖြင့် လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား - ယခုလို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကြီးမှာ လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီပြန်လည်တွေ့ဆုံခွင့် ရတဲ့အတွက်များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာ





မေးခွန်းများမေးမြန်းတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ အဆိုများတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ကို ရှမ်းပြည်နယ်လွှတ်တော် အနေနဲ့ ကြိုဆိုပါကြောင်းမှတ်တမ်းတင် ပြောကြားလိုပါတယ်။ ထို့အတူဘဲ မေးခွန်းများကိုဖြေကြား ဆွေးနွေးပေးမယ့် ပြည်နယ်အဖွဲ့အစည်း ဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုလည်းကျေးဇူးတင်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းလာတဲ့မေးခွန်းများဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၉၆ ၊ နည်းဥပဒေခွဲ (က)မှ(ည) အထိပဲ ကန့်သတ်ချက်များနှင့် ညီညွှတ်ရမှာဖြစ်သလို၊ အဆိုများဟာလဲ နည်းဥပဒေပုဒ်မ ၁၁၃ နည်းဥပဒေခွဲ (က) မှ (ဇ) အထိပါ စည်းကမ်းချက်များနဲ့ အညီဖြစ်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာတဲ့ နိုင်ငံရေး အခင်းအကျင်းသစ်အရ လွှတ်တော် များလည်း ပေါ်ပေါက်လာပြီ ဖြစ်ပါတယ်။ယင်းနှင့် တစ်ဆက်တည်းမှာပင် လွှတ်တော်များ ခိုင်မာစွာ အသက်ဝင်လာရေး၊ ဥပဒေပြုရေးဖြစ်စဉ် အဆင့်ဆင့်နဲ့ အုပ်ချုပ်ရေးအာဏာကို အပြန်အလှန် စောင့်ကြည့်တည့်မတ်ပေးရေးဟာ ကျွန်တော်တို့ရဲ့ အဓိကတာဝန် ဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော် အတွေ့အကြုံကို ယခုမှ စတင်ထိတွေ့ ဆောင်ရွက်ရ သော်လည်း ပြည်သူ့အကျိုး၊ ပြည်နယ်အကျိုးနှင့် နိုင်ငံတော်အကျိုး ရှေးရှုပြီးစေတနာမှန်မှန် အတ္တစွဲကင်းကင်းဖြင့်၊ ပြည်သူလူထုအများစု၏ လိုလားချက်များကို နှလုံးသားနဲ့ ခံစားနားလည်နိုင်ပြီး ဦးဏှောက်နှင့် ဆင်ခြင်ရွေးချယ် ဆောင်ရွက်နိုင်မယ်ဆိုရင် အခက်အခဲများကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် **ပြည်သူ့အသံ - လွှတ်တော်အသံ ၊ ပြည်သူ့ဆန္ဒ - လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် - လွှတ်တော်က ဖော်ဆောင်ရွက်** ဆိုတဲ့ ဆောင်ပုဒ် အတိုင်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ " ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းပြုစုရေးဆွဲခြင်းနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်း လျာထားချက် " အား ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ " ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းပြုစုရေးဆွဲခြင်းနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်း လျာထားချက် " အား ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းဖြစ်ပါသဖြင့် ပြည်နယ်အစိုးရအဖွဲ့အစည်းဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးမှ တင်ပြပေးရန် ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီး။** ။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ကျွန်တော် ကတော့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏





ခြင်းနဲ့ ပြည့်ဝပြီး ပြည်နယ်အကျိုး၊ နိုင်ငံတော်အကျိုးကို ဆထက်ထမ်းပိုးထမ်းရွက်နိုင်ကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ လျာထားချက်ကို တင်သွင်းမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာရေး ကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှ ရေးဆွဲပြုစုပြီး ပေးပို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာလျာထားချက်ကို လွှတ်တော်မှာ လိုအပ်သလို ဆွေးနွေးပြီး လွှတ်တော်၏ အကြံပြုချက်များနှင့် သဘောတူညီချက်ကို ရယူမှာဖြစ်ပါတယ်။

ဒီပြည်နယ်လွှတ်တော်အစည်းအဝေးအတွက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၉၁ အရ မေးခွန်းများ မေးမြန်းလာတာရှိသလို၊ နည်းဥပဒေ ပုဒ်မ ၁၁၁ အရအဆိုများကိုလည်း တင်သွင်းလာတာရှိပါတယ်။ ပြည်နယ်လွှတ်တော်က လက်ခံရရှိတဲ့ မေးခွန်းနှင့်အဆိုများ ထဲကအနက်၊ ဒီရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ မေးခွန်းပေါင်း (၃၈)ခု အတွက် မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပြီး၊ အဆို (၄)ခုအတွက် အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

" ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်း ပြုစုရေး ဆွဲခြင်းနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်း လျာထားချက် " အား ပြည်နယ်လွှတ်တော်သို့ တင်ပြ သွားပါမယ်။ ငွေလုံးငွေရင်းအသုံးစရိတ် ခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲတဲ့ နေရာမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီး ဌာနမှ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်နှင့်အညီ ရေးဆွဲရမှာ ဖြစ်ပါတယ်။ စာရင်းပြုစုဆောင်ရွက်ပုံအဆင့်ဆင့်ကို တင်ပြရမည်ဆိုလျှင် ရှမ်းပြည်နယ် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနဟာ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအဆင့် ဌာနအဖွဲ့အစည်းများရဲ့ အရအသုံးစာရင်းများကို စုစည်းပေါင်းချုပ် ပေးခြင်း၊ ပြည်နယ်ရဲ့ အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို ရေးဆွဲပြုစုပြီး ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊ ပြည်နယ်အစိုးရ သည် ပြည်နယ် လွှတ်တော်တွင် ဆွေးနွေးအကြံပြုပြီး ပြည်နယ်ရဲ့ အရအသုံးမှန်းခြေ ငွေစာရင်းကို ဘဏ္ဍာရေးကော်မရှင်သို့ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့မှာ အရောက်ပေးပို့ရမှာ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံ ခြင်းကိစ္စနှင့် ပတ်သက်ပြီး တင်ပြရရင် ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်းများဟာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်တဲ့ နေရာမှာ ရသုံးခန့်မှန်းခြေ ငွေစာရင်း လျာထားချက် ဘောင်အတွင်းမှာ မိမိတို့နှင့် သက်ဆိုင်ရာ အခွန်အကောက်နှင့် အခြားရငွေတွေကို အပြည့်အဝရရှိအောင် စီမံကြီးကြပ်ကောက်ခံရန်နှင့် အသုံးစရိတ်များကိုဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ သုံးစွဲရန် အဓိက ပါဝင်ပါတယ်။ အကြောင်းအမျိုးမျိုး ကြောင့်





ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ဌာနအဖွဲ့ အစည်းများရဲ့ ၂၀၁၁-၂၀၁၂ ခုနှစ် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းစုစုပေါင်း အနေအထားအရ ၂၀၁၁-၂၀၁၂ ခုနှစ် မူလခန့်မှန်းခြေရငွေအနေနှင့် ကျပ်သန်းပေါင်း (၃၆၆၇၅. ၃၆၉)သန်းနှင့် သုံးငွေ (၅၉၄၈၂. ၅၅၅)သန်း ဖြစ်ပါတယ်။ လိုငွေအနေနှင့် ကျပ်သန်းပေါင်း (၂၂၈၀၇. ၁၈၆)သန်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း ရငွေမှာ ကျပ်သန်းပေါင်း (၂၅၇၁၀. ၉၆၈)သန်းဖြစ်ပြီး သုံးငွေအနေနှင့် (၄၉၂၂၈. ၈၂၇)သန်း ဖြစ်ပါတယ်။ အဲဒီအတွက် လိုငွေအနေနဲ့ ကျပ်သန်းပေါင်း (၂၃၅၁၇. ၈၅၉)ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရငွေအပေါ် သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။ ဝင်ငွေတိုးတက်ရရှိသော ဌာန(၇)ခုရှိပြီး ၎င်းဌာနများမှာ-

(၁) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(၂) မြန်မာ့ရုပ်ရှင်လုပ်ငန်း
(၃) သစ်တောဦးစီးဌာန
(၄) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
(၅) မြန်မာ့ကြံသီးနှံလုပ်ငန်း
(၆) ငါးလုပ်ငန်းဦးစီးဌာန
(၇) သမဝါယမဦးစီးဌာန တို့ ဖြစ်ကြပါတယ်။

အခွန်အကောက်ရငွေမှာ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာနတို့မှ တိုးတက်ကောက်ခံရရှိကြောင်း တင်ပြအပ်ပါတယ်။ အခွန်အကောက်ရရှိသော ဌာနများရဲ့ အခွန်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

| စဉ် | ဌာနအမည် | ပြုပြင်ပြီးခန့်မှန်းခြေအရ ရရှိမည့်အခွန်ငွေ(ကျပ်သန်းပေါင်း) |
|---|---|---|
| (၁) | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | (၄၂၀. ၀၇၅) |
| (၂) | စည်ပင်သာယာရေးအဖွဲ့ | (၂၂၄၂. ၀၁၈) |
| (၃) | သစ်တောဦးစီးဌာန | (၂၀၇. ၇၃၀) |
| (၄) | ငါးလုပ်ငန်းဦးစီးဌာန | (၆. ၁၃၆) |

သာမန်အသုံးစရိတ်ရဲ့ မူလခန့်မှန်းခြေမှာ ကျပ်သန်း (၅၇၆၇၂. ၉၀၄)သန်း ဖြစ်ပြီး၊ ပြုပြင်ပြီး ခန့်မှန်းခြေမှာ ကျပ်သန်း (၄၃၀၉၆. ၆၅၀)ဖြစ်၍ ကျပ်သန်း (၉၅၇၆. ၂၅) လျှော့ပြီးသုံးစွဲရန် လျာထားပါတယ်။ သာမန်အသုံးစရိတ်လျှော့နည်းတဲ့ ဌာနတွေကတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကျပ်သန်း (၁၁၁၆၀. ၈၀)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျပ်သန်း (၁၁၃၁. ၉၄၀)၊ အကျဉ်းဦးစီးဌာနက ကျပ်သန်း (၄၅၈. ၈၀၇) အသီးသီးလျှော့နည်းသုံးစွဲထားပါတယ်။ သာမန်အသုံးစရိတ် သိသိသာသာ ပိုတဲ့ ဌာနကတော့ အဆောက်အဦးနှင့် လမ်းတံတား ပြုပြင်ထိန်းသိမ်းခြင်းဦးစီးဌာနဖြစ်ပြီး ကျပ်သန်း (၃၀၀၆) ပိုမို လျာထားကြောင်း သိရပါတယ်။

မူလခန့်မှန်းခြေထက် ပြုပြင်ပြီးခန့်မှန်းခြေ ပိုတဲ့ဌာနတွေရဲ့ သာမန်အသုံးစရိတ်မှာ ပြင်ဆင် အသုံးစရိတ်ဟာ သက်ဆိုင်ရာ ရုံးချုပ်များရဲ့ အထွေထွေသီးသန့်ရန်ပုံငွေမှ ခွဲဝေချထားပေးငွေ ရရှိပြီး ဖြစ်တဲ့အတွက် ဖြည့်စွက်ခွင့်ပြုငွေထပ်မံတောင်းရန် မလိုကြောင်း တင်ပြအပ်ပါတယ်။





ရသုံးမှန်းခြေငွေစာရင်းမှာ ခွင့်ပြုထားတဲ့ ရန်ပုံငွေနှင့် မလုံလောက်တဲ့အတွက် ဖြည့်စွက်ခွင့်ပြုငွေအဖြစ် တောင်းခံရန်ရှိပါက မဖြစ်မနေ ဆောင်ရွက်ရမဲ့ ကိစ္စများနှင့် ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးနိုင်တဲ့ ကိစ္စတွေကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်ရဲ့လိုငွေများ မကြီးမားစေရန်အတွက် ရငွေများ လျာထားသည်ထက် ပိုမိုရရှိမှသာ ဌာနအဖွဲ့အစည်းများမှ တောင်းခံသော ဖြည့်စွက်ခွင့်ပြုငွေများကို ခွင့်ပြုပေးနိုင်မှာ ဖြစ်တဲ့အတွက် ဌာနအဖွဲ့အစည်းများအနေဖြင့် ရငွေများကို လျာထားသည်ထက်ပိုမိုရရှိအောင်ကြိုးစားဆောင်ရွက်ရန် လိုကြောင်းတင်ပြအပ်ပါတယ်။

ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနဟာ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအဆင့် ဌာနအဖွဲ့အစည်းများ၏ နောက်ထပ်ရရှိမည့်ငွေများနှင့် နောက်ထပ်လိုအပ်မည့်အသုံးစရိတ်များအတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ စုစည်းပေါင်းချုပ်ပြီး ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြသွားရမှာ ဖြစ်ပါတယ်။ ပြည်နယ်အစိုးရဟာ ပြည်နယ်လွှတ်တော်မှာ ဆွေးနွေးအကြံပြုပြီးသော ပြည်နယ်၏ နောက်ထပ်ရရှိမည့်ရငွေနှင့် နောက်ထပ်လိုအပ်မည့် အသုံးစရိတ်များအတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်းကို ဘဏ္ဍာရေးကော်မရှင်သို့ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့ အရောက်ပေးပို့သွားရမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ဌာနအဖွဲ့အစည်းများသို့ ၂၀၁၁-၁၂ ခုနှစ် မူလခန့်မှန်းခြေ နှင့် ပြုပြင်ပြီး ငွေစာရင်းကတော့ တင်ပြပါအတိုင်းဖြစ်ပါတယ်။ နောက်ဆက်တွဲ (၂၀၁၂-၂၀၁၃ ) ခုဘဏ္ဍာရေးနှစ် ( P.P ဖြင့် ဖော်ပြချက် )

ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၊ တောင်ကြီးမြို့

(၆) ဦးအောင်ခင် အဖွဲ့ဝင်
ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၊ လားရှိုးမြို့

(၇) ဦးအောင်ကျော်ဦး အဖွဲ့ဝင်
ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၊ ကျိုင်းတုံမြို့

(၈) ဦးထင်ဝင်း အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်မြေစာရင်း ဦးစီးဌာန၊ တောင်ကြီးမြို့





(၁၇) ဒေါ်ခင်စန်း တွဲဘက်အတွင်းရေးမှူး(၁)
ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တောင်ကြီးမြို့

(၁၈) ဒေါ်မြင့်မြင့်ခိုင် တွဲဘက်အတွင်းရေးမှူး(၂)
လက်ထောက်ညွှန်ကြားရေးမှူး၊ တွဲဘက်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လားရှိုးမြို့

(၁၉) ဦးစိုင်းဆမ်တစ် တွဲဘက်အတွင်းရေးမှူး(၃)
လက်ထောက်ညွှန်ကြားရေးမှူး၊ တွဲဘက်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျိုင်းတုံမြို့

**နိဂုံးချုပ်အနေဖြင့်**

၁၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတို့၏ လမ်းညွှန်ချက်တို့နှင့်အညီ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီဝင်များ ဖြင့် ပူးပေါင်းညှိနှိုင်းပြီး ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျှက် ရှိပါကြောင်းနှင့် လုပ်ငန်း စဉ်(၈)ရပ်အကောင်အထည်ဖော် ဆောင်ရွက်ရေးဖွဲ့စည်းထားသော အဖွဲ့များအား အတည်ပြုပေးနိုင်ပါရန် တင်ပြရင်း နိဂုံးချုပ် အပ်ပါသည်။

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ " ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ် " အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် စပ်လျဉ်းပြီး လွှတ်တော်မှ အတည်ပြုရန် သဘောတူပါသလား ခင်ဗျား။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]**

သဘောတူသည့်အတွက် " ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ် " အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်မှုအား လွှတ်တော်မှ သဘောတူအတည်ပြုကြောင်း ကြေညာပါတယ်။

**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ယခု အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ အစည်းအဝေးကို မွန်းလွဲ (၁း၃၀)အချိန်တွင် ပြန်လည်စတင်ပါမယ်။**





(၉) ဦးသန်းထွဋ် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး၊ တွဲဘက်ပြည်နယ် မြေစာရင်းဦးစီးဌာန၊ လားရှိုးမြို့

(၁၀) ဦးကျော်ထင် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး၊ တွဲဘက်ပြည်နယ် မြေစာရင်းဦးစီးဌာန၊ ကျိုင်းတုံမြို့

(၁၁) ဦးစိုင်းထွန်းထွန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ပြည်နယ်စည်ပင်သာယာရေး အဖွဲ့၊ တောင်ကြီးမြို့

(၁၂) ဦးဇော်ဝင်း အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး၊ တွဲဘက်ပြည်နယ်စည်ပင် သာယာရေးအဖွဲ့(ရုံးခွဲ)၊ လားရှိုးမြို့

(၁၃) ဦးလုကာ အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး၊ တွဲဘက်ပြည်နယ်စည်ပင် သာယာရေးအဖွဲ့(ရုံးခွဲ)၊ ကျိုင်းတုံမြို့

(၁၄) ဦးဝင်းမောင် အတွင်းရေးမှူး(၁)
ညွှန်ကြားရေးမှူး၊ ပြည်နယ်သစ်တောဦးစီးဌာန၊ တောင်ကြီးမြို့

(၁၅) ဦးမောင်မောင်တင် အတွင်းရေးမှူး(၂)
ဒုတိယညွှန်ကြားရေးမှူး၊ တွဲဘက်ပြည်နယ်သစ်တော ဦးစီးဌာန၊ လားရှိုးမြို့

(၁၆) ဦးပြည့်စုံမျိုး အတွင်းရေးမှူး(၃)
ဒုတိယညွှန်ကြားရေးမှူး၊ တွဲဘက်ပြည်နယ်သစ်တော ဦးစီးဌာန၊ ကျိုင်းတုံမြို့

**အခမ်းအနားမှူး။** ။လွှတ်တော်ဥက္ကဋ္ဌ ကြွရောက် လာပါပြီ ခင်ဗျား။

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ကြယ်ပွင့်ပြထားတဲ့အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ပြည်နယ်လွှတ်တော်သို့ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက မေးမြန်းသည့် မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များမှ တာဝန်ရှိ ပုဂ္ဂိုလ်များ က ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က မေးခွန်း(၂)ခုအား တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။





နိုင်ငံသားစိစစ်ရေးကဒ်ပြားထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာတွင် ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသည့် အစီအစဉ် ရှိ/မရှိ” ဆိုသည့်မေးမြန်းချက်နှင့် စပ်လျဉ်းပြီး ကျွန်တော် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး မှ ဖြေကြားသွားမှာ ဖြစ်ပါသည်။

လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင်၏ မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားရလျှင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အနေဖြင့် နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားလာသော နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကဒ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို မြန်ဆန်စွာနှင့် သတ်မှတ် နှုန်းထားအတိုင်း ထုတ်ပေးရေးအတွက် မိုးပွင့်အဆင့်(၁)စီမံချက်ဖြင့် ၂၀၁၁ခုနှစ်၊ ဇူလိုင်လမှ အောက်တိုဘာလ ကုန်အထိ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆောင်ရွက်ပေး ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြား ထုတ်ပေးနိုင်ရေးအတွက် ပါရှိရမည့် အထောက်အထားများကို မြို့နယ်ဦးစီးဌာနမှူးရုံးများတွင် ကြော်ငြာများ ချိတ်ဆွဲ၍လည်းကောင်း၊ လက်ကမ်းကြော်ငြာများကို ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများ၊ ကျေးရွာ များအထိ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။

မိုးပွင့်အဆင့်(၁)စီမံချက်အရ စီမံချက်စတင်သည့် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့မှစ၍ ရှမ်းပြည်နယ်အတွင်း ရပ်ကွက်/ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးမှုများမှာ အသက်(၁၀)နှစ်နှင့် (၁၈)နှစ်ကြား မည်သည့်လက်မှတ်မျှ မကိုင်ဆောင်ရသေး သူများအား ဥပဒေနှင့် အညီ ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်မှုအခြေအနေမှာ ရှမ်းပြည်နယ် (တောင်ကြီး)ဒေသတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှု (၂၁၇၅၅)ဦး၊ ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှု (၃)ဦး၊ နိုင်ငံသားပြုခွင့်စိစစ်ရေးကတ်ပြား ထုတ်ပေးမှု (၁)ဦး၊ အမျိုးသားမှတ်ပုံတင်သက်သေခံ ကတ်ပြား ထုတ်ပေးမှု (၁)ဦး၊ ပေါင်း(၂၁၇၆၀)ဦး၊ ရှမ်းပြည်နယ်(လားရှိုး)ဒေသတွင် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးမှု (၁၃၉၅၅)ဦး၊ ဧည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးမှု (၂)ဦး၊ နိုင်ငံသားပြုခွင့်စိစစ်ရေး ကတ်ပြားထုတ်ပေးမှု(၁၇)ဦး၊ အမျိုးသားမှတ်ပုံတင်သက်သေခံ ကတ်ပြား ထုတ်ပေးမှု (၄၈၃)ဦး၊ ယာယီသက်သေခံ လက်မှတ် ထုတ်ပေးမှု(၄၀၅၈)ဦး၊ ပေါင်း(၁၈၅၁၅)ဦးရှိပြီး ရှမ်းပြည်နယ်(ကျိုင်းတုံ) ဒေသတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးမှု (၁၆၈၇၁)ဦး၊ အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား ထုတ်ပေးမှု (၂)ဦး၊ ပေါင်း(၁၆၈၇၃)ဦးရှိခဲ့ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်တစ်ခုလုံး အနေဖြင့် အသက်(၁၀)နှစ်နှင့် (၁၈)နှစ်အကြား မည်သည့် လက်မှတ်မျှ မကိုင်ဆောင်ရသေးသူများအား ဥပဒေနှင့်အညီ ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်မှုမှာ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှု (၅၂၅၈၁)ဦး၊ ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှု (၅)ဦး၊ နိုင်ငံသားပြုခွင့် စိစစ်ရေးကတ်ပြား ထုတ်ပေးမှု (၁၈)ဦး၊





**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်း(၂)ခုကတော့ မြို့နယ်များတွင် နိုင်ငံသားစိစစ်ရေးကဒ်ပြား ထုတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျှက်ရှိရာတွင် ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် နောက်မေးခွန်း(၁)ခုကတော့ မြို့နယ်များအတွင်း ပြည်သူလူထု အပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ငွေကြေးကောက်ခံခြင်းများမပြုလုပ်ရန် တားမြစ်ထားသည့် ကိစ္စများတွင် မြို့နယ်များရှိ မြို့လုံခြုံရေး၊ ကင်းကြေးကောက်ခံခြင်း ပါဝင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့ အစည်းက ဖြေကြားဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဝန်ကြီး**။ ။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်းပါစေလို့ ပဏာမဦးစွာ နုတ်ခွန်းဆက်သ အပ်ပါသည်။လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင်၏“မြို့နယ်များတွင်

အမျိုးသားမှတ်ပုံတင်သက်သေခံ ကတ်ပြား ထုတ်ပေးမှု (၄၈၆)ဦး၊ ယာယီသက်သေခံလက်မှတ် ထုတ်ပေးမှု (၄၀၅၈)ဦး၊ ပေါင်း (၅၇၁၄၈)ဦး ကို ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ခဲ့ပါသည်။

အသက်(၁၈)နှစ်နှင့်အထက်ရှိသူများအား ဥပဒေနှင့်အညီ ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်မှု အခြေအနေမှာ ရှမ်းပြည်နယ် (တောင်ကြီး)ဒေသတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှု (၁၀၂၃၉)ဦး၊ ဧည့်နိုင်ငံသားလက်မှတ် ထုတ်ပေးမှု (၄)ဦး၊ နိုင်ငံသားပြုခွင့်ကတ်ပြားထုတ်ပေးမှု (၇)ဦး၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် (FRC) ထုတ်ပေးမှု (၁၀)ဦး၊ ပေါင်း (၁၀၂၆၀) ဦး၊ ရှမ်းပြည်နယ် (လားရှိုး) ဒေသတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှု (၂၀၂၁၄)ဦး၊ ဧည့်နိုင်ငံသားလက်မှတ်ထုတ်ပေးမှု (၁၁)ဦး၊ နိုင်ငံသားပြုခွင့်လက်မှတ်ထုတ်ပေးမှု (၄၈)ဦး၊ အမျိုးသားမှတ်ပုံတင်သက်သေခံ ကတ်ပြား ထုတ်ပေးမှု (၁၇၉၅)ဦး၊ ယာယီသက်သေခံလက်မှတ် ထုတ်ပေးမှု(၆၇၅၁)ဦး၊ပေါင်း(၂၈၈၁၉)ဦးရှိခဲ့ပြီး ရှမ်းပြည်နယ်(ကျိုင်းတုံ) ဒေသတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှု (၇၅၁၄)ဦး၊ အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြား ထုတ်ပေးမှု (၅)ဦး၊ ပေါင်း (၇၅၁၉)ဦး ရှိခဲ့ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်တစ်ခုလုံး အနေဖြင့် အသက်(၁၈)နှစ်နှင့်အထက်ရှိသူများအား ဥပဒေနှင့်အညီ ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်မှုမှာ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှု (၃၇၉၆၇)ဦး၊ ဧည့်နိုင်ငံသားလက်မှတ်ထုတ်ပေးမှု (၁၅)ဦး၊ နိုင်ငံသားပြုခွင့်လက်မှတ်ထုတ်ပေးမှု (၅၅)ဦး၊ အမျိုးသားမှတ်ပုံတင်သက်သေခံ ကတ်ပြား ထုတ်ပေးမှု (၁၈၀၀)ဦး၊ ယာယီသက်သေခံလက်မှတ် ထုတ်ပေးမှု (၆၇၅၁)ဦး၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်(FRC) ထုတ်ပေးမှု (၁၀)ဦး၊ ပေါင်း (၄၆၅၉၈)ဦးကို ကတ်ပြားတစ်မျိုးမျိုး





ရှိကြောင်း တင်ပြရင်း လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင် တင်သွင်းသော ပထမမေးခွန်းအား ပြန်လည်ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီးတော လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင်၏ ဒုတိယမေးခွန်းဖြစ်တဲ့ “မြို့နယ်များတွင် ပြည်သူလူထုအပေါ် ဝန်ထုတ်ဝန်ပိုး ဖြစ်စေသော ငွေကြေး ကောက်ခံခြင်းများ မပြုလုပ်ရန်တားမြစ်ထားသည့် ကိစ္စများတွင် မြို့နယ်များရှိ မြို့လုံခြုံရေး၊ ကင်းကြေး ကောက်ခံခြင်း ပါဝင်ခြင်း ရှိ/မရှိ” ဆိုသည့်မေးမြန်းချက်နှင့် စပ်လျဉ်းပြီး ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါသည်။

လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင်၏ မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားရလျှင် ရှမ်းပြည် နယ်အစိုးရအနေဖြင့် မြို့နယ်များတွင် ပြည်သူလူထုအပေါ် ငွေကြေးကောက်ခံမှု များရှိနေကြောင်း ကြားသိရသည့်အတွက် ရှမ်းပြည်နယ်အစိုးရ၏ ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါစာအမှတ်၊ (၁၄၁)/ ၂-၃၆၄/အစရ(ရှမ်း)ဖြင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများသို့ မြို့နယ်များတွင် ပြည်သူလူထု အပေါ် ဝန်ထုတ်ဝန်ပိုးဖြစ်စေသော ငွေကြေးကောက်ခံခြင်းများ မပြုလုပ်ရန် တားမြစ်သည့် စာထုတ်ပြန်ခဲ့ပါသည်။

ထို့ကြောင့် မြို့နယ်များရှိ မြို့လုံခြုံရေး၊ ကင်းကြေးကောက်ခခြင်းများ အပါအဝင် ပြည်သူလူထု အပေါ် ဝန်ထုတ်ဝန်ပိုးဖြစ်စေသော ငွေကြေးကောက်ခံခြင်း မပြုလုပ်ရန် တားမြစ်ထားခြင်းဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူး တင်ပါသည်။

**ဥက္ကဋ္ဌ။** ။နယ်စပ်ကုန်သွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများ မေးမြန်းရန် ဖြစ်ပါတယ်။ ဒါကြောင့် မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးစိုင်းအင်မှ မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးစိုင်းအင်၊ မိုင်းယောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအင်ဖြစ်ပါတယ်။ ကျွန်တော်အောက်ပါ မေးခွန်းများကို မေးမြန်းလိုပါတယ်-

မိုင်းယောင်း-မိုင်းယုမှ တဆင့်တစ်ဖက်နိုင်ငံသို့ ဆန်စပါးနှင့် အခြားကုန်ပစ္စည်းများအား တရားဝင် သယ်ယူရောင်းချခွင့်ပေးမည်ဆိုလျှင် ပြည်နယ်အစိုးရ၏ အခွန်ဝင်ငွေရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိုင်းယောင်း-မိုင်းယုမှ တဆင့်တစ်ဖက်နိုင်ငံသို့ တရားဝင်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ဖွင့်လှစ်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၊ ဒေါ်နန်းငွေငွေမှ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။





ထုတ်ပေးနိုင်ခဲ့ပါသည်။ ရှမ်းပြည်နယ်အတွင်း အသက် (၁၀)နှစ်မှ (၁၈)နှစ်ကြားနှင့် အသက်(၁၈)နှစ်အထက် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်မှု စုစုပေါင်းမှာ (၁၀၃၇၄၆)ဦး ဖြစ်ပါသည်။

လုပ်ငန်းစီမံချက်အရ ရပ်ကွက်ကျေးရွာအုပ်စုများအပြင် အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းလွန်ကျောင်းများအထိ ကွင်းဆင်းဆောင်ရွက်ပေး လျက်ရှိသည့်အပြင် ပရဟိတကျောင်းများ၊ မိဘမဲ့ဂေဟာများသို့လည်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ပေးရာတွင် လုံခြုံရေးကန့်သတ်ချက်အရ သွားလာရန်ခက်ခဲသော ကျေးရွာများသို့ ဒေသအာဏာပိုင်များ၊ သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဆက်သွယ်ညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိပြီး၊ ကျေးရွာပြည်သူများ မြို့နယ်ရုံးများသို့ လာရောက်ဆောင်ရွက်ပါက သတ်မှတ်အခကြေးငွေသာ ကောက်ခံခြင်း၊ ဆက်ဆံရေးကောင်းမွန်ခြင်း၊ အမြန်ဆုံးလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်စဉ်အတွင်း သောင်းကျန်းသူများကြောင့် ခရိုင်ဦးစီးဌာနမှူး အဆင့်ရှိ ဝန်ထမ်းတစ်ဦးနှင့် မြို့နယ်ခွဲဦးစီးဌာနမှူး အဆင့်ရှိ ဝန်ထမ်းတစ်ဦးတို့ အသက်ဆုံးရှုံးခဲ့ရသည်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိုးပွင့်အဆင့်(၁)စီမံချက်အတွင်း ဆောင်ရွက်ခဲ့သည့် နိုင်ငံသားလုပ်ငန်း ဆောင်ရွက် မှုနှင့်ပတ်သက်ပြီး ရုံးလုပ်ငန်းများဖြစ်သော သတ်မှတ်နိုင်ပုံစံနှင့် ထွေပုံစံတို့တွင် ဖြည့်သွင်းရမည့် ကိစ္စရပ်များ၊ ပီဖိုင်ဖွဲ့ခြင်းကိစ္စရပ်များအား အမြန်ပြီးစီးအောင် ဆောင်ရွက်ပြီးပါက နောက်စီမံချက်တစ်ခု ဆောင်ရွက်သွားရန်

**ဒေါ်နန်းငွေငွေ၊ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)။**

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်မကတော့ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းငွေငွေဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ ရှမ်းပြည်နယ် နယ်စပ်ကုန်သွယ်ရေး ဂိတ်ပေါက်များမှ ရရှိသော အခွန်အခအရပ်ရပ်များမှ ပြည်နယ်သို့ အချိုးကျခွဲဝေ သုံးစွဲခြင်း ရှိ/မရှိ သိရှိလိုပါတယ်။

**ဥက္ကဌ။** ။ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီး။** ။ လေးစားအပ်ပါ သော လွှတ်တော်ဥက္ကဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအင်၏ မေးခွန်းဖြစ်တဲ့ မိုင်းယောင်း-မိုင်းယုမှ တဆင့် တစ်ဖက်နိုင်ငံသို့ ဆန်စပါးနှင့် အခြားကုန်ပစ္စည်းများအား တရားဝင် သယ်ယူရောင်းချခွင့် ပေးမည်ဆိုလျှင် ပြည်နယ်အစိုးရ၏ အခွန်ဝင်ငွေရရှိမည် ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရမှတဆင့် လိုအပ်သလိုစီစဉ် ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်ပြီး ကျွန်တော် ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဝန်ကြီး ဦးခွန်သိန်းမောင်မှ ဖြေကြားပေးမှာဖြစ်ပါတယ်။





၄။ နယ်စပ်ကုန်သွယ်မှုစခန်းသစ်ဖွင့်လှစ်ရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံကုန်သွယ်မှု ဆိုင်ရာ၊ အကောက်ခွန်ဆိုင်ရာ၊ ဘဏ်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းသဘောတူညီချက်များရရှိပြီး လူဝင်/လူထွက်ကိစ္စရပ်များ နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်များ ရရှိရန် လိုအပ်ပါတယ်။

၅။ နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန် အပြန်အလှန် မျှတစွာ ကုန်သွယ်နိုင်သည့် ပမာဏရရှိရန်လိုပါတယ်။

၆။ အခြားတိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ချိတ်ဆက်ကာ ကုန်သွယ်မှုပြုနိုင်ခြင်း။

စသည်တို့နှင့်ပြည့်စုံကိုက်ညီပါက ဖွင့်လှစ်ခွင့်ရရှိနိုင်မှာဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်။

ဆက်လက်ပြီးမူဆယ်မြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းငွေငွေမှ ရှမ်းပြည်နယ် နယ်စပ်ကုန်သွယ်ရေးဂိတ်ပေါက်များမှ ရရှိသော အခွန်အခ အရပ်ရပ်များမှ ပြည်နယ်သို့ အချိုးကျခွဲဝေသုံးစွဲခြင်းရှိ/မရှိ သိရှိလိုပါကြောင်းနှင့် ပတ်သက်ပြီး -

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနသည် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ပြီး ပို့ကုန်သွင်းကုန် လုပ်ငန်းများ အတွက် လုပ်ငန်းဆောင်ရွက်ခွင့် လိုင်စင်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီစစ်ခွင့်ပြုလျက် ရှိပါသည်။ နိုင်ငံတော်မှ သတ်မှတ်ထားတဲ့ သွင်းကုန်နှင့်ပို့ကုန်ဆိုင်ရာအခွန်များကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ သတ်မှတ်ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ ကောက်ခံ၍ ပြည်ထောင်စု ဘဏ္ဍာငွေစာရင်း သို့ပေးသွင်းလျက်ရှိပါသည်။

ရှမ်းပြည်နယ်အစိုးရ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေထဲသို့ နယ်စပ်ကုန်သွယ်ရေး ဂိတ်ပေါက်များမှ ရရှိသောအခွန်ငွေမှာ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ (မ. က. ဖ) ကောက်ခံသော နယ်စပ်ဖြတ်သန်းခများဖြစ်သည့် ယာယီနယ်စပ်ဖြတ်သန်းခွင့် Temporary Bordre Pass - TBP နှင့် တနှစ်သက်တမ်းအသုံး ပြုနိုင်သော နယ်စပ်ဖြတ်သန်းခွင့် Bordre Pass မှ ကောက်ခံရရှိငွေများ ဖြစ်ပါသည်။

ဒီရရှိတဲ့ ဘဏ္ဍာရန်ပုံငွေများထဲကနေ ၁၀%ကို နယ်စပ်မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေသို့ ပေးသွင်းပြီးတော့ ကျန်တဲ့ ၉၀% ကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှတဆင့် ပြည်ထောင်စုဘဏ္ဍာစာရင်းသို့ ရောက်ရှိ သုံးစွဲရပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဌ။** ။ ဆက်လက်ပြီး စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)။** ။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်တွင် ပြည်နယ်အစိုးရပိုင် စိုက်ခင်း စိုက်ပျိုးရန် ရှိပါသလား။ မရှိလျှင် အဘယ်ကြောင့်ပါလဲ။ ဖြေကြားပေးစေလိုပါတယ်။





နယ်စပ်ဒေသများဖွံ့ဖြိုးရေးအတွက် တစ်ဖက်နိုင်ငံနှင့် ကူးသန်းရောင်းဝယ်နိုင်ရန် နယ်စပ် ကုန်သွယ်ရေး စခန်းများ ဖွင့်လှစ်နိုင်မည့်ဒေသများကို ကွင်းဆင်းစီစစ်လေ့လာမှုများ ပြုလုပ်ပြီး ဖွင့်လှစ်ခွင့် ရရှိနိုင်ရေးကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ကျွန်တော်တို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

အဲဒီအပြင် မိုင်းယောင်းခရိုင်နှင့်ကျိုင်းတုံခရိုင်ဒေသများမှ ပိုလျှံဆန်ကို မိုင်းလားဒေသမှ တစ်ဆင့် တဖက်နိုင်ငံသို့ကျိုင်းတုံနှင့် မိုင်းယောင်းရှိ ဆန်အထူးပြု ကုမ္ပဏီ(၂)ခု ဖြစ်သည့် Eastern Shan State Agricultural Development Co.ltd ESifh Eastern Shan State Mong Young Agricultural Development Co.ltd တို့မှ ကုမ္ပဏီ တစ်ခုလျှင် ဆန်တန် (၅၀၀) စီဖြင့် စုစုပေါင်းတန်(၁၀၀၀)တင်ပို့ရန် တင်ပြလာတဲ့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်စေပြီး ရောင်းချခွင့်ပြုကြောင်း သဘောထားမှတ်ချက်နှင့် အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခုဖွင့်လှစ်ရာတွင် အဓိကကျသည့်အချက် (၆) ချက်ရှိပါတယ်။

၁။ နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖွင့်လှစ်မည့် ဒေသတွင်းလုံခြုံအေးချမ်းမှုရှိရပါမယ်။

၂။ လမ်းပန်းဆက်သွယ်မှု အခြေအနေ ကောင်းမွန်သည့် အနေအထားရှိရန်လိုအပ်ပါတယ်။

၃။ နှစ်နိုင်ငံချစ်ကြည်ရေး ကောင်းမွန်ပြီး နှစ်နိုင်ငံလုံးက နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်ရေး ညှိနှိုင်း သဘောတူညီချက်ရရှိပြီးဖြစ်ရန်လိုပါတယ်။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ မေးခွန်း(၃)ခုအား တစ်ဆက်တည်းမေးမြန်းရန် ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်ဖြစ်ပါတယ်။ လင်းခေးမြို့နယ်၊ ဝမ်ဟတ်ကျေးရွာအုပ်စုမှာ ရှိတဲ့ နမ့်စက်တော် ရေလှောင်တမံ စီမံကိန်းကြီးကို လွန်ခဲ့တဲ့ ၂၀၀၆ ခုနှစ်က ဆောင်ရွက်ရန် တိုင်းတာမှုများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ လယ်မြေဧက (၁၀၀၀)ကျော် ရေသွင်းစိုက်ပျိုးနိုင်ခြင်း ရှိ/မရှိ ဆောင်ရွက်ရန် လျာထားခဲ့ဖူးသော လုပ်ငန်းဖြစ်သည်ဟု သိရှိရပါသည်။ သို့ဖြစ်ပါ၍ ၎င်းလုပ်ငန်းအား လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆည်မြောင်းစီမံကိန်းလုပ်ငန်းတစ်ခုအဖြစ် ပြန်လည်ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အဆိုပြုတင်ပြရန် လျာထားချက် ရှိ/မရှိ သိရှိလိုပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ ၂၀၀၁ မိုးရာသီတွင် မိုးရွာသွန်းမှုများပြားခြင်းကြောင့် လင်းခေးမြို့နယ် နမ့်ဆိုင်းကျေးရွာအုပ်စုရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း သစ်ရိုက်ကျောက်ဖြည့်ဆည် မှာ ကျိုးပျက်သွားခဲ့ပါတယ်။ အဲဒီသစ်ရိုက်ကျောက်ဖြည့်ဆည်ကို ကျောက်စီကွန်ကရစ်ဆည်အဖြစ် လာမည့်ဘဏ္ဍာနှစ်မှာ ပြန်လည်ပြုပြင်တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။





ဦးစိုင်းမိုးကြည်မှ ရှမ်းပြည်နယ်တွင် ပြည်နယ်အစိုးရပိုင် စိုက်ခင်းစိုက်ပျိုးရန် ရှိပါသလားလို့ မေးထားပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၂၅၆)(က)တွင် ပြဋ္ဌာန်းချက်အရ ပြည်နယ်အစိုးရသည် ပြည်နယ်ဝန်ကြီး ဌာနများနှင့်ယင်းတို့၏လက်အောက်အစိုးရဌာနများ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေရန် လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း စစ်ဆေးခြင်းပြုရပါသည်။ သို့ဖြစ်ပါ၍ရှမ်းပြည်နယ်တွင် ပြည်နယ်အစိုးရပိုင် စိုက်ခင်းစိုက်ပျိုးရန် မရှိသေးကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး ဦးစိုင်းလွင်မှ လင်းခေးမြို့နယ်ရှိ နမ့်စက်တော် ရေလှောင်တမံလုပ်ငန်းအား ဆောင်ရွက်ရေး အဆိုပြုတင်ပြရန် အစီအစဉ် ရှိ/မရှိ မေးထားပါတယ်။

ရေလှောင်တမံတည်ဆောက်ခြင်းနှင့်ပတ်သတ်၍ရေပေးဝေနိုင်သော လယ်ဧက၊ နွေစပါးစိုက်ပျိုးနိုင်ခြင်း ရှိ/မရှိ အကျိုးပြုဧက ထည့်သွင်းဖော်ပြပြီး အဆိုပြုတင်ပြရပါသည်။ သို့ဖြစ်ပါ၍ လင်းခေးမြို့နယ်ရှိ နမ့်စက်တော်ရေလှောင်တမံ တည်ဆောက်ပါက ပြည်သူအတွက်အကျိုးဖြစ်ထွန်းမှု ရှိ/မရှိ၊ အကျိုးဖြစ်ထွန်းမှု ရှိမှသာ အဆိုပြုတင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ နမ့်ဆိုင်းကျေးရွာရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးသစ်ရိုက် ကျောက်ဖြည့်ဆည်အား ပြန်လည် တည်ဆောက်ပေးမည့် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ဖြေကြားပါမယ်။

သစ်ရိုက်ကျောက်ဖြည့်ဆည်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်သော လုပ်ငန်းဖြစ်ပါသည်။ ရေပေးဝေသော လယ်စိုက်ဧကကို ဖော်ပြပေးရန်လိုအပ်ပါသည်။ ပြည်သူအတွက် အကျိုးဖြစ်ထွန်းမှု ရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပြန်လည်တည်ဆောက်ပေးနိုင်ကြောင်းနှင့် ကျေးရွာပြည်သူမှ လုပ်အားတန်ဖိုးနှင့် ထည့်ဝင်ငွေ (၅၀)ရာခိုင်နှုန်းပါဝင်ရန်လိုအပ်ကြောင်း ရှင်းလင်း ဖြေကြား အပ်ပါသည်။

လင်းခေးမြို့နယ်ရှိဒါးဆိပ်မြစ်ရေတင်လုပ်ငန်းမှ လာမည့်နှစ်စိုက်ပျိုးရာသီအမီ ရေပေးဝေပေးနိုင်မည် အခြေအနေရှိ/မရှိ မေးထားပါတယ်။

ဆက်လက်ပြီးတတိယမေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြားပါမယ်။ လင်းခေးမြို့နယ်ရှိ ဒါးဆိပ်မြစ်ရေတင် လုပ်ငန်းသည် (၂၀၀၄-၂၀၀၅)ခုနှစ်မှ (၂၀၀၇-၂၀၀၈)ခုနှစ်အထိ ဒီဇယ်သုံးအင်ဂျင်ဖြင့် စိုက်ပျိုးလယ်ဧကများသို့ ရေပေးဝေခဲ့ပါသည်။ ဒီဇယ်ဆီဈေးနှုန်း တိုးမြင့်လာမှုကြောင့် ကုန်ကျစရိတ် များလွန်းပြီး အကျိုးသက်ရောက်မှု နည်းပါးသဖြင့် (၂၀၀၈-၂၀၀၉)ခုနှစ်တွင် ရေတင်လုပ်ငန်းကို ရပ်ဆိုင်းခဲ့ရပါသည်။ သို့ရာတွင် ဒေသခံ တောင်သူများ မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်ရေးနှင့် သီးနှံများ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရေးအတွက် လျှပ်စစ်ဖြင့် ရေတင်လုပ်ငန်းကို ယခုနှစ် (၂၀၁၁-၂၀၁၂)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ စက်မှုနှင့် လျှပ်စစ်လုပ်ငန်းပိုင်းကို ငွေကျပ် (၆၄၄)သိန်း၊ မြို့ပြလုပ်ငန်းဖြစ်သောလက်တံမြောင်း(၁)ခု၊ ပင်မမြောင်း(၂)ခု တူးဖော်ခြင်းလုပ်ငန်းကိုငွေကျပ်(၂၅၀)သိန်း စုစုပေါင်းငွေကျပ်(၈၉၄)သိန်း ကုန်ကျမည်ဖြစ်ပါသည်။





မေးခွန်း(၃)ကတော့ လင်းခေးမြို့နယ်မှာ စိုက်ပျိုးရေးနှင့်ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ဖို့ အတွက် ရေအရင်းအမြစ်ဦးစီးဌာနက ဒါးဆိပ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းကို ဆောင်ရွက်အကောင်အထည်ဖော်ခဲ့တာ လွန်ခဲ့တဲ့နှစ်က စီမံကိန်းပြီးဆုံးခဲ့ပြီဖြစ်ပါတယ်။ သို့သော်လည်း ယနေ့ထိ ရေပေးဝေနိုင်ခြင်းမရှိသေးတဲ့အတွက်ကြောင့် ဒါးဆိပ်မြစ်ရေတင်လုပ်ငန်းမှ လာမည့်စိုက်ပျိုးရာသီအမီ ရေပေးဝေနိုင်မည့် အခြေအနေရှိ/မရှိသိရှိလိုကြောင်း မေးမြန်းတင်ပြလိုပါတယ်။

**ဥက္ကဌ။** ။သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်မှ မေးခွန်းတစ်ခုချင်းဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ ဝန်ကြီး ။** ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးစိုင်းမိုးကြည်နှင့် လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းလွင်တို့၏ မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီး ဦးစိုင်းဆာလူမှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ယခုကဲ့သို့ ဖြေကြားခွင့်ရရှိတဲ့အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

(၂၀၁၁-၂၀၁၂)ဘဏ္ဍာရေးနှစ် အတွင်းအပြီးတည်ဆောက်မည်ဖြစ်ခြင်းကြောင့် လာမည့်နှစ်စိုက်ပျိုးရာသီအမီ ရေပေးဝေနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦးမှ သစ်တော/သတ္တု ကဏ္ဍဆိုင်ရာ မေးခွန်းအား မေးမြန်းဖို့ဖြစ်ပါတယ်။ ပထမဦးစွာ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအင် မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးစိုင်းအင်၊ မိုင်းယောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)။** ။ ကျွန်တော်မေးမြန်းလိုသော မေးခွန်းကတော့ မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့နယ်ခွဲတွင် ထင်းရှူးဆီများ ထုတ်လုပ်ခြင်း မြစ်ချောင်းအင်းအိုင်မှ ငါးဖမ်းခြင်းနှင့် စီးပွားဖြစ် ဌက်ပျောစိုက်ခြင်း လုပ်ငန်းများ လုပ်ကိုင်နေသော အဖွဲ့များသည် ပြည်နယ်အစိုးရမှ တရားဝင် လုပ်ကိုင်ခွင့် ပေးထားခြင်း ရှိ/မရှိ ၊ သတ္တုတူးဖော်ရန် တရားဝင်ခွင့်ပြုထားသော ကုမ္ပဏီများနှင့် ၎င်းမြို့နယ်အတွင်း သတ္တုတူးဖော်ရန် စက်ရုံများလာရောက် တည်ထောင်ထားခြင်း မရှိပဲ သတ္တုကုန်ကြမ်းများ တရားဝင်တူးဖော်ဝယ်ယူ ရောင်းချခွင့်ရလိုသော ပုဂ္ဂလိကပြည်သူများအား ပြည်နယ်အစိုးရမှ ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ ရှိပါက ပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းမေးမြန်းလိုပါတယ်။





မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအင်မှ မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့နယ်ခွဲတွင် ထင်းရှူးဆီများ ထုတ်လုပ်ခြင်း မြစ်ချောင်းအင်းအိုင်များမှ ငါးဖမ်းခြင်းနှင့် စီးပွားဖြစ် ဌက်ပျောစိုက်ခြင်း လုပ်ငန်းများ လုပ်ကိုင်နေသော အဖွဲ့များသည် ပြည်နယ်အစိုးရမှ တရားဝင် လုပ်ကိုင်ခွင့်ပေးထားခြင်း ရှိ/မရှိ ၊ သတ္တုတူးဖော်ရန် တရားဝင်ခွင့်ပြုထားသော ကုမ္ပဏီများနှင့် ၎င်းမြို့နယ်အတွင်း သတ္တုတူးဖော်ရန် စက်ရုံများ လာရောက် တည်ထောင်ထားခြင်း မရှိပဲ သတ္တုကုန်ကြမ်းများ တရားဝင်တူးဖော်ဝယ်ယူ ရောင်းချခွင့်ရလိုသော ပုဂ္ဂလိကပြည်သူများအား ပြည်နယ်အစိုးရမှ ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ ရှိပါက ပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့် သတ္တုဝန်ကြီးဖြစ်တဲ့ ကျွန်တော် ဦးစိုင်းအိုက်ပေါင်းက နေပြီးတော့ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့နယ်ခွဲတွင် ထင်းရှူးဆီများ ထုတ်လုပ်ခြင်း၊ မြစ်ချောင်းအင်း အိုင်မှ ငါးဖမ်းခြင်းနှင့် စီးပွားဖြစ် ငှက်ပျောစိုက် ခြင်းလုပ်ငန်းများ လုပ်ကိုင်နေသောအဖွဲ့များ သည် ပြည်နယ်အစိုးရမှ တရားဝင်လုပ်ကိုင်ခွင့် ပေးထားခြင်းရှိ/မရှိနှင့် ပတ်သက်၍ ထင်းရှူးဆီ များထုတ်လုပ်ခြင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၂၀၀၃ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်၊ ၆/၂၀၀၃ ဖြင့် ထင်းရှူးသစ်မျိုး (၂) မျိုးဖြစ်သော ထင်းရှူး (ရုက္ခဗေဒအမည် *Pinus Kesiya* Royle ex Gordon) နှင့် ထင်းရှူး (သိပ္ပံအမည် *Pinus merkusil* Jungh) အား မြန်မာနိုင်ငံတစ်ဝန်းလုံး တွင် တားမြစ်

သစ်ပင်အဖြစ်သတ်မှတ်ကြောင်း ကြေညာခဲ့ပါသည်။ ထင်းရှူးဆီ ထုတ်လုပ်ခြင်း နှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊ သစ်တောရေးရာ ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ဦးစီးချုပ်ရုံး၏ ၁၉၉၆ ခုနှစ်၊ ဖေဖော် ဝါရီလ (၁၅) ရက် ရက်စွဲပါစာအမှတ်၊ လင/ အခ/၀၀၂၂/ ၂၉၀၇-၂၂/၉၆ ဖြင့် ရှမ်းပြည် နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်များ အတွင်းထင်းရှူးဆီ ထုတ်လုပ်ခွင့်ကို လုံး၀(လုံး၀) ခွင့်မပြုရန် ညွှန်ကြားထားခဲ့ပြီးဖြစ်ပါသည်။ စီးပွားဖြစ် မဟုတ်သည့် တရားမဝင်ထင်းရှူးဆီ ထုတ်ယူသုံးစွဲခြင်းများ ကိုလည်း စစ်ဆေးတွေ့ရှိပါက အရေးယူ ဆောင်ရွက်လျက် ရှိပါ ကြောင်း တင်ပြအပ်ပါသည်။

နောက်မေးခွန်း တစ်ခုဖြစ်တဲ့မြစ်ချောင်းအင်းအိုင်မှ ငါးဖမ်းခြင်းနှင့် စီးပွားဖြစ်ငှက်ပျောစိုက်ခင်း လုပ်ငန်းများ လုပ်ကိုင် နေသောအဖွဲ့များသည် ပြည်နယ်အစိုးရမှတရား ဝင်လုပ်ကိုင်ခွင့် ပေးထားခြင်း ရှိ/မရှိနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေး ရာဝန်ကြီးဌာန၏ သစ်တောနယ်မြေ (ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တော) အတွင်း လုပ်ကိုင်ခွင့် ပေးထားခြင်း မရှိကြောင်း ဖြေဆိုပြန် ကြားအပ်ပါသည်။

သစ်တောနယ်မြေအတွင်း တရားမဝင်ကျူးကျော် လုပ်ကိုင် ဆောင်ရွက်မှုများ မရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနမှ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ သတ္တု တူးဖော်ရန် တရားဝင်ခွင့်ပြုထားသော ကုမ္ပဏီများနှင့် ၄င်းမြို့နယ် အတွင်း သတ္တုတူးဖော်ရန်စက်ရုံများ လာရောက် တည်ထောင်ထား ခြင်းမရှိဘဲ သတ္တုကုန်ကြမ်းများ တရားဝင်တူးဖော် ဝယ်ယူရောင်းချ ခွင့်ရလိုသော ပုဂ္ဂလိက ပြည်သူများအား ပြည်နယ်အစိုးရမှ ခွင့်ပြုပေး နိုင်ခြင်းရှိ/မရှိ ရှိပါက ပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့စီမံဆောင်ရွက်





**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းခမ်းပိုင်း မေးမြန်းရန် ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းပိုင်း၊ မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)။** ။ မင်္ဂလာပါရှင်၊ ယနေ့အစည်းအဝေးကို တက်ရောက် လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များအားလုံး ကျန်းမာချမ်းသာကြပါစေရှင်။ ကျွန်မကတော့ မိုင်းကိုင် မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ နန်းခမ်းပိုင်း ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းလိုတဲ့ အကြောင်းအရာကတော့ -

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်သည် တိုင်းပြည် အတွက် အလွန်အဖိုးထိုက်တန်သော ကျွန်း၊ သစ်မာ မျိုးစုံ ပေါက်ရောက်သည့် သစ်တောများရှိသည့် မြို့နယ်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ အကျိုး၊ ပြည်သူတို့၏အကျိုးကို မျှော်ကိုး၍ ရှမ်းပြည်နယ်အစိုးရအနေဖြင့် သစ်တောများထိန်းသိမ်းရန် ဥပဒေဘောင်အတွင်းမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက် ရန်ရှိသည်ကို သိရှိလိုပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ ဝန်ကြီး။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာ ကြပါစေလို့ ပဏာမ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ မိုင်းယု မြို့နယ်ခွဲ၊ မိုင်းယုကြိုးဝိုင်း(ဝမ်ပေ့ါကျေးရွာအနီး) အတွင်း ရွှေအသေးစားတူးဖော် ထုတ်လုပ်ရန် အတွက် မြင့်မောင်ဝင်းကုမ္ပဏီ၊ ဟိန်းကောင်း ဆက် ကုမ္ပဏီ နှင့် နဂါးနှစ်ကောင်ကုမ္ပဏီတို့မှ လုပ်ကွက်တစ်ကွက်လျှင် (၂၀) ဧကစီဖြင့် စုစုပေါင်း (၆၀) ဧက အား သတ္တုတွင်းဝန်ကြီးဌာန၏ ညှိနှိုင်း အကြောင်းကြားချက်နှင့် ရွှေအသေးစား တူးဖော်လုပ်ကိုင်ခွင့်ပြုမိန့်များ အရလည်းကောင်း၊ သစ်တောနယ်မြေအတွင်း ကျရောက် နေသဖြင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတို့မှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းတို့အား လိုက်နာဆောင်ရွက်ရ မည်ဖြစ်ကြောင်း ဝန်ခံဂတိပြုချက်များအရလည်းကောင်း၊ ရွှေအသေးစားတူးဖော် ထုတ်လုပ်ရန်အတွက် လုပ်ငန်းအာမခံငွေနှင့် မြေငှားရမ်းခများ ပေးသွင်းစေ၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့်သစ်တောဦးစီးချုပ်ရုံးတို့မှ မြေနေရာငှားရမ်း လုပ်ကိုင် ခွင့်ပြုထားပြီးဖြစ်ပါသည်။ အဆိုပါ ကုမ္ပဏီ (၃) ခုလုံးသည် ရွှေအသေးစားထုတ်လုပ်ရန်အတွက် ပြင်ဆင်စမ်းသပ်ဆဲကာလဖြစ် ပါသည်။ သစ်တောနယ်မြေအတွင်း ရွှေသတ္တု တူးဖော်ထုတ်လုပ်မှုများ အား စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိအား သစ်တောဦးစီးဌာန ဝန်ထမ်းများမှ အခါအားလျော်စွာ ကွင်းဆင်း စစ်ဆေးဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါသည်။

မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်(၂)မှရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခမ်းပိုင်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်သည် တိုင်းပြည်အတွက် အလွန်အဖိုးထိုက်တန်သော ကျွန်း၊ သစ်မာ မျိုးစုံပေါက်ရောက်သည့် သစ်တောများ ရှိသည့်





ကျေးရွာနေပြည်သူများ၏ ထင်းလောင်စာ၊ နေအိမ်သုံး၊ လယ်ယာလုပ်ငန်းသုံးများအတွက် မိမိတို့ နေအိမ်၊ ကျေးရွာ ပတ်ဝန်းကျင်မှ ကိုယ်ပိုင်စိုက်ပျိုးထုတ်လုပ်ထုတ်ယူသုံးစွဲ နိုင်ရေးအတွက် နိုင်ငံတော် အစီအမံဖြင့် စံပြကျေးလက်အိမ်ရာ လုပ်ငန်း ဆောင်ရွက်လျက်ရှိရာ တစ်အိမ်ထောင် ကျွန်း (၃)ပင်၊ သစ်မာအပင် (၂၀)နှင့် တစ်ရွာတစ်ဧက ကျေးရွာပိုင် ထင်းစိုက်ခင်း များကို သစ်တောဦးစီးဌာနမှ လိုအပ်သည့် ပျိုးပင်နှင့် နည်းပညာ ပံ့ပိုးကူညီကြီးကြပ်ပြီး စိုက်ပျိုးစေခဲ့ပါကြောင်း။

သက်ဆိုင်ရာမြို့နယ် ဒေသခံပြည်သူများမှ နားလည် သဘောပေါက်ပြီး၊ အဖိုးတန်ကျွန်းနှင့် သစ်မာမျိုးစုံတို့အား တရားမဝင်ခုတ်လှဲ၊ ထုတ်လုပ်သယ်ဆောင်မှုများ မရှိစေရေး ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ဟောပြောခြင်းများ ရှိပါကြောင်းနှင့် တရားမဝင်သစ်ထုတ်လုပ်မှုများ ရှိပါကလည်း ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)၏ " ကျွန်းနှင့် သစ်မာမှ လွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (၃၀၀၀ဝိ/-)ခန့် ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး၊ ကြိမ်၊ ဝါး (ငှက်သိုက် ပြည်နယ်တွင် မရှိပါ၊ သစ်မွေးပင်သာ ရှိပြီး အဆီထုတ်နိုင်သော သစ် မရှိပါ) များကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန် ကောက်ယူသင့်ပါကြောင်း " အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။**

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၁)၏ **" ကျွန်းနှင့် သစ်မာမှ လွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (၃၀၀၀ဝိ/-)ခန့် ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး၊ ကြိမ်၊ ဝါး (ငှက်သိုက် ပြည်နယ်တွင် မရှိပါ၊ သစ်မွေးပင်သာ ရှိပြီး အဆီထုတ်နိုင်သော သစ် မရှိပါ) များကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန် ကောက်ယူသင့်ပါကြောင်း "** အဆိုအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။

မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းမိုးကြည် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။





မြို့နယ်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ အကျိုး၊ ပြည်သူတို့၏ အကျိုးကို မျှော်ကိုး၍ ရှမ်းပြည်နယ်အစိုးရအနေဖြင့် သစ်တောများ ထိန်းသိမ်းရန် ဥပဒေဘောင် အတွင်းမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ရန်ရှိသည်ကို သိလိုပါကြောင်းနှင့် ပတ်သက်တဲ့ မေးခွန်းအရ -

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်သည် အဖိုးထိုက်တန်သော ကျွန်း၊ သစ်မာမျိုးစုံ ပေါက်ရောက်သည့် သစ်တောများ ရှိသည့်အတွက် သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းတည်ထောင်၍ သစ်တောများကို ကာကွယ်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ မိုင်းကိုင်မြို့နယ်တွင် သစ်တောကြိုးဝိုင်း(၄)ခုနှင့် ကြိုးပြင်ကာကွယ်တော (၁)ခုရှိရာ စုစုပေါင်း ဧရိယာဧက (၆၀၆၄၆၀) ဧက၊ စတုရန်းမိုင်အားဖြင့် (၉၄၇. ၅၉၃)ကျယ်ဝန်းပါသည်။ ဖော်ပြပါ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ အတွင်း ကျွန်း/သစ်မာမျိုးစုံတို့အား ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သည့်နည်းနှင့်မျှ ခုတ်လှဲ၊ ပိုင်းဖြတ်၊ သင်းသတ်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းများ မပြုလုပ်ရဘဲ ကျူးလွန်ခဲ့ပါက သစ်တောဥပဒေ၊ နည်းဥပဒေများ အရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိုင်းကိုင်မြို့နယ်အတွင်းရှိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအနက် မိုင်းယွန်း/ မိုင်းလန်း ကြိုးဝိုင်းမှ သစ်ထုတ်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲ တင်ပြထားမှုနှင့် နှစ်စဉ်လျာထားဆောင်ရွက်လျက် ရှိပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းသွားသည့် သဘာဝသစ်များအတွက် သစ်တောစိုက်ခင်းများ ပြန်လည်စိုက်ပျိုးတည်ထောင်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် လျာထား ဆောင်ရွက်လျက် ရှိပါကြောင်း။

၁၀၁

**ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည် ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမဲ့ အဆိုကတော့ “ **ကျွန်းနှင့် သစ်မာမှ လွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (၃၀၀၀ဝိ/-)ခန့် ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး၊ ကြိမ်၊ ဝါး (၄က်သိုက် ပြည်နယ်တွင် မရှိပါ၊ သစ်မွေးပင်သာ ရှိပြီး အဆီထုတ်နိုင်သော သစ် မရှိပါ) များကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန် ကောက်ယူသင့်ပါကြောင်း** ” အဆိုကို တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမည့်သူ ရှိပါက ဆက်လက်ဆောင်ရွက်ပါမည်။

**ထောက်ခံဆွေးနွေးတင်ပြသူ။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေရှင်။ ကျွန်မကတော့ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းငွေငွေ ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည် တင်သွင်းသော “ **ကျွန်းနှင့် သစ်မာမှ လွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (၃၀၀၀ဝိ/-)ခန့် ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး၊ ကြိမ်၊ ဝါးများကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူသင့် ပါကြောင်း** ” အဆိုကို ထောက်ခံအပ်တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။





၁၀၃

**ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)၏ “ မဟာဓါတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ် ထုတ်လုပ်ရေး ကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ် ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက် နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်း ဖြစ်စေ၊ အစုအဖွဲ့လိုက် ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည့်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် တစ်နေရာ နှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမှူး ကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန် ရှိနေပါကြောင်း ” အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ။ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ “ **မဟာဓါတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ် ထုတ်လုပ်ရေး ကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ်ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်း ဖြစ်စေ၊ အစုအဖွဲ့လိုက် ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည့်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် တစ်နေရာ နှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမှူး ကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန် ရှိနေပါကြောင်း** ” အဆိုအား ပြည်နယ် လွှတ်တော်သို့ ပေးပို့လာပါတယ်။

မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းမိုးကြည် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)** ။ ကျွန်တော်တင်သွင်းမဲ့ဒုတိယ အဆိုကတော့ **" မဟာဓါတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ် ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ် ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက် နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက် ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် တစ်နေရာ နှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမှူး ကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန် ရှိနေပါကြောင်း "** အဆိုကို တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမည့်သူ ရှိပါက ဆက်လက်ဆောင်ရွက်ပါမည်။

**ထောက်ခံဆွေးနွေးတင်ပြသူ။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းဝင်းမြတ်ဦး ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည် တင်သွင်းသော **" မဟာဓါတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ် ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ်ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက် နိုင်ပါက ပြည်နယ်အတွင်းရှိ**





**ဥက္ကဋ္ဌ။** ။ ဦးစိုင်းမိုးကြည် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ဦးစိုင်းမိုးကြည် ၏ **" ကျွန်းနှင့် သစ်မာမှ လွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (၃၀၀၀ဝိ/-)ခန့် ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး၊ ကြိမ်၊ ဝါး (ငှက်သိုက် ပြည်နယ်တွင် မရှိပါ၊ သစ်မွှေးပင်သာ ရှိပြီး အဆီထုတ်နိုင်သော သစ် မရှိပါ) များကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူသင့်ပါကြောင်း "** အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့်လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ။** ။ " အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလား "

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ သဘောမတူသည့် ကိုယ်စားလှယ် မရှိပါ။]**

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းမိုးကြည်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။ ဦးစိုင်းမိုးကြည် တင်သွင်းသော အဆိုကို ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းကြရန် ဖြစ်ပါတယ်။ အဆိုကို (၁-၁၁-၂၀၁၁)ရက် (အင်္ဂါနေ့) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားများအား တစ်ဦးတည်း ဖြစ်စေ၊ အစုအဖွဲ့လိုက် ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည့်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် တစ်နေရာ နှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမှူး ကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန် ရှိနေပါကြောင်း "** အဆိုကို ထောက်ခံအပ်ပါတယ်။

ဥက္ကဌ။ ။ ဦးစိုင်းမိုးကြည် တင်သွင်းသော အဆိုကို လွှတ်တော် ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၁ )မှ ဦးစိုင်းမိုးကြည် ၏ **"မဟာဓါတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ် ထုတ်လုပ်ရေး ကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ် ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်း ဖြစ်စေ၊ အစုအဖွဲ့လိုက် ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည့်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် တစ်နေရာ နှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမှူး ကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန် ရှိနေပါကြောင်း "** အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့်လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**





**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဌနှင့် အကွပြည်နယ်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်မကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးဖြစ်ပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် **" ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ် ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန် "** အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်။

ကျွန်မတို့ ရှမ်းပြည်နယ်မှာ ဝါးပင်ကြီးတွေနဲ့ စိမ်းလန်းစိုပြေနေတာကို ကြည့်ခြင်းအားဖြင့် ဝါးများ ပိုလျှံနေမယ်လို့ ယူဆနိုင်ပါသော်လည်းဘဲ ဆင်းရဲမှုမြင့်မားလာပါသော ကျွန်မတို့ ကျေးလက်နေပြည်သူများအတွက် အလွန်အရေးပါသော ပိုက်ဆံအဖြစ် အသုံးပြုနိုင်သော ဝါးများ ဖြစ်လာမဲ့မျှစ်စို့များကို ကိုယ်ကျိုးစီးပွားအတွက် နယ်စပ်သို့ နှစ်စဉ် တင်ပို့ရောင်းချခြင်း ဖြစ်ပေါ်နေပါတယ်။ မျှစ်စို့များကို စည်းကမ်းမဲ့ နှစ်စဉ် နယ်စပ်သို့ တင်ပို့ရောင်းချပါက ဝါးပင်ပြုန်းတီးမှုနှင့် လူသားတို့ ပတ်ဝန်းကျင် ဆုံးရှုံးမှုကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ထို့ကြောင့် **" ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ် ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန် "** အဆိုကို တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဌ။** ။ အဆိုကို ထောက်ခံမည့်သူ ရှိပါက ဆက်လက်ဆောင်ရွက်ပါမည်။

**ထောက်ခံဆွေးနွေးတင်ပြသူ (၁) ။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းသူရိန်ဦး ဖြစ်ပါတယ်။ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေး တင်သွင်းသော “ **ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် ရှမ်းပြည်နယ် ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန်** ” အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ထောက်ခံဆွေးနွေးတင်ပြသူ (၂) ။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်မကတော့ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးချိုစိန် ဖြစ်ပါတယ်။ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေး တင်သွင်းသော “ **ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန်** ” အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။





**ဥက္ကဌ။** ။ “ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလား ”

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ သဘောမတူသည့် ကိုယ်စားလှယ်မရှိပါ။]**

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းမိုးကြည်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။ အဆိုကို (၂-၁၁-၂၀၁၁)ရက် (ဗုဒ္ဓဟူးနေ့) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့မှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ “ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် ရှမ်းပြည်နယ် ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့ တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန်” အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဌ။** ။ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ **ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ် ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ်နယ်စပ်သို့ တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန်** ” အဆိုအား ပြည်နယ် လွှတ်တော်သို့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်နန်းခမ်းအေး အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒေါ်နန်းခမ်းအေး တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **“ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ် ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန် ”** ဖြစ်ပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ။** ။ “ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလား ”

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ သဘောမတူသည့် ကိုယ်စားလှယ် မရှိပါ။]**

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းမိုးကြည်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။ အဆိုကို (၂-၁၁-၂၀၁၁)ရက် (ဗုဒ္ဓဟူးနေ့) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့မှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။





**ရှမ်းပြည်နယ် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**
**အထူးအစည်းအဝေး(၁/၂၀၁၁)**
**ဒုတိယနေ့ မှတ်တမ်း**
**၁၃၇၃ခုနှစ်၊ တန်ဆောင်းမုန်းလဆန်း ရက်**
**( ၂၀၁၁ခုနှစ်၊ နိုဝင်ဘာ လ ၂ ရက် )**
**[ အင်္ဂါနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(ဒုတိယနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်သန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန က ဆောင်ရွက်ပါသည်။ ]

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုအချိန်ကစပြီး ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို စတင်ကျင်းပတော့မှာ ဖြစ်ပါတယ် ။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

## ပြည်နယ်လွှတ်တော် အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား -

ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့မှာပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၁၄၃)ဦးရှိပြီး၊ ယနေ့အစည်းအဝေးကို (၁၃၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၇ ၂) ရာခိုင်နှုန်းရှိပြီး တက်ရောက် တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ **သုံးပုံတစ်ပုံထက်** ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၁၈၀) ပုဒ်မခွဲ (က)နဲ့ ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ၃၄၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်





## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ အစည်းအဝေး ဒုတိယနေ့ကို နိုဝင်ဘာလ ( ၁ )ရက်နေ့ (အင်္ဂါနေ့)နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာ ဖြစ်ကြောင်းကြေငြာ ပါတယ်။ [ **သြဘာသံများ** ]

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါတော့မယ် ခင်ဗျား။

**[ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ညနေ ( ၁၄ း ၃၀ )နာရီအချိန်တွင် ရပ်နားပါသည် ။ ]**

ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ဂ) အရ၊ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ [ **ဩဘာသံများ** ]

## ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့အစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကိုပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ် သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄၄)၊ နည်းဥပဒေခွဲ(က) အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်းမိမိအတွက် အခြားကိုယ်စားလှယ် တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။





## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ် (၉) ဦးက မေးမြန်းထား သည့် မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

**လူမှုရေးကဏ္ဍနှင့် စပ်လျဉ်းပြီး** မေးခွန်းများစတင် မေးမြန်းရန်ဖြစ်ပါ တယ် ။ ပထမဦးစွာ မိုင်းပန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းမိုးကြည်က မေးခွန်း(၂)ခုအား တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမိုးကြည်၊ မိုင်းပန်မဲဆန္ဒနယ်(၁)။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်(၁)မှ ဦးစိုင်းမိုးကြည်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့် မေးခွန်းကတော့ “မိုင်းပန်မြို့နယ် မိုင်းပန်မြို့၊ အရှေ့ရပ်ကွက်တွင် လွန်ခဲ့သော (၃)နှစ်မှစပြီး အစိုးရ အထက်တန်းကျောင်း ဆောက်လုပ်ခဲ့ပါသည်။ ယခုထိ မပြီးသေးပါ။ နောင်ဘယ်နှစ်နှစ်ကြာမှ အပြီးဆောက်ရ မည်ကိုသိရှိလိုပါသည်။

မိုင်းပန်မြို့တွင် (၂၅)ကုတင်ဆန့်ဆေးရုံဖွင့်လှစ်ထားပါသည်။ ယခုထိ ဆရာဝန်(၁)ဦးသာရှိပြီး ကျန်းမာရေးမှူးဆေးခန်းသာရှိပြီး ဖြစ်သော ဝမ်ဆမ်ကျေးရွာ နောင်လေကျေးရွာ၊ ကုန်းကျိုင်းကျေးရွာ တွင်လည်း ကျန်းမာရေးမှူးများ မရှိပါ။ ဖွဲ့စည်းပုံအရ ကျန်းမာရေး ဝန်ထမ်းများအပြည့်ပေးပို့ရန်ရှိပါသလား၊ မရှိလျှင်အဘယ်ကြောင့် ပါလဲ။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းတင်ဦး က မေးခွန်း (၄)ခုအား တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊နမ့်ခမ်းမဲဆန္ဒနယ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှဦးစိုင်းတင်ဦးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့် မေးခွန်း ကတော့ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်နှင့် နမ့်ခမ်းမြို့တို့၌ နယ်စပ်နိုင်ငံမှ တင်သွင်းလာသည့် အချို့သော စားသောက်ကုန်ပစ္စည်းများသည် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသဖြင့် ကျန်းမာရေးဌာနမှ စားသောက် ကုန်ပစ္စည်းများကို ကျန်းမာရေးနှင့်ဓာတ်ခွဲပစ္စည်းများကင်းစင်မှုရှိ/ မရှိ စိစစ်ပေးနိုင်မှုအပိုင်းကိုသိရှိလိုပါသည်။

ဒုတိယမေးခွန်းဖြစ်တဲ့ နမ့်ခမ်းမြို့နယ်၊ ရွှေလီမြစ် တစ်ဘက် ကမ်းရှိ ကျေးရွာ(၁၄)ရွာသည် မူလတန်းပညာသင်ကျောင်း သာရှိကြသည့်အတွက် အလယ်တန်းပညာသင်ကျောင်း တက်ရောက်သင်ကြားကြမည့် ကျောင်းသူ/ သားများသည်





ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ် ။

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား - ဒီကနေ့ ပထမအကြိမ် ပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၃) ဦး ၊ ပြည်နယ် လွှတ်တော် သို့ အစည်းအဝေးတက်ရောက်သူ (၁၃၉)ဦး၊ ခွင့်ပန်ကြား၍ ခွင့်ပြု ထားသူ (၄)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ဂ) ၊ နည်းဥပဒေခွဲငယ် (၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ကိုရယူပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို -

**[ အတည်ပြုပါသလားခင်ဗျား (၃)ကြိမ်တိုင်တိုင် မေးမြန်း ပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကအတည်ပြုတဲ့ အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ် လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

နမ့်ခမ်းမြို့သို့ လှေစီးပြီး လာရောက် ပညာသင်ကြားကြရသော အခက်အခဲများရှိနေသဖြင့် ရွှေလီမြစ်တစ်ဘက်ကမ်းရှိ ကျေးရွာများတွင် မူလတန်းပညာသင်ကျောင်းမှ အလယ်တန်းပညာသင်ကျောင်းအဆင့်သို့ တိုးမြင့် ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါသည်။

တတိယမေးခွန်းဖြစ်တဲ့ နမ့်ခမ်းမြို့နယ်အတွင်းရှိ ပညာရေးကျောင်းများတွင် ဆရာ/မ ဝန်ထမ်းဦးရေများတိုးချဲ့ထားရှိပေးနိုင်ရန်နှင့် ထို့သို့တိုးချဲ့ခန့်ထားရာတွင် နမ့်ခမ်းမြို့နယ် အတွင်းရှိ ဒေသခံများ ဝင်ရောက်လျှောက်ထားနိုင်ပြီး ဦးစားပေးခန့်ထားနိုင်ရန် စီစဉ် ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိသိရှိလိုပါသည်။

စတုတ္ထမေးခွန်းဖြစ်တဲ့ နမ့်ခမ်းမြို့နယ်ပြည်သူ့ဆေးရုံကို ပြည်သူလုထုအားထား ယုံကြည်ရသည့် ပြည်သူ့ဆေးရုံအဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်မှု ပေးနိုင်မှုရှိ/မရှိ သိရှိလို ပါသည်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မိုင်းယောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအင်ကမေးခွန်း(၂)ခုအား တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအင်၊မိုင်းယောင်းမဲဆန္ဒနယ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးစိုင်းအင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့်မေးခွန်းကတော့ မိုင်းယောင်းမြို့နယ် ပြည်သူ့ဆေးရုံတွင်





အနေဖြင့် အုပ်စုတွင်း ကျေးရွာပေါင်း (၉)ရွာနှင့် အခြားနီးစပ်သော ကျေးရွာများလည်း တည်ရှိပါသဖြင့် အလကကျောင်းအဖြစ် တိုးမြှင့်ခွင့်ပြုသင့်သော အခြေအနေနှင့် ပြည့်စုံမှု ရှိ/မရှိကို စိစစ်၍ တိုးမြှင့်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိသိရှိလိုပါသည် ဖြေကြားပေးနိုင်ပါရန်မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်မှ မေးခွန်း တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း(လူမှုရေးဝန်ကြီး)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား မင်္ဂလာပါလို့နှုတ်ခွန်း ဆက်သပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းမိုးကြည် ၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းတင်ဦး၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းအင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းလွင်တို့၏ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ရှင်းလင်း ဖြေကြားမှာဖြစ်ပါတယ်။ ပထမဦးစွာ အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ နယ်မြေလူထု အခက်အခဲများအား တင်ပြမေးမြန်းခဲ့ခြင်းအပေါ် ယခုကဲ့သို့ ဖြေကြားခွင့်ရရှိသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

မိုင်းပန်မြို့နယ်မဲဆန္ဒနယ်(၁)မှရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်မှ မိုင်းပန်မြို့နယ်၊ မိုင်းပန်မြို့အရှေ့ရပ်ကွက်တွင် လွန်ခဲ့သော (၃)နှစ်မှစပြီး အစိုးရအထက်တန်းကျောင်းဆောက်လုပ်ခဲ့ပါသည်။ ယခုထိမပြီးသေးပါ။ နောင်ဘယ်နှစ်နှစ်ကြာမှ အပြီး ဆောက်ရမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်ပတ်သက်၍ မိုင်းပန်မြို့ အခြေခံပညာအထက်တန်းကျောင်းအား ၂၀၀၈/၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် SS 2(5) အုပ်ညှပ် နှစ်ထပ်စတင် ဆောက်လုပ်ရန် (၁၀၀)သိန်းခွဲဝေချထားပေးခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေး နှစ်တွင်အပြီးသတ်ရန် (၃၅၈)သိန်း ခွဲဝေချထားပေးခဲ့ပါသည်။ဌာနမှစုစုပေါင်း (၄၅၈)သိန်းခွဲဝေချထားပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၂-ခုနှစ်၊မတ်လတွင် အပြီးသတ် ဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။

မိုင်းပန်မြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်မှ မိုင်းပန်မြို့တွင် (၂၅)ကုတင်ဆံ့ဆေးရုံဖွင့်လှစ်ထားပါသည်။ ယခုထိ ဆရာဝန်(၁)ဦးသာရှိပြီး ကျန်းမာရေးမှူးဆေးခန်းသာရှိပြီးဖြစ်သော ဝမ်ထမ်ကျေးရွာ၊ နောင်လေကျေးရွာ၊ ကုန်းကျိုင်း ကျေးရွာတွင်လည်း ကျန်းမာရေးမှူးများ မရှိပါ။ ဖွဲ့စည်းပုံအရ ကျန်းမာရေးဝန်ထမ်းများ အပြည့် ပေးပို့ရန်ရှိပါသလား။ မရှိလျှင် အဘယ်ကြောင့်ပါလဲမေးခွန်းနှင့်ပတ်သက်၍ မိုင်းပန်မြို့နယ် (၂၅)ကုတင်ဆံ့ပြည်သူ့ဆေးရုံတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး(၁)ဦးနှင့် လက်ထောက် ဆရာဝန်(၄)ဦး ခွင့်ပြုထားသည့်အနက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး(၁)ဦး လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊





ယခင်က လက်ထောက်ဆရာဝန်တစ်ဦးခန့်ထား သော်လည်း လက်ရှိအချိန်တွင် လက်ထောက်ဆရာဝန်လစ်လပ်နေပါသဖြင့် အရေးပေါ်အခက် အခဲများကြုံရှိပါ၍လက်ထောက်ဆရာဝန်တစ်ဦး ခန့်ထားပေးပါရန်နှင့် သွားဖက်ဆရာဝန်ခန့်ထားပေးမည့် အစီအစဉ် ရှိ/မရှိသိလိုပါကြောင်း။

မိုင်းယောင်းမြို့နယ်တွင် မန္တလေးမြို့သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ အောင်မြင် ကျောင်းဆင်းလာသော ဒေသခံသွားဘက်ဆိုင်ရာဆရာဝန်(သစ်လွင်)(၂)ဦး ရှိနေပါ သဖြင့် အဆိုပါသွားဘက်ဆိုင်ရာဆရာဝန်(သစ်လွင်)(၂)ဦးအား မိုင်းယောင်းမြို့နယ်၊ ပြည်သူ့ ဆေးရုံနှင့် မိုင်းယုမြို့နယ်ခွဲတိုက်နယ်ဆေးရုံတို့တွင်ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်နယ်အစိုးရမှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိသိရှိလိုပါကြောင်း မေးမြန်းလိုပါတယ်။

**ဥက္ကဌ။** ။ ဆက်လက်ပြီး လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က မေးခွန်းမေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊လင်းခေးမဲဆန္ဒနယ်(၂)။** လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော် ဥက္ကဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှဦးစိုင်းလွင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့်မေးခွန်းကတော့ လင်းခေးမြို့နယ် နားကုန်းကျေးရွာအုပ်စု၊ နားကုန်းကျေးရွာရှိ၊ အလက(ခွဲ)ကျောင်းသည် အလက(ခွဲ)အဖြစ် လွန်ခဲ့သောနှစ်(၂၀)ခန့်ကတည်းက ခွင့်ပြုချက်ရရှိပညာသင်ကြားလျက် ရှိခဲ့ပါသည်။ နားကုန်းကျေးရွာအုပ်စု

ပြည်နယ်ဝန်ကြီးချုပ်၏ (၈-၇-၂၀၁၁)မှ (၉-၇-၂၀၁၁) အထိ လင်းခေး ခရိုင် ခရီးစဉ်လမ်းညွှန်ချက်အရ မိုင်းပန်မြို့နယ်တွင် လိုအပ်လျက်ရှိသော လက်ထောက်ဆရာဝန်များ ခန့်ထားပေးနိုင်ပါရန် ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့၏ (၉-၈-၂၀၁၁) ရက်စွဲပါ စာအမှတ်၊ ၃/၄/ ဆရ၀(၁၇၈၂) ဖြင့် ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီး ဖြစ်ပါ သည်။

သားဖွားဆရာမ(သစ်လွင်)များ ခန့်ထားခွင့်ရရှိပါက ဝမ်ထမ် ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် နောင်လေကျေးလက်ကျန်းမာရေး ဌာနခွဲများတွင် ဦးစားပေးခန့်ထားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ လက်ထောက်ကျန်းမာရေးမှူး (သစ်လွင်)များ ခန့်ထားခွင့် ရရှိလျှင် သော်လည်းကောင်း၊ အခြားပြည်နယ်နှင့် တိုင်းများမှ ရှမ်းပြည်နယ်သို့ ပြောင်းရွှေ့ခွင့် တင်လာလျှင် သော်လည်းကောင်း၊ လက်ထောက် ကျန်းမာရေးမှူး လစ်လပ်လျက်ရှိသော နားကျိုင်းကျေးလက် ကျန်းမာရေးဌာနတွင် ဦးစားပေးခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိ ပါကြောင်း ဖြေကြားအပ် ပါသည်။

ဆက်လက်ပြီးနမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်ဦးမှ မူဆယ်ခရိုင်၊ မူဆယ် မြို့နယ်နှင့် နမ့်ခမ်းမြို့တို့၌ နယ်စပ်ချင်း နိုင်ငံမှ တင်သွင်း လာသည့် တချို့သော စားသောက်ကုန်ပစ္စည်းများသည် ကျန်းမာရေးနှင့် ညီညွတ်မှု မရှိသဖြင့် ကျန်းမာရေးဌာနမှ စားသောက်ကုန်ပစ္စည်းများ ကို ကျန်းမာရေးနှင့် ဓာတ်ခွဲဓာတုပစ္စည်းများ ကင်းစင်မှုရှိ/မရှိ စိစစ် ပေးနိုင်မှု အပိုင်းကို သိရှိလိုပါသည်ဆိုသော မေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) ဦးစိုင်းတင်ဦး၏ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ လူမှုရေးဝန်ကြီးမှ စားသောက်ကုန်





ပညာရေးကျောင်းများတွင် ဆရာ/ဆရာမ ဝန်ထမ်း ဦးရေများ တိုးချဲ့ ထားရှိပေး နိုင်ရန်နှင့် ထိုသို့တိုးချဲ့ခန့်ထားရာတွင် နမ့်ခမ်းမြို့နယ် အတွင်းရှိ ဒေသခံများ ဝင်ရောက် လျှောက်ထားနိုင်ပြီး ဦးစားပေး ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ သိရှိလိုပါသည် ဟူသောမေးခွန်းနှင့်ပတ်သက်၍နမ့်ခမ်းမြို့နယ်တွင် ဆရာ၊ ကျောင်းသား အချိုးအရ လုံလောက်မှုတမှုရှိ၍ဝန်ထမ်းဦးရေ တိုးချဲ့ ခန့်ထားပေးရန်မလိုသေးပါ။ဆရာ/မ ခန့်ထားရာတွင် ဆရာဖြစ် လက်မှတ်ရှိမှသာ ခန့်ထားခွင့်ရှိသဖြင့် ပညာရေးကောလိပ်သို့ သတ်မှတ်ချက်ကိုက်ညီသော ဒေသခံများအားလျှောက်ထားစေပြီး၊ သင်တန်းဆင်းလာပါက နေရာလပ်အခြေအနေအပေါ်မူတည်၍ ဒေသခံများကိုပင် ဦးစားပေးခန့်ထားပေးမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီးနမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်(၁)မှရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦးမှ နမ့်ခမ်းမြို့နယ်၊ ပြည်သူ့ဆေးရုံ၏ ယခုလက်ရှိ တချို့ဝန်ထမ်းများ၏ ဝန်ဆောင်မှု အားနည်းခြင်းနှင့် ဆေးပစ္စည်းလုံလောက်မှု မရှိခြင်းကြောင့် ပြည်သူ လူထု၏ အားကိုးယုံကြည် ရမှု အားနည်းနေသည်။ ပြည်သူလူထု အား ထားယုံကြည်ရသည့် ပြည်သူ့ဆေးရုံအဖြစ်သို့ အဆင့်မြှင့်တင် ပေးနိုင်မှု ရှိ/မရှိ သိရှိလိုပါသည်ဟူသောမေးခွန်းနှင့်ပတ်သက်၍ နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ကျန်းမာရေးဝန်ကြီးဌာန၊ ဗဟို ဆေးသိုလှောင်ရေးဌာနမှ နှစ်စဉ် တစ်နှစ်လျှင် နှစ်ကြိမ် ဆေးများ ထောက်ပံ့ပေးလျက်ရှိပါသည်။ အရေးပေါ်လိုအပ်သော ဆေးဝါးများ ကိုလည်း တောင်းခံပါက ထောက်ပံ့ပေးလျက်ရှိပါသည်။ နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်း များအား တာဝန်ကို လေးလေး

စားစား ကျေပွန်စွာထမ်းဆောင်ရန် စီမံခန့်ခွဲ ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအင်မှ မိုင်းယောင်းမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် ယခင်က လက်ထောက် ဆရာဝန်(၁)ဦး ခန့်ပေးထားသော်လည်း လက်ရှိအချိန်တွင် လက်ထောက် ဆရာဝန် လစ်လပ် နေပါသဖြင့် အရေးပေါ်အခက်အခဲများ ကြုံရှိနေပါ၍ လက်ထောက်ဆရာဝန်(၁)ဦးခန့်ထား ပေးနိုင်ပါရန်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်ခန့်ထားပေးမည့်အစီအစဉ် ရှိ /မရှိ သိရှိ လိုပါကြောင်း ဟူသော မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်၊ မိုင်းယောင်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁) ဦးစိုင်းအင်၏ ကျန်းမာရေးကဏ္ဍ နှင့် ပတ်သက်၍ လူမှုရေးဝန်ကြီးမှ ရှမ်းပြည်နယ်၊ မိုင်းယောင်းမြို့နယ်ပြည်သူ့ဆေးရုံတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး(၁)ဦး လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိပါသည်။ မိုင်းယောင်းဆေးရုံတွင် လက်ထောက်ဆရာဝန် (၁)ဦး ဦးစားပေး ခန့်ထားပေးပါရန် တွဲဘက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ကျိုင်းတုံ၏ (၂၂-၄-၂၀၁၁) ရက်စွဲပါစာအမှတ်၊ ၄၈၂/မ-၁(ဆက-အ)၂၀၁၁ဖြင့် ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီး ဖြစ်ပါသည်။ လက်ထောက်ဆရာဝန်(သစ်လွင်)များ ခန့်ထားခွင့် ရရှိပါက မိုင်းယောင်း မြို့နယ်ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန်(၁)ဦးအား ဦးစားပေးခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သွားဘက်ဆိုင်ရာဆရာဝန်(သစ်လွင်)များ ခန့်ထားခွင့်ရရှိပါက မိုင်းယောင်းမြို့နယ် ပြည်သူ့ဆေးရုံ နှင့် မိုင်းယုမြို့နယ်ခွဲဆေးရုံတို့တွင် သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦးစီကို ဦးစားပေးခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားအပ်ပါသည်။





ပစ္စည်းများကို နမူနာကောက်ယူ၍ နေပြည်တော်ရှိ အစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ပေးပို့ စစ်ဆေးနိုင် ပါသည်။ မူဆယ်မြို့နယ်တွင် စားသောက်ကုန်ပစ္စည်းများကိုစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီးနမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်(၁)မှရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦးမှ နမ့်ခမ်းမြို့နယ်၊ ရွှေလီမြစ်တစ်ဘက်ကမ်းရှိ ကျေးရွာများသည် မူလတန်း ပညာသင်ကျောင်းသာရှိကြသည့် အတွက်အလယ်တန်းပညာသင်ကျောင်း တက်ရောက်သင်ကြားကြမည့် ကျောင်းသူ/သားများသည် နမ့်ခမ်းမြို့သို့ လှေစီးပြီး လာရောက်ပညာ သင်ကြား ကြရသော အခက်အခဲများ ရှိနေသဖြင့် ရွှေလီမြစ် တစ်ဘက်ကမ်းရှိ ကျေးရွာများတွင် မူလတန်းပညာသင်ကျောင်းမှ အလယ်တန်းပညာသင်ကျောင်း အဆင့်သို့ တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်ဟူသောမေးခွန်းနှင့်ပတ်သက်၍ ရွှေလီမြစ် တစ်ဘက်ကမ်းတွင်ကျေးရွာအုပ်စု (၄)ခုရှိပြီး၊အမက(၈)ကျောင်း၊ မူလွန် (၁)ကျောင်းရှိပါသည်။ မန်ဆွမ်း၊နောင်ခမ်းကျေးရွာအုပ်စုများအတွက် မူလွန်မန်ဆွမ်းတွင် အလယ်တန်း ပညာသင်ကြားပေးလျက်ရှိပါသည်။ကွန်ဟိုင်း၊ဟတ်ဟင်အုပ်စုများအတွက် အမကကျေးခွန်အား မူလွန်အဆင့် တိုးမြှင့်ရရှိရေးကို တွဲဘက်ပြည်နယ်ပညာရေးမှူးရုံး ၊ လားရှိုး၏ (၂၈-၂-၂၀၁၁)ရက်စွဲပါ စာအမှတ်၊ စိတ်(၅)/၀၃၃၀/ မူလွန်(၁၁) ဖြင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊နေပြည်တော်သို့ တင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်းပြောကြား အပ်ပါတယ်။

ဆက်လက်ပြီးနမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်(၁)မှရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦးမှ နမ့်ခမ်းမြို့နယ်အတွင်းရှိ

ဆက်လက်ပြီး မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအင်မှ မိုင်းယောင်းမြို့နယ်တွင် မန္တလေးမြို့သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ အောင်မြင်ကျောင်းဆင်းလာသော ဒေသခံသွားဘက်ဆိုင်ရာ ဆရာဝန်သစ်လွင်(၂)ဦး ရှိနေပါသဖြင့် အဆိုပါ သွားဘက်ဆိုင်ရာ ဆရာဝန်သစ်လွင်(၂)ဦးအား မိုင်းယောင်းမြို့နယ်ပြည်သူ့ဆေးရုံနှင့် မိုင်းယုမြို့နယ်ခွဲ တိုက်နယ်ဆေးရုံတို့တွင် ခန့်အပ်တာဝန် ပေးအပ်ရန် ပြည်နယ်အစိုးရမှဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း ဟူသော မေးခွန်းနှင့်ပတ်သက်၍ မိုင်းယောင်းမြို့နယ်တွင် မန္တလေး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ကျောင်းဆင်းသော ဒေသခံ သွားဘက်ဆိုင်ရာဆရာဝန်(၂)ဦးရှိကြောင်း နှစ်ဦးစလုံးသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ဘွဲ့ယူမည်ဖြစ်ကြောင်း သိရှိရပါသည်၊ ၎င်းသွားဘက်ဆိုင်ရာ ဆရာဝန် (၂) ဦး အလုပ်ဝင်ရန် လျှောက်ထားလာပါက ဦးစားပေးခန့်ထားပေးမည် ဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။

ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်မှ လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာရှိ အလက(ခွဲ)ကျောင်းအား အလကကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပညာသင်ကြားခွင့်ပြုရေး ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ ဟူသော မေးခွန်းနှင့်ပတ်သက်၍ လူမှုရေးဝန်ကြီးမှ လင်းခေးမြို့နယ်နားကုန်းကျေးရွာရှိ အလက(ခွဲ)ကျောင်းအား အလက-ကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုရေး အတွက်သက်ဆိုင်ရာကျောင်း၊မြို့နယ်မှ ကျောင်းအဆင့်တိုးကို သတ်မှတ်ပုံစံဖြင့် အချက်အလက် မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်း၍ ပြည်နယ် ပညာရေးမှူးရုံးသို့ ပေးပို့တင်ပြ လျှောက်ထားရန်နှင့်





စပါးစိုက်ပျိုးရာ မိုးများပြီးရေကြီးလာပါက (၇၅)ရာခိုင်နှုန်းပျက်စီးရန် သာရှိပါ ကြောင်းဖြစ်နိုင်ပါက မြို့၏အနောက်ဖက် (သို့မဟုတ်) အရှေ့ဘက်ခြမ်းကုန်းမြေပေါ်တွင် ပြောင်းလဲဖောက်လုပ်မည်ဆိုပါက နိုင်ငံတော်အတွက်နှင့် တောင်သူများအတွက်ပါ နှစ်ဦး နှစ်ဘက် အကျိုးရှိမည်ဖြစ်ပါကြောင်း မည်သည့်အစီအစဉ် ဆက်လက်တည်ရှိနေသည်ကို သိလိုပါကြောင်း မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဌ။ ။ ဆက်လက်ပြီး မိုင်းယောင်းမြို့နယ် ၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းမြမြလွင် က မေးခွန်း(၂)ခုအား တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမြမြလွင်၊မိုင်းယောင်းမဲဆန္ဒနယ်(၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဌနှင့်လွှတ်တော် ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဒေါ်နန်းမြမြလွင်ဖြစ်ပါတယ်။ ကျွန်မမေးမြန်း လိုသည့်မေးခွန်းကတော့ မိုင်းယုမြို့နယ်ခွဲနှင့် ကျိုင်းယဲန်းကျေးရွာ အကြားတွင် နမ့်လွေချောင်းကူး တံတား တည်ဆောက်ပေးရန် အစီအမံရှိ/မရှိ သိရှိလိုပါကြောင်း။ မိုင်းယုမြို့နယ်ခွဲနှင့် ကျိုင်းယဲန်းကျေးရွာအကြားတွင် နမ့်လွေချောင်း တည်ရှိနေပါသဖြင့် ပြည်သူလူထုများ ကူးသန်း သွားလာ ဆက်သွယ်ရာတွင် စက်လှေနှင့်သာ ကူးသန်းသွားလာနေရပါသဖြင့် စက်လှေမရှိ လျှင် ကူးသန်းသွားလာရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရပါသည်။ အရေးကြီးလိုအပ်သော နာရေးကိစ္စများဖြစ်သည့် အရေးပေါ်

မီးဖွားခြင်း၊ ခွဲစိတ်ကုသခြင်းများပေါ်လာပါက ကူးသန်း သွားလာရန် ခရီးခက်ခဲကြန့်ကြာနေမှုကြောင့် သေဆုံးသွားရသည့်အဖြစ်မျိုး ကြုံတွေ့ရသည့် ဒုက္ခမှလွတ်ကင်းရန်အတွက်နှင့် နောင်တွင် နယ်စပ်ကုန်စည်ကူးသန်းသွားလာရန် ရည်ရွယ် လျက်ရှိပါသည်။

မိုင်းယောင်းမြို့နယ်နှင့်မိုင်းယုမြို့နယ်ခွဲတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အလတ်စား ရေအားလျှပ်စစ်မီးပြုလုပ်ပေးနိုင်ရန် အစီအမံ ရှိ / မရှိနှင့် အကယ်၍ မရှိပါက ပုဂ္ဂလိက လျှပ်စစ်မီး လုပ်ငန်း လုပ်ပိုင်ခွင့် ပေးနိုင်ခြင်း ရှိ / မရှိ သိရှိလိုပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မိုးနဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊မိုးနဲမဲဆန္ဒနယ်(၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးစိုင်းမောင်ကြီးဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုသည့် မေးခွန်းကတော့ သစ်တော သဘာဝအရင်းအမြစ် သယံဇာတများပေါ်ကြွယ်ဝ၍ ရှမ်းပြည်နယ်တောင်ပိုင်း၌ မဟာဗျူဟာ အရ အချက်အချာကျသော ဤကျိုင်းတောင်းဒေသမှ ရတနာ တန်းဝင် ရွှေပင်ရွှေကိုင်း (ကျွန်းသစ်လုံး)များကို ၁၉၈၉ ခုနှစ် နှစ်ဦးပိုင်းမှ စ၍ယခုအချိန်အထိ နမ့်စန် သစ်ဆိပ်၊ ကွန်ဟိန်းသစ်ဆိပ်၊ မိုင်းပန် သစ်ဆိပ်တို့မှတဆင့် နိုင်ငံခြားဝင်ငွေ သန်းပေါင်းမြောက်များစွာ ရရှိအောင် နိုင်ငံတော်မှ ထုတ်ယူဆောင်ရွက်လျက်ရှိပြီး ကျိုင်းတောင်း အမှတ်(၁) ရေအားလျှပ်စစ်ခေတ်အားပေးစက်ရုံမှလည်း





ပြည်နယ်ပညာရေးမှုးမှ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ စီစစ်ပြီး အမှတ်(၂)အခြေခံပညာဦးစီးဌာနသို့ တင်ပြဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်မေးမြန်းရန် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍာနှင့် စပ်လျဥ်းပြီး မေးခွန်းများ မေးမြန်းရန် ဖြစ်ပါတယ် ။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မိုးနဲမြို့နယ် ၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းစောလုံက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောလုံ၊မိုးနဲမဲဆန္ဒနယ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှဦးစိုင်းစောလုံဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့် မေးခွန်း ကတော့ မိုးနဲမြို့နယ်၊ လယ်စိုက်ခင်းအလယ်တွင် ဖြတ်ပြီး တည်ဆောက်ဆဲဖြစ်သော မိုးနဲ - ကျိုင်းတုံ ရထားလမ်းအား ဆက်လက်ဖောက်လုပ်ရန် အစီအစဉ် ရှိ / မရှိသိလိုပါကြောင်းနှင့် အကယ်၍အစီအစဉ်ရှိပါက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ရေအားမထိန်းနိုင်သည့်တာမံ ရေလွှဲပြွန်နေရာတွင် တံတား အစားထိုးရန် ရှိ/မရှိသိလိုပါကြောင်းနှင့် လိုအပ်သည့်နေရာတွင် တံတားခင်းခြင်း၊ ရေနုတ်မြောင်းများ ပြန်လည်ဖော်ထုတ်ခြင်းများ မပြုလုပ်ပါကလက်ရှိ ရထားလမ်း ခိုင်ခံမှုမရှိနိုင်သည့်အပြင် ရထားလမ်းပတ်ဝန်းကျင်တစ်လျှောက် လက်ကျန် မြေပေါ်တွင်

နှစ်စဉ်လျှပ်စစ်ဓာတ်အား(၅၄)မက်ဂါဝပ် နာရီ သန်းပေါင်း ထုတ်ယူလျက်ရှိသလို အမှတ်(၂)ရေအား လျှပ်စစ်ဓာတ်စက်ရုံသည်လည်း မကြာမီ စီမံကိန်းအပြီးသတ်အကောင်အထည်ဖော်နိုင်တော့မည် ဖြစ်ပါသည်။

အထက်ပါအချက်အလက်များအရ ကျိုင်းတောင်းဒေသ၏ နိုင်ငံတော်အပေါ် ပေးရန် ရှိသည့် တာဝန်များကောင်းစွာ ကျေပွန်ခဲ့ပြီး ဖြစ်သော်လည်း ၎င်းဒေသ၌ တည်ရှိသော နိုင်ငံတော်၏ နိုင်ငံတော်အဆင့် စီမံကိန်းကြီးများ၏ လုံခြုံရေးအတွက်သော်လည်းကောင်း၊ ဝေးလံခြင်းမရှိသော်လည်း သီခေါင်၍ လမ်းပန်းဆက်သွယ်ရေး အထူးခက်ခဲသည့် ဒေသဖြစ် နေခြင်းကြောင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရပ်ဘက်နယ်ဘက်ဝန်ထမ်းများနှင့် ဒေသခံပြည်သူများသည် စားဝတ်နေရေး၊ ခရီးလမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ကြုံတွေ့နေရပြီး အဖက်ဖက်မှ ဖွံ့ဖြိုးနောက်ကျလျက်ရှိရာ ကျိုင်းတောင်းမြို့တွင်းလမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းပေးရန်၊ သစ်လုံးတင် တန်ပိုမော်တော်ယာဉ်ကြီးများကြောင့် ဆိုးရွာစွာ ပျက်စီးသွားသည့် နမ့်စန် -ကွန်ဟိန်းလမ်းပိုင်းအားလည်းကောင်း၊ ကျိုင်းတောင်း-ခိုလမ် လမ်းပိုင်းအားလည်းကောင်း၊ ကျိုင်းတောင်း- နားခံလမ်းပိုင်းအားလည်းကောင်း၊ ကျိုင်းတောင်း-မိုင်းပန်လမ်းပိုင်းအားလည်းကောင်း၊ နမ့်စန်-မိုးနဲ-လင်းခေး-မိုင်းပန် မဟာဗျူဟာလမ်းမကြီး အားလည်းကောင်း လမ်းအူကြောင်း နံဘေးမှမြေကြီးနှင့် ကျောက်များဖြင့် ပြန်လည်ပြုပြင် ဖာထေးခြင်းမျိုးမဟုတ်ဘဲ စံချိန်စံညွှန်းများနှင့်အညီ ရာသီအချိန် မရွေးသွားလာနိုင်သော ကတ္တရာလမ်းအဆင့်အဖြစ်ပြန်လည် တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) လုပ်သားပြည်သူများကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် နှင့် ပြည်နယ်အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များအား လေးစားစွာဖြင့် မေးမြန်းအပ်ပါသည်။ ကျေးဇူး တင်ပါတယ်။





သီပေါလမ်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်အရှေ့ပိုင်းသို့ ဆက်သွယ်သော မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းနှင့် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းတို့အား လာမည့် ၂၀၁၂ -၂၀၁၃ ခုဘဏ္ဍာနှစ်နှင့် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် အဆင့်မြှင့်တင်တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ဆက်လက်ပြီး မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းပန်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းပန်၊မိုင်းကိုင်မဲဆန္ဒနယ်(၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးစိုင်းပန်ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ လမ်းပန်း ဆက်သွယ်ရေးကဏ္ဍတွင် ရှမ်းပြည်နယ်၏ အသက်သွေးကြောနှင့် ပြည်ထောင်စုလမ်းမကြီး အပါအဝင်တစ်ခုဖြစ်သည့် လွိုင်လင် -ပန်ကေတု-သီပေါလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော လဲချား-မိုင်းကိုင်-ပန်ကေတု-နမ့်လန်လမ်းသည် ထိန်းသိမ်းပြုပြင်ခြင်းမရှိသည်မှာ ကာလကြာ အပါအဝင်တစ်ခုဖြစ်သည့် လွိုင်လင် -ပန်ကေတု-သီပေါလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော လဲချား-မိုင်းကိုင်-ပန်ကေတု-နမ့်လန်လမ်းသည် ထိန်းသိမ်းပြုပြင်ခြင်း မရှိသည်မှာ ကာလ ကြာရှည်ခဲ့ပြီးဖြစ်ပါသည်။ လမ်း/တံတားများသည် ပျက်စီးယိုယွင်း၍ အသုံးမပြုနိုင်တော့လောက်အောင် အခြေအနေဆိုးဝါးနေပါသည်။ ထိုအချက်အလက်များကို ရှမ်းပြည်နယ်အစိုးရ သို့လည်း ဓာတ်ပုံအထောက်အထားများ

နှင့် တကွ တင်ပြထားပြီးဖြစ်ပါသည်။ ထိုလမ်းပန်း ဆက်သွယ်ရေး ညံ့ဖျင်းမှုကြောင့် ပြည်သူတို့သည် ကုန်စျေးနှုန်းကြီးမြင့်ခြင်း၊ လူနေမှုဘဝ နိမ့်ကျကာ ဆင်းရဲမွဲတေခြင်း၊ ခေတ်နောက်ကျ ကျန်နေခြင်းများရှိနေပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရ အနေဖြင့် လဲချား-မိုင်းကိုင်-ပန်ကေတု-သီပေါလမ်းအပိုင်းကို ပြုပြင် ဆောင်ရွက်ပေးရန်ရှိ / မရှိသိလိုပါသည်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် သက်ဆိုင်ရာ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်မှ မေးခွန်း တစ်ခုချင်း ဖြေကြားပေးဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစိုင်းနော်ခမ်း(ခ)တင်ထွန်းအောင် (လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး)။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးစိုင်းနော်ခမ်း(ခ)တင်ထွန်းအောင်ဖြစ်ပါတယ်။ယခု ကျွန်တော်တို့ လွှတ်တော် ရှမ်းပြည်နယ်လွှတ်တော် အတွင်းမှာ မေးမြန်းထားသည့် မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ဦးစောလုံ ၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဒေါ်နန်းမြမြလွင်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ဦးစိုင်းမောင်ကြီးတို့၏မေးခွန်း၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းလွင် ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ဦးစိုင်းပန်တို့၏ မေးခွန်းများကို တစ်ခုချင်း ဖြေကြားရှင်းလင်း သွားပါ မည်ခင်ဗျား မိုးနဲ-ကျိုင်းတုံရထားလမ်းအား





**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လင်းခေးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလွင်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊လင်းခေးမဲဆန္ဒနယ်(၂)။**
လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးစိုင်းလွင်ဖြစ်ပါတယ်။ ကျွန်တော်အနေနှင့် လမ်းပန်းဆက်သွယ်ရေး နှင့် ပတ်သက်သည့် မေးခွန်း(၁)ခုကို ထပ်မံပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး နှင့် စီးပွားရေး လူမှုရေးအထွေထွေကိစ္စရပ်များကို တိုးတက်အောင်မြင် အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ် အတွင်း လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ရေးသည် အဓိကကဏ္ဍ အဖြစ် ဦးစားပေး ဆောင်ရွက်ပေးမဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ရှမ်းပြည်နယ်တွင်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊မြောက်ပိုင်း၊အရှေ့ပိုင်း မြို့နယ်များ/ခရိုင်၊မြို့နယ်များတွင် လမ်းပန်းဆက်သွယ်မှုအဆင့် တူညီစွာ ဆောင်ရွက်ပေးရန် လည်းလိုအပ်နေပါသည်။ နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေများဖြင့် ပြုပြင်ဆောင်ရွက် နေပါသော်လည်း၊ လမ်းပန်းဆက်သွယ်သွားလာမှု ကောင်းမွန်ခြင်း မရှိသေးပါ။ ပြည်နယ်အတွင်း ဒေသများသည်တစ်ခုနှင့် တစ်ခု သွားလာမှု လုံခြုံချောမွေ့ပါက ရှမ်းပြည်နယ်၏ အုပ်ချုပ်ရေးသာမက ပြည်နယ်၏ စီးပွားရေးတိုးတက်မှုနှင့်ဒေသခံတိုင်းရင်းသားများ၏ အထွေထွေလူမှုဘဝတိုးတက်မှုကိုအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးအရအနေဖြင့် ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းဆက်သွယ်သော လွိုင်လင်-ပန်ကေတု-

၂၀၀၉ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပါသည်။မြေကျင်း (၇၄၀၅၂၄)ကျင်း တာဘောင်ဖို့ပေးခြင်း ၊ တံတား (၄၃)စင်း ဆောက်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးဖြစ်ပါသည် ၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ရန်ပုံငွေအခြေအနေအရ စီမံကိန်းခေတ္တရပ်ဆိုင်းခဲ့ပါသည် ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးရန်ပုံငွေ ရရှိရေးအဆိုပြုတင်ပြထားရာစီမံကိန်း လုပ်ငန်းကိုထည့်သွင်း လျာထားပြီးဖြစ်ပါသည် ၊ မိုးနဲမြို့နယ်အတွင်းလယ်ကွင်း များကိုဖြတ်၍ဖောက်လုပ်ထားသည့် တာဘောင်ရေကျော်မှု ဖြစ်ခဲ့သဖြင့် (၂)နေရာတွင် ရေထွက်ပေါက်များ ဖောက်လုပ်ပေးထားပြီးဖြစ်ပါသည် ၊ ၂၀၁၂-၂၀၁၃အဆိုပြု ရန်ပုံငွေများရရှိပါက အဆိုပါနေရာများတွင် တံတားတည်ဆောက်ပေးမည်ဖြစ်ပါသည်။ ကျိုင်းတုံဘက်အခြမ်းတွင် ကျိုင်းတုံမှ ဝမ်ကောင်းအထိ (၅)မိုင်ကို လမ်းဖောက် လုပ်ပြီးစီး၍ လမ်းပိုင်းဖွင့်လှစ်ပေးပြီးဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်(၂)မှရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြမြလွင်မှ မိုင်းဖြတ်လမ်းခွဲမှ မိုင်းယောင်း၊ မိုင်းယုမြို့နယ်ခွဲအထိ ကတ္တရာ လမ်းခင်း ပေးရန် အစီအမံ ရှိ/မရှိ သိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ မိုင်းဖြတ်-မိုင်းယောင်းလမ်းမိုင် (၀/၀ မှ ၄၅/၂ = ၄၅ မိုင် ၂ဖာလုံ)သည်ပြည်ထောင်စုလမ်းမကြီးဖြစ်ပါသည်။ကတ္တရာလမ်း (၄/၁)မိုင် ၊ ကျောက်လမ်း (၂၉/၆) မိုင် ၊ အမာခံလမ်း (၁၁/၃)မိုင်ဖြစ်ပါသည်။၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မိုင် (၀/၀ မှ ၅/၀)ထိ ၅မိုင် ၊ မိုင် (၄၂/၂ မှ ၄၃/၂)အထိ (၁)မိုင်အား ကတ္တရာလမ်းခင်းခြင်း ၊ မိုင် (၁၀/၀ မှ ၂၉/၀)ကြားရှိ အတက်အဆင်း မတ်စောက်သောနေရာ အတွင်း (၁)မိုင် စုစုပေါင်း(၇)မိုင်အား ကတ္တရာခင်းရန်အဆိုပြု တင်ပြထားပြီးဖြစ်ပါသည်။





ဆက်လက်ပြီးမိုးနဲမြို့နယ်မဲဆန္ဒနယ်(၂)မှရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးမှ ကျိုင်းတောင်းမြို့တွင်း လမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ခင်းကျင်းပေးရန်နှင့် သစ်လုံးတင်တန်ပိုမော်တော်ယာဉ်ကြီးများကြောင့် ဆိုးရွားစွာပျက်စီးသွားသည့် နမ့်စန်-ကွန်ဟိန်း လမ်းပိုင်းအားလည်းကောင်း၊ ကျိုင်းတောင်း-ခိုလမ် လမ်းပိုင်းအား လည်းကောင်း၊ ကျိုင်းတောင်း -နားခံ လမ်းပိုင်းအားလည်းကောင်း၊ကျိုင်းတောင်း - မိုင်းပန် လမ်းပိုင်းအားလည်းကောင်း၊ နမ့်စန်-မိုးနဲ-လင်းခေး-မိုင်းပန် မဟာဗျူဟာ လမ်းမကြီးအား လည်းကောင်း၊ လမ်းအူကြောင်းနံဘေးမှ မြေကြီးနှင့် ကျောက်များဖြင့်ပြန်လည် ပြုပြင် ဖာထေးခြင်း မျိုးမဟုတ်ဘဲ စံချိန်စံညွှန်းများနှင့် အညီရာသီအချိန်မရွေး သွားလာနိုင်သော ကတ္တရာလမ်း အဆင့်အဖြစ်ပြန်လည် တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ၍ မေးခွန်းအားဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လွိုင်လင်ခရိုင်အတွင်းသစ်လုံးတင်တန်ပို မော်တော်ယာဉ်ကြီးများကြောင့်နမ့်စန်-ကွန်ဟိန်းအပိုင်း လမ်းပျက်စီးမှုအား နမ့်စန်မိုင် (၁၈၉/၀)မှ ခိုလန်မြို့နယ်ခွဲအဆုံး မိုင် (၂၃၃/၀)ထိ (၄၄)မိုင်အား BOT စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက် နိုင်ရေးအတွက် ကုမ္ပဏီ (၂)ခုဖြင့် ညှိနှိုင်းဆောင်ရွက်လျှက်ရှိပါသည်။မိုင် (၂၃၃/၀)မှ တာကော်တံတား အထိ (၅၀ မိုင် ၄ ဖာလုံ)အား နိုင်ငံသားပိုင် ကုမ္ပဏီများနှင့် BOT စနစ်ဖြင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားပါမည်။

နမ့်စန်မြို့မှ ကွန်ဟိန်းမြို့နယ်အဆုံး မိုင်(၂၆၂/၆)အထိ ယခုနှစ်ပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေ(၆၃၁. ၇၆၅)သန်း ဖြင့်လမ်းကြမ်းသောအပိုင်းအား ကတ္တရာလမ်းအနိမ့်အမြင့်ညှိ၍ ရေပိတ်လွှာခင်းခြင်း

(၁၅)မိုင်၊ ကတ္တရာလမ်းပေါ် ဖာထေးခြင်း (၄၂)မိုင်၊ သစ်သားတံတား ပြင်ဆင်ခြင်း(၉)စင်းနှင့် အထွေထွေ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

လှိုင်လင်ခရိုင်အတွင်း သစ်လုံးတင်တန်ပိုမော်တော်ယာဉ်ကြီးများ ကြောင့်နမ့်စန်-ကွန်ဟိန်းအပိုင်း လမ်းပျက်စီးမှုအား နမ့်စန်မိုင် (၁၈၉/၀)မှ ခိုလန်မြို့နယ်ခွဲအဆုံး မိုင် (၂၃၃/၀)ထိ (၄၄)မိုင်အား BOT စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက် နိုင်ရေးအတွက် ကုမ္ပဏီ (၂)ခုဖြင့် ညှိနှိုင်းဆောင်ရွက်လျှက်ရှိပါသည်။မိုင် (၂၃၃/၀)မှ တာကော်တံတားအထိ (၅၀ မိုင် ၄ ဖာလုံ)အား နိုင်ငံသားပိုင် ကုမ္ပဏီများနှင့် BOT စနစ်ဖြင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက် ညှိနှိုင်းဆောင်ရွက်သွားပါမည်။

နမ့်စန်မြို့မှ ကွန်ဟိန်းမြို့နယ်အဆုံး မိုင် (၂၆၂/၆)အထိ ယခုနှစ်ပြင်ဆင် ထိန်းသိမ်းခြင်း ရန်ပုံငွေ (၆၃၁. ၇၆၅)သန်းဖြင့် လမ်းကြမ်းသောအပိုင်းအား ကတ္တရာလမ်းအနိမ့်အမြင့်ညှိ၍ ရေပိတ်လွှာခင်းခြင်း(၁၅)မိုင် ၊ ကတ္တရာလမ်းပေါ် ဖာထေးခြင်း (၄၂)မိုင် ၊ သစ်သားတံတား ပြင်ဆင်ခြင်း (၉)စင်းနှင့် အထွေထွေ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

လမ်းအဆင့်မြှင့်တင်ရေးနှင့်ပြုပြင်ခြင်းလုပ်ငန်းများအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် အဆိုပြုတင်ပြငွေကျပ် (၁၇၃၃)သန်းဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၁၂)မိုင် ၊ ကျောက်တောင်မိုင်းခွဲလမ်းချဲ့ခြင်း (၁၉၅၀၀)ကျင်း ၊ အမြဲတမ်းသံကူကွန်ကရစ်တံတား (၁၂)စင်း ၊ ကျောက်စီ ရေမြောင်း တည်ဆောက်ခြင်း(၁၀၀၀)ပေ၊ သံကူကွန်ကရစ်ရေထုတ်ပြွန်(၁၆)လုံး





မိုင်းယောင်း-မိုင်းယုလမ်း မိုင် (၀/၀-၁၈/၀ = ၁၈/၀ မိုင်) သည် ပြည်ထောင်စုလမ်းဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မိုင် (၀/၀-၃/၀)အတွင်း (၄)မိုင်အားကတ္တရာခင်းရန် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်နှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မိုင်းယုမြို့နယ်ခွဲနှင့် ကျိုင်းယဲန်းကျေးရွာအကြားတွင် နမ့်လွေ ချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအမံ ရှိ/မရှိ နှင့်ပတ်သက်၍ မိုင်းယုမြို့နယ်ခွဲနှင့် ကျိုင်းယဲန်း ကျေးရွာအကြားတွင် နမ့်လွေချောင်းကူးတံတားတည် ဆောက်ပေးရန် အစီအမံ ရှိ/မရှိနှင့် ပတ်သက်၍ မိုင်းယောင်း-မိုင်းယုလမ်းမှာ ပြည်သူ့ ဆောက်လုပ်ရေး လမ်းဖြစ်ပြီး မိုင် (၀/၀ မှ ၁၈/၀)အထိ ၁၈/၀ မိုင် ရှိပါသည်။ မိုင်းယောင်းမြို့မှစတင်ပြီး မိုင်းယုမြို့ နမ့်လွေချောင်းကမ်းဇက်ဆိပ်ထိ ဖြစ်ပါသည်။နမ့်လွေချောင်း တစ်ဖက်ကမ်းရှိ ကျိုင်းယဲန်း-ဗုတ်ဆုပ်-မိုင်းကောလမ်းအား အထူးဒေသအဖွဲ့(၄)မှ ဖောက်လုပ်ဆောင်ရွက်ခဲ့ ပါသည်။နမ့်လွေချောင်း၏ မြစ်ရေပြင်အကျယ်မှာ (၅၀၀)ပေ ရှိပါသည်။ယခုအချိန်အခါတွင် မိုင်းယောင်း-မိုင်းယုလမ်း ၊ မိုင်းယုဇက်ဆိပ်မှ ကျိုင်းယဲန်းရွာသို့ စက်လှေများ၊ မော်တော်များဖြင့် ကူးသန်း သွားလာမှု ထိုက်သင့် အားလျော်စွာ အဆင်ပြေလျက် ရှိပါသည်။ ရေရှည်တွင် လမ်းပန်းဆက်သွယ်မှုချောမွေ့ စေရေးအတွက် နမ့်လွေချောင်းကူးတံတား တည်ဆောက်ပေးနိုင် ပါရန် အစီအမံများ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပြီး ရရှိရန်ပုံငွေပေါ် မူတည်၍ လုပ်ငန်းများ ဆောင်ရွက် မည်ဖြစ်ပါသည်။

ခိုလန်-ကျိုင်းတောင်းလမ်း၊ ကျိုင်းတောင်း-မိုးနဲလမ်းနှင့် ကျိုင်းတောင်း-မိုင်းပန်လမ်း (၃)လမ်းသည် ယခုလက်ရှိ အခြေအနေမှ ထုံးဖြူးခင်းထားသောလမ်းဖြစ်ပါသည်။ ဖော်ပြပါလမ်းများအား ယခုဘဏ္ဍာရေးနှစ်၌ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့် တည်ဆောက်ရန် အစီအစဉ်မရှိပါ။ ကျိုင်းတောင်းမြို့တွင်းလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရန်လာမည့် ဘဏ္ဍာရေးနှစ်များတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။ ၄င်းလမ်း(၃)လမ်းအား ၂၀၁၁-၂၀၁၂ဘဏ္ဍာရေး နှစ်တွင် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် (၄၈. ၇၂၅)သန်းဖြင့် မူလထုံး၊ ဖြူးလမ်းအား ထပ်ပိုးလွှာခင်းခြင်း၊ လမ်းမျက်နှာပြင်နိမ့်ကျွံပျက်စီးနေသောအပိုင်းအား သဲ၊ ဖြူးခင်းခြင်း(၅၇၆၀၉၈/ပေ)၊ သစ်သားတံတားပြုပြင်ခြင်းနှင့် အထွေထွေပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း၊ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ငွေကျပ် (၁၂၀)သန်း အဆိုပြုတင်ပြ ထားပြီး ရရှိရန်ပုံငွေပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက် သွားမည်ဖြစ်ပါသည်။

နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်း မိုင်(၀/၀-၁၁၆/၀) အထိ သည် ပြည်ထောင်စု လမ်းမကြီးဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ (၅၃၀. ၅၃၂)သန်းဖြင့် ကတ္တရာလမ်းပေါက်ဖာထေးခြင်း၊(၂၀)မိုင်(၁)ဖာလုံ မြေညှိစက်ဖြင့် လမ်းပုခုံးသား မြေညှိခြင်း၊ (၃၉)မိုင်(၄)ဖာလုံ ကတ္တရာမျက်နှာပြင် ရေပိတ်လွှာလောင်းခြင်း၊ လမ်းပုခုံးသား မြေညှိခြင်း၊ (၃၉)မိုင်(၄)ဖာလုံ





နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း လမ်းအဆင့်မြှင့်တင်ရေးနှင့်ပြုပြင်ရေး လုပ်ငန်းများဖြင့်သာ ကတ္တရာအဆင့်တိုးခြင်း ၊ သစ်သားတံတားများနှင့်ရေပြွန်များအား သံကူကွန်ကရစ်ခင်းတံတားအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် လမ်းချဲ့ခြင်းလုပ်ငန်းများအား ဆက်လက် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

ဆက်လက်၍လင်းခေးမြို့နယ်မဲဆန္ဒနယ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်မှ ရှမ်းပြည်နယ်အတွင်း ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းသို့ သွားလာရာ လမ်းမကြီးများ၏ ခရိုင်ချင်းဆက် လမ်းမကြီးများပေါ်ရှိ လိုအပ်သည့် လမ်းပိုင်းများအား အဆင့်မြှင့်တင် တိုးတက်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ပေးရန် ပြည်နယ်အစိုးရ အနေဖြင့် လာမည့် ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာနှစ်နှင့် နောင်လာမည့် ဘဏ္ဍာနှစ်များတွင် အဆိုပြုတင်ပြသွားမည့် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)သို့ သွားလာရာ လမ်းမကြီးများသည် ပြည်ထောင်စု လမ်းမကြီးများဖြစ်ပါသည်။ လိုအပ်သောလမ်း အပိုင်းများ အဆင့်မြှင့်တင်တိုးတက်ပြုပြင်ခြင်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် -

၁။ မိတ္ထီလာ-တောင်ကြီး-ကိုင်းတုံ-တာချီလိတ်လမ်း
ကျပ် (၁၉၆၀. ၂၉၀)သန်း
၂။ လွိုင်လင်-ပန်ကေတု-သီပေါလမ်း
ကျပ် (၁၃၀၇) သန်း
၃။ လဲချား-မိုင်းနောင်-မိုင်းရှူးလမ်း
ကျပ် (၈၂၃) သန်း
၄။ လားရှိုး - မယ်ဟန် - မိုင်းရယ် - ကျေးသီးလမ်း အတွက်
ကျပ် (၈၃)သန်း
၅။ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်း
ကျပ် (၂၂၇၃. ၆၂၅)သန်း အဆိုပြုတင်ပြ ထားရှိပြီး ရရှိရန်ပုံငွေပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။
၃။ လဲချား-မိုင်းနောင်-မိုင်းရှူးလမ်း
ကျပ် (၈၂၃) သန်း
၄။ လားရှိုး - မယ်ဟန် - မိုင်းရယ် - ကျေးသီးလမ်း အတွက်
ကျပ် (၈၃)သန်း
၅။ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်း
ကျပ် (၂၂၇၃. ၆၂၅)သန်း အဆိုပြုတင်ပြထားရှိပြီး ရရှိရန်ပုံငွေပေါ်မူတည်၍လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး လဲချား - မိုင်းကိုင်- လွိုင်လင်-ပန်ကေတု-သီပေါလမ်းနှင့်ပတ်သက်၍ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်မှ လမ်းပန်း ဆက်သွယ်ရေးကဏ္ဍတွင် ရှမ်းပြည်နယ်၏ အသက်သွေးကြောနှင့်





ကတ္တရာမျက်နှာပြင်ရေပိတ်လွှာလောင်းခြင်း၊ (၇)မိုင်(၃)ဖာလုံ ကတ္တရာထပ်ပိုးလွှာတင်ခြင်း၊ (၁)မိုင်(၂)ဖာလုံမြေလမ်းအပိုင်းအား အမာခံ လမ်းခင်းခြင်း၊ (၆)ဖာလုံ အတက် အဆင်းကြမ်းသော လမ်းပိုင်းအား ကတ္တရာခင်းခြင်း(၁)မိုင်၊ (၅ပေ×၃ပေ)သံကူကွန်ကရစ် ခင်းခြင်း၊ ကွန်ကရစ်ရေပြွန် တည်ဆောက်ခြင်း(၂)စင်း၊ ဆွေးမြေ့နေသော သစ်သားတံတားများ ပြုပြင်ခြင်း(၇)စင်း၊ မိုးဒဏ်ကြောင့် တောင်ပြိုမြေ များအား ( Excavator )ဖြင့် ရှင်းလင်းဖယ်ရှားခြင်း၊ (၇၈၇၅)ကျင်းနှင့် အထွေထွေသာမန် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လမ်းအဆင့်မြှင့်တင်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် အဆိုပြုတင်ပြရန်ပုံငွေကျပ် (၂၂၇၃. ၆၂၅)သန်းဖြင့် ကတ္တရာလမ်း သစ်ခင်းခြင်း (၇မိုင် ၁ဖာလုံ)၊ ကတ္တရာ ထပ်ပိုးလွှာ ခင်းခြင်း (၁၂မိုင်) ၊ ကျောက်ချောလမ်းခင်းခြင်း (၁၁မိုင် ၃ဖာလုံ)ကျောက်တောင်လမ်း ကျဉ်းနေရာများ မိုင်းခွဲလမ်းချဲ့ခြင်း ၊ ရေမြောင်းတူးခြင်း (၄၁၅၀)ကျင်း ၊ မြေသားတာဘောင်မြှင့်၍ ကျောက်ချောလမ်းခင်းခြင်း (၁)မိုင် ကျောက်စီမြေထိန်း နံရံများပြုလုပ်ခြင်း (၇၃၀)ပေ (၅'×၃၀')သံကူ ကွန်ကရစ်ရေထုတ် ပြွန်တည်ဆောက်ခြင်း (၂၀)စင်း၊ (၆၀')ရှည် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း (၁)စင်းနှင့် သစ်သား တံတားများအား သံကူ ကွန်ကရစ် တံတားအဖြစ် တည်ဆောက်ခြင်း (၆)စင်းစသည့်လုပ်ငန်းများ ဆောင်ရွက်ရန် တင်ပြထားပါသည်။

ပြည်ထောင်စုလမ်းမကြီး အပါအဝင်တစ်ခုဖြစ်သည့် လွိုင်လင်-ပန်ကေတု-သီပေါ လမ်း၏အစိပ်အပိုင်း တစ်ခုဖြစ်သော လဲချား-မိုင်းကိုင်-ပန်ကေတု-နမ့်လန်လမ်းသည်ထိမ်းသိမ်းပြုပြင်ခြင်း မရှိသည်မှာ ကာလကြာရှည်ခဲ့ပြီ ဖြစ်ပါသည်။ လမ်း/တံတား များသည် ပျက်စီးယိုယွင်း၍ အသုံးမပြုနိုင်လောက်အောင် အခြေအနေဆိုးဝါးနေပါသည်။ ထိုလမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းမှုကြောင့် ပြည်သူတို့သည် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ လူနေမှုဘဝနိမ့်ကျကာ ဆင်းရဲမွဲတေခြင်း၊ ခေတ်နောက်ကျ ကျန်နေခြင်း များ ရှိနေပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ် အစိုးရ အနေဖြင့် လဲချား-မိုင်းကိုင်-ပန်ကေတု-သီပေါလမ်းအပိုင်းကို ပြုပြင်ဆောင်ရွက်ပေးရန် ရှိ/မရှိ သိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ လွိုင်လင်-ပန်ကေတု-သီပေါလမ်းသည် ပြည်ထောင်စုလမ်းမကြီး ဖြစ်ပါ သည်။၎င်းလမ်း၏(လဲချား-မိုင်းကိုင်-ပန်ကေတု-နမ့်လန်လမ်း)အပိုင်းသည်(၇မိုင် ၂ဖာလုံ)ရှိပြီး လမ်းအမျိုးအစားမှာ ကတ္တရာလမ်းဖြစ်ပါသည်။၂၀၁၁-၂၀၁၂ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် (၂၈၄. ၉)သန်းဖြင့် လမ်းအနိမ့်အမြင့်ညှိရေပိတ်လွှာခင်းခြင်း (၄)မိုင် ၊ လမ်းပေါက်ဖာရေပိတ်လွှာခင်းခြင်း(၃)မိုင်၊ လမ်းပေါက်ဖာထေးခြင်း(၈)မိုင်၊ တံတား(၁၃)စင်းတို့အား အထွေထွေပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။လမ်းအဆင့်မြှင့်တင်ရေးနှင့် ပြုပြင်ခြင်း လုပ်ငန်းများ အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် အဆိုပြုတင်ပြငွေ (၁၃၀၇)သန်းဖြင့် ကတ္တရာထပ်ပိုးလွှာတင်ခြင်း(၂၂)မိုင် ၊ ကွန်ကရစ်တံတားသစ် ဆောက်လုပ်ခြင်း (၈)စင်း ၊(၅'×၁၀')ကျောက်စီ ကမ်းကပ်ခုံနှင့် သံကူကွန်ကရစ် (Slab-Culvert) (၁၁)စင်း ၊ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လျာထားပြီး ရန်ပုံငွေပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည် အားလုံးကို ကျေးဇူးတင်ပါတယ်။





ရှိပါသည်။ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရန် လျှပ်စစ်မီးသည်မရှိမဖြစ် လိုအပ်သော်အရာဖြစ်ပါသည်။ မီဒီယာသတင်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အီလက်ထရောနစ်နည်းပညာများခေတ်နှင့် အညီ ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် အိမ်တိုင်းတွင် နေ့ည မပြတ် လျှပ်စစ်မီးရှိရန် မိုင်းယောင်း မြို့နယ်နှင့် မိုင်းယု မြို့နယ်ခွဲတွင် ရှမ်းပြည်နယ်အစိုးရမှ အလတ်စား ရေအားလျှပ်စစ်မီး ပြုလုပ်ပေးနိုင်ရန် အစီအမံရှိ/မရှိ သိလိုပါကြောင်းနှင့် အကယ်၍မရှိပါက ပုဂ္ဂလိက လျှပ်စစ်မီးလုပ်ငန်း လုပ်ပိုင်ခွင့်ပေးနိုင်ခြင်းရှိ /မရှိ သိရှိလိုပါတယ် ရှင်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းတင်ဦးက မေးခွန်း(၂)ခုအား တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊နမ့်ခမ်းမဲဆန္ဒနယ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းတင်ဦးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းက (၂)ခုဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ရွှေလီရေအားလျှပ်စစ်နှင့် ကပ်လျက်ရှိသောအိပ်ိစီစက်ရုံ လျှပ်စစ်မီး ရရှိနိုင်ရေး အတွက် ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိသိရှိလိုပါသည်။

ဒုတိယမေးခွန်းဖြစ်တဲ့လျှပ်စစ်မီတာ၌ ရိုးရိုးမီတာနှင့်လုပ်ငန်းသုံး မီတာ သတ်မှတ်ချက်ကို တစ်ချို့သော ပြည်သူများသည် ခွဲခြားနိုင်မှု မရှိသေးသည်ကိုတွေ့ရပါသည် ရိုးရိုးမီတာနှင့် လုပ်ငန်းသုံးမီတာ၏ အသုံးပြုသုံးစွဲပုံ သတ်မှတ်ချက်နှင့်ဈေးနှုန်းသတ်မှတ်ချက်တို့ကို ရှင်းလင်း ပေးစေလိုပါသည်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊လင်းခေးမဲဆန္ဒနယ်(၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးစိုင်းလွင်ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ လွိုင်လင် ခရိုင်အတွင်းရှိ မိုင်းရှူးနှင့်ကျေးသီး မြို့နယ်များတွင် နိုင်ငံတော်ဓာတ်အားပေးစနစ် မဟာ ဓာတ်အားလိုင်းမှ ဓာတ်အားကို ဆက်သွယ်သုံးစွဲခွင့်မရရှိသေးပါဘူး။ ယင်းမြို့နယ်များမှာ ကျိုင်းတောင်းရေအားလျှပ်စစ်မှ ထုတ်လုပ်ဖြန့်ဖြူးပေးသည့် ဓာတ်အားလိုင်းနှင့်ကွာဝေးမှု မရှိပါ သဖြင့် ကျန်ရှိသော မိုင်းရှူး၊ကျေးသီးမြို့နယ်များသို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး တင်ပြ ဆောင်ရွက်မည့် အစီအစဉ်ရှိ/မရှိသိရှိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန်တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းပန်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းပန်၊ မိုင်းကိုင်မဲဆန္ဒနယ်(၁)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှဦးစိုင်းပန်ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ နိုင်ငံတော်အစိုးရသည် ကျိုင်းတောင်းရေအား





**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား - လျှပ်စစ်/စက်မှု လက်မှုကဏ္ဍနှင့် စပ်လျဉ်းပြီး မေးခွန်းများ ဆက်လက်မေးမြန်းရန် ဖြစ်ပါတယ်။

မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမိုးကြည်၊မိုင်းပန်မဲဆန္ဒနယ်(၁)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးစိုင်းမိုးကြည်ဖြစ်ပါတယ်။ မဟာဓါတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေး ကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်းအဖြစ် ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက် ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါ ကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည့်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမှူး ကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန် ရှိနေပါကြောင်း သိလိုပါတယ်။

**ဒေါ်နန်းမြမြလွင်၊ မိုင်းယောင်းမဲဆန္ဒနယ်(၁)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော် ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှဒေါ်နန်းမြမြလွင်ဖြစ်ပါတယ်။ မိုင်းယောင်းမြို့တွင် အိမ်ခြေပေါင်း (၄၅၃၀) နှင့် မိုင်းယုမြို့နယ်ခွဲတွင် အိမ်ခြေ(၇၆၈၈)

(၁) ရှမ်းပြည်နယ် မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့ အား လက်ရှိအခြေအနေတွင်အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ (၂၀၀)ကေဗွီအေ ဒေဝူးအမျိုးအစား ဒီဇယ်ဓာတ်အားပေးစက်(၁)လုံးနှင့် (၁၅၀) ကေဗွီအေကမ်းမင်း အမျိုးအစား ဒီဇယ်ဓာတ်အား ပေးစက်(၁)လုံးတို့ဖြင့် လစဉ် ဒီဇယ်ဆီ(၁၆၈၀) ဂါလံအသုံးပြု၍မီးသုံးသူ(၄၂၃)ဦးသို့ တစ်ရက် (၃)နာရီ ဓာတ်အားဖြန့်ဖြူး ပေးလျက် ရှိပါသည်။ ထို့အတူ မိုင်းယုမြို့နယ်ခွဲတွင်လည်း(၃၆)ကေဗွီအေ အီဇူဇူးဒီဇယ်ဓာတ်အားပေးစက်(၁)လုံးဖြင့် လစဉ်ဒီဇယ်ဆီ(၂၉၀) ဂါလံအသုံးပြု၍ မီးသုံးသူ (၁၀၀)ဦးသို့ တစ်ရက်လျှင်(၃)နာရီ ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါသည်။

(၂) အလတ်စား ရေအားလျှပ်စစ်ဓာတ်အားပေးစက် စက်ရုံများ တည်ဆောက်၍ဓာတ်အားပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါ။ နောင်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွင် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ဓာတ်အား ပေးနိုင်ရန် နိုင်ငံတော်မှစီစဉ်ဆောင်ရွက်လျက်ရှိ ပါသည်။





လျှပ်စစ်စီမံကိန်းမှ လွိုင်လင် - မိုင်းကိုင် 66KVA မဟာ ဓာတ်အားလိုင်း တစ်ခုကို စီမံဆောင်ရွက်နေသည်မှာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် မြို့မီးလင်းရေးကော်မတီဆိုသည့်အဖွဲ့မှ ကိုယ်ထူကိုယ်ထလုပ်ဆောင်ရမည်ဆို သဖြင့် မိုင်းကိုင်မြို့နယ် ပြည်သူလူထုများထံ တစ်အိမ်ထောင်လျှင် ကျပ်ငွေတစ်သိန်းခန့် ကောက်ခံ၍ မြို့တွင်းမီးတိုင်များ စိုက်ထူထားပါသဖြင့် နိုင်ငံတော်၏ လျှပ်စစ်မီးရရှိရေး စီမံကိန်းသည် မြို့တွင်းမီးတိုင်စိုက်ထူမှုပါမပါနှင့် ၎င်းအဖွဲ့သည် နိုင်ငံတော်အစိုးရထံမှ သီးခြား လုပ်ပိုင်ခွင့်ရရှိသည့် အဖွဲ့ဟုတ် မဟုတ်သိရှိလိုပါသည်။ သို့သော်ယခုတွင် ၎င်းစီမံကိန်းကို ရပ်တန့်ထားသည်မှာ နှစ်ဝက်ခန့်ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် မိုင်းကိုင်မြို့နယ် လျှပ်စစ်မီးရရှိရေးစီမံကိန်းကို မည်သည့်အချိန်တွင် ပြန်လည်အကောင်အထည်ဖော်ရန်ရှိသည်ကို သိလိုပါသည်။

**ဥက္ကဋ္ဌ။** ။သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်မှ မေးခွန်း တစ်ခုချင်း ဖြေကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းရင်(လျှပ်စစ်၊စက်မှုဝန်ကြီး)။**

လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ် တော်ကိုယ်စားလှယ်များခင်ဗျား မင်္ဂလာပါလို့နှုတ်ခွန်း ဆက်သ ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းသောင်း မေတ္တာပို့သအပ်ပါတယ်။

(၃) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများအား ဒေသအာဏာပိုင်တို့၏ ခွင့်ပြုထောက်ခံချက်ရရှိပြီး ပြည်သူလူထု၏ ခိုင်ခိုင်မာမာဖွဲ့စည်းထားသော ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကော်မတီဖွဲ့စည်း၍ လုပ်ဆောင်မည်ဆိုပါက ဝန်ကြီးဌာနအနေဖြင့် မူဘောင်သတ်မှတ်ချက်များဖြင့် ကိုက်ညီသော မီးလင်းရေးကော်မတီများအား ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပြီး လိုအပ်သော နည်းပညာပိုင်းများကိုလည်းကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦးမှ နမ့်ခမ်းမြို့နယ်အတွင်းရှိ ကျေးရွာများကို အစိုးရလျှပ်စစ်မီး ရရှိနိုင်ရေး အတွက်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ သိရှိလိုပါတယ် အမေးဖြစ်ပါတယ်။

(၁) ရှမ်းပြည်နယ်၊ မူဆယ်ခရိုင် နမ့်ခမ်းမြို့သို့ ရွှေလီ(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၆၆ ကေဗွီလိုင်း ၂၀. ၅ မိုင်ဖြင့် ဓာတ်အားရယူပါသည်။ နမ့်ခမ်းမြို့နယ်၊ ကွမ်းလုံကျေးရွာ တွင် ၆၆/၁၁ ကေဗွီ ၂. ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ နမ့်ခမ်းမြို့နယ်သို့ ၁၁ ကေဗွီ ဖီဒါ ၂ ခုဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက် ရှိပါသည်။





မိုင်းပန်မြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်မှ မဟာဓာတ်အားလိုင်းမိမိရွာမှဖြတ်သွားသော်လည်း မီးမလင်းသေးသောကျေးရွာများကို ကျေးရွာမှ ရန်ပုံငွေ တစ်ဝက်နှင့် ပြည်နယ်အစိုးရမှ တစ်ဝက်ကျခံပြီး မီးပေးနိုင်သင့်ပါကြောင်း အမေးကိုကျွန်တော် ရှမ်းပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီးဦးစိုင်းထွန်းရင်က ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

မဟာဓာတ်အားလိုင်း မိမိရွာမှဖြတ်သွားသော်လည်း မီးမလင်းသေးသော ကျေးရွာများကို ကျေးရွာမှ ရံပုံငွေ တစ်ဝက်နှင့် ပြည်နယ်အစိုးရမှ တစ်ဝက်ကျခံပြီး မီးပေးရန်မှာ ပြည်နယ် အစိုးရ၏ ရံပုံငွေမရှိ၍ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါ။ မြန်မာ တစ်နိုင်ငံလုံးတွင် ကျေးရွာများ ဓာတ်အား ရရှိရေးအတွက် မီးလင်းရေးကော်မတီ ဖွဲ့စည်း၍ ကိုယ့်အားကိုယ်ကိုး ကုန်ကျစရိတ် ဖြင့် ဆောင်ရွက်လျက်ရှိပြီး ဌာနမှကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိပါတယ်ဆိုတဲ့ အကြောင်း ဖြေကြားအပ်ပါတယ်။

မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြမြလွင်မှ မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့နယ်ခွဲတွင် ရှမ်းပြည်နယ်အစိုးရမှ အလတ်စားရေအားလျှပ်စစ်မီး ပြုပြင်ပေးရန် အစီအမံရှိ/မရှိ သိရှိလိုကြောင်းနှင့် ပုဂ္ဂလိက လျှပ်စစ်မီး လုပ်ငန်း လုပ်ပိုင်ခွင့် ပေးခြင်း ရှိ/မရှိ ဆိုတဲ့အမေးကို ဖြေကြားသွားမှာဖြစ်ပါတယ်။

(၂) အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် မြို့နယ်/မြို့ပေါ်ရှိ ရပ်ကွက်များ ဓာတ်အားရရှိရေး ဆောင်ရွက်ခြင်း၊ ဓာတ်အားစနစ်တိုးတက်ကောင်းမွန်စေခြင်း(System Improvement) လုပ်ငန်းများဆောင်ရွက်ခြင်း တို့ကိုဌာန၏ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးသော်လည်း တစ်နိုင်ငံလုံးရှိကျေးရွာ များ မီးလင်းရေးလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုး ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ကြရ ပါသည်။ ကျေးရွာမီးလင်းရေးလုပ်ငန်းအတွက် ကိုယ့်အားကိုယ်ကိုး ကုန်ကျစရိတ်ဖြင့် ထရန်စဖော်မာ နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း ၊ တိုင်၊ကြိုး၊ ကြွေသီး စသည်တို့ ဝယ်ယူခြင်းတို့ကို အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် ကိုက်ညီစေရန် ကြီးကြပ်ဆောင်ရွက်ပေးပါသည်။ မီးလင်းရေးအတွက် ဆောင်ရွက်လိုသောတည်ဆောက်ရေး လုပ်ငန်းများကို ဌာနမှကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦးမှ လျှပ်စစ်မီတာ၌ ရိုးရိုးမီတာနှင့် လုပ်ငန်းသုံးမီတာ၏ အသုံးပြုသုံးစွဲပုံ သတ်မှတ်ချက်နှင့် ဈေးနှုန်းသတ်မှတ်ချက်တို့ကို ရှင်းလင်းပေးစေလိုပါသည်။





(၄) လုပ်ငန်းသုံးမီတာဆိုသည်မှာ အလတ်စားလုပ်ငန်းဖြစ်သည့် ဆီစက်၊ ဆန်စက်၊ ပဲခွဲစက်၊ အမှုန့်ကြိတ်စက် ၊ ရေတင်လုပ်ငန်း ၊ မီးအသုံးများသည့် နေအိမ် အဆောက်အဦးစသည်တို့တွင် တပ်ဆင်သုံးစွဲခြင်းဖြစ်ပြီး ၃သွင် ၄ကြိုး ပါဝါမီတာကို တပ်ဆင်သုံးစွဲခွင့်ပြုပါသည်။သုံးစွဲခွင့်ကို ယခုအခါ ကီလိုဝပ်ဖြင့် ခွင့်ပြုပေးပြီး အနည်းဆုံး(၁၀)ကီလိုဝပ်မှ အများဆုံး(၃၀)ကီလိုဝပ်အထိ ခွင့်ပြု၍ဓာတ်အားခကို ၅၀/-နှုန်း ကောက်ခံပါသည်။

(၅) (၃၀)ကီလိုဝပ်ထက်ပိုမိုသုံးစွဲလိုသော လုပ်ငန်း(စက်ရုံ၊အလုပ်ရုံ၊ဟိုတယ်)တို့မှာ ကိုယ်ပိုင်ထရန်စဖော်မာတည်ဆောက်၍ ဓာတ်အား သုံးစွဲနိုင်ပြီး ထရန်စဖော်မာမိန်းမီတာ(စီတီမီတာ)တပ်ဆင်သုံးစွဲရပါသည်။ ဓာတ်အားခ ၅၀/-နှုန်း ကောက်ခံပါသည်။

လင်းခေးမြို့နယ်မဲဆန္ဒနယ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်မှ ရှမ်းပြည်နယ် လွိုင်လင်ခရိုင်အတွင်း လျှပ်စစ်မီးရရှိခြင်း မရှိသေးသော မိုင်းရှူးမြို့နယ် နှင့် ကျေးသီးမြို့နယ်များတွင် လျှပ်စစ်ဓါတ်အားဖြန့်ဝေပေးနိုင်ရန် စီစဉ်တင်ပြ ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ။

(၁) ရှမ်းပြည်နယ် လွိုင်လင်ခရိုင်အတွင်း မိုင်းနောင်မြို့မှ မိုင်းရှူးမြို့အထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၃၃ မိုင် တည်ဆောက်ခြင်းနှင့် မိုင်းရှူးမြို့တွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းအားရှေ့လာမည့် ဘတ်ဂျက်နှစ် (၂၀၁၂-၂၀၁၃)တွင် ဆောင်ရွက်ရန် လျာထားပါသည်။ မိုင်းရှူးမြို့အတွင်း ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ၁၁ ကေဗွီ ဓာတ်အားလိုင်း နှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း နှစ်ထပ်လိုင်း ၁.၅ မိုင် နှင့် ၁၁/၀.၄ကေဗွီ ၃၁၅ကေဗွီအေ ထရန်စဖော်မာ ၃ရုံနှင့် မြို့တွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း ၄ မိုင် တည်ဆောက်ရန် လည်း ရှေ့နှစ် ဘတ်ဂျက်တွင် တပါတည်း လျာထားပါသည်။

(၂) ကျေးသီးမြို့ကို မဟာဓာတ်အားလိုင်းစနစ်မှ ဓာတ်အားပေးရန်ယခု အထိဘတ်ဂျက်လျာထားမှု မရှိသေးပါ။ နောင်နှစ်များတွင်ဆက်လက်၍ ဘတ်ဂျက် လျာထားဆောင်ရွက်ပေးသွားပါမည်။

ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စား လှယ် ဦးစိုင်းပန်းမှ နိုင်ငံတော်အစိုးရသည် ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းမှ လွိုင်လင် မိုင်းကိုင် 66KVA မဟာဓါတ်အားလိုင်း တစ်ခုကို စီမံ ဆောင်ရွက်နေသည်မှာ ၇၀% ခန့်ပြီးစီးနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် မြို့မီးလင်းရေးကော်မတီ ဆိုသည့် အဖွဲ့မှကိုယ်ထူကိုယ်ထ လုပ်ဆောင်ရမည်ဆိုသဖြင့်





(၁) နမ့်ခမ်းမြို့နယ်နှင့်တဆက်တစ်စပ်တည်းဖြစ်သည့် (တရုတ်ပြည်မှ ဓာတ်အား ပေးထားသည့်ကျေးရွာများ) ဆယ်ဟိုင်း၊ ကုန်ဆာ၊ မန်ကန်၊ ကောင်းဝိုင်းနှင့် နောင်ခံကျေးရွာများသို့ ဓာတ်အားစနစ်မှ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် (၁၁)ကေဗွီ ဓာတ်အား လိုင်း (၅)မိုင်တည်ဆောက်ခြင်း၊ နမ့်ခမ်းမြို့နယ်၊ နောင်စန့်ကုန်းရပ် ၊ ဦးပန်းလမ်းနှင့် မေတ္တာလမ်း ထောင့်တွင် ၁၁/၀.၄ ကေဗွီ၊ ၃၁၅ကေဗွီအေ ခွဲရုံ တစ်ရုံ (၁၁)ကေဗွီလိုင်း ၀.၆ မိုင်နှင့် ၄၀၀ ဗို့လိုင်း ၁.၅ မိုင် တည်ဆောက်ခြင်း လုပ်ငန်းများအား ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက် ပေးနိုင်ရန် လျာထားပြီး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း (ရုံးချုပ်)သို့အဆိုပြု တင်ပြထားပါသည်။

(၂) လျှပ်စစ်မီတာ၌ ရိုးရိုးအိမ်သုံးမီတာကို နေအလင်းရောင် သုံးစွဲရန်အတွက် ခွင့်ပြုပေးခြင်းဖြစ်ပြီး လျှပ်စစ် ဓာတ်အားခ (၂၅/-)နှုန်းကောက်ခံပါသည်။

(၃) ရိုးရိုးအိမ်သုံးမီတာဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင် ခြင်း( ဥပမာ-ကုန်စုံဆိုင်၊ ဗွီဒီယိုလုပ်ငန်း၊ ဆံသဆိုင်၊ အလှပြင်ဆိုင်၊ မိတ္တူကူးဆိုင်၊ စတိုးဆိုင် )တို့ကို ဓာတ်အားခ ၅၀ /- နှုန်းဖြင့် ကောက်ခံလျက် ရှိပါသည်။

မိုင်းကိုင်မြို့နယ် ပြည်သူလူထုများထံ တစ်အိမ်ထောင်လျှင် ကျပ်ငွေ တစ်သိန်းခန့်ကောက်ခံ၍ မြို့တွင်းမီးတိုင်များ စိုက်ထူထားပါသည်။ နိုင်ငံတော်၏ လျှပ်စစ်မီးရရှိရေး စီမံကိန်းသည် မြို့တွင်းမီးတိုင်စိုက်ထူမှု ပါ/မပါနှင့် ၎င်းအဖွဲ့သည် နိုင်ငံတော်အစိုးရထံမှ သီးခြားလုပ်ပိုင်ခွင့် ရရှိသည့် အဖွဲ့ဟုတ်မဟုတ် သိရှိလိုပါသည်။ သို့သော် ယခုတွင် ၎င်းစီမံကိန်းကို ရပ်တန့်ထားသည်မှာ နှစ်ဝက်ခန့်ကြာမြင့်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် မိုင်းကိုင်မြို့နယ် လျှပ်စစ်ရရှိရေး စီမံကိန်းကို မည်သည့်အချိန်တွင် ပြန်လည်အကောင်အထည်ဖော်ရန် ရှိသည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမည် ဖြစ်ပါသည်။

(၁) လဲချားမြို့နှင့်မိုင်းကိုင်မြို့တို့ကို မဟာဓာတ်အားလိုင်းစနစ် ( National Grid ) မှဓာတ်အားပေးရန် လွိုင်လင်မှ မိုင်းကိုင်အထိ ၆၆ ကေဗွီဓာတ်အားလိုင်း ၅၄. ၆မိုင် တည်ဆောက်ပြီး လဲချားတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေနှင့် မိုင်းကိုင်တွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတို့ကို တည်ဆောက် လျက်ရှိရာ လုပ်ငန်း ၏ ၇၀%ခန့် ပြီးစီးနေပါသည်။

(၂) အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(မြောက်ပိုင်း)မိတ္ထီလာမြို့မှ ၆၆ကေဗွီ ဓာတ်အားလိုင်း နှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံများကို တာဝန်ယူ တည်ဆောက်လျက်ရှိပါသည်။ လုပ်ငန်း များကို ခေတ္တရပ်ဆိုင်းထားပြီး ရှေ့နှစ် ၂၀၁၂-၂၀၁၃ ဘတ်ဂျက်နှစ်တွင် အပြီး တည်ဆောက်ပါမည် ။





## ဒုတိယနေ့နေခင်းပိုင်းအစီအစဉ်

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား -

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့မှာ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်က ကျွန်းနှစ်သစ်မာမှလွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (သုံးသောင်းကျပ်ခန့်) ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

ကျန်တောထွက်ပစ္စည်းများဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး ကြိမ်၊ ဝါးများကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူသင့် ပါကြောင်း အဆိုကို ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် က ရှင်းလင်း ဆွေးနွေးပေးပါရန် ဖိတ်ခေါ်ပါတယ်။

## ဦးစိုင်းအိုက်ပေါင်း(သစ်တော၊သတ္တုဝန်ကြီး)။

လေးစားအပ်ပါသောပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျားမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့အစည်းဝင် သစ်တောသတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်မှ တင်သွင်းသော အဆိုနှင့်ပတ်သတ်၍ ကျွန်တော်ဦးစိုင်းအိုက်ပေါင်းမှ ဖြေကြားသွားမှာ

ဖြစ်ပါတယ်။ ကျွန်းနှင့်သစ်မာများကိုလည်း ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (၃၀၀၀ဝိ/-) ခန့် ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျွန်တောထွက်ပစ္စည်းများ ဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး၊ ကြိမ်၊ ဝါး(၄က်သိုက်ပြည်နယ်တွင် မရှိပါ၊ သစ်မွေးပင်သာရှိပြီး အဆီ ထုတ်နိုင်သော သစ် မရှိပါ)များကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူ သင့်ပါကြောင်း အဆိုနှင့် စပ်လျဉ်း၍ကျွန်းသစ်မာများကို ပြည်နယ်အစိုးရအနေဖြင့် သစ်(၁)တန်လျှင် (၃၀၀၀ဝိ/-) ခန့် ကောက်ယူရမည်ဆိုပါက ပြည်သူများအပေါ် ဝန်ပိနိုင်ပါသဖြင့် သစ် (၁)တန် လျှင် (၁၀၀၀ဝိ/-) ခန့်သာကောက်ယူ သင့်ပါကြောင်း၊ ကျန်သစ်တောထွက် ပစ္စည်းများ အပေါ် အခွန်ငွေကောက်ခံရန် နှုန်းထားများအား ယခင်နှုန်း ထားထက်ပိုမိုကောက်ခံရန် ပြင်ဆင်ထားကြောင်းဖြေကြား တင်ပြ အပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်က အဆိုတင်သွင်းသော ကျွန်းနှင့်သစ်မာမှလွဲ၍ ပြည်နယ်အစိုးရအနေနှင့် သစ်တစ်တန်လျှင် (သုံးသောင်းကျပ်ခန့်)ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများ ဖြစ်သော ထင်း၊ထင်းရှူး၊မီးသွေးကြိမ်၊ ဝါးများကို ပစ္စည်း၏တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူသင့်ပါကြောင်း အဆိုနှင့်စပ်လျဉ်းပြီး၊ အဆိုတင်သွင်းသူ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်က ပြန်ကြားဆွေးနွေးပေးဖို့ ဖိတ်ခေါ် ပါတယ်။





(၃) အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး(တောင်ကြီးမြို့)မှ နိုင်ငံတော် ဘတ်ဂျက်ဖြင့် အောက်ပါလုပ်ငန်းများကို ယခု ၂၀၁၁-၂၀၁၂ဘတ်ဂျက်နှစ်တွင် ဆောင်ရွက်ပါမည်။ - မိုင်းကိုင်မြို့တွင် ၁၁ကေဗွီဓာတ်အားလိုင်း ၂ မိုင် ၄၀၀ဗို့ဓာတ်အားလိုင်း ၃ မိုင်အား ၂ထပ်လိုင်းဆွဲခြင်း နှင့် ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ (၃)လုံး တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုငွေတန်ဘိုး(၁၅၀၇၁၄၅၇၈ )ကျပ်ဖြစ်ပါသည်။

(၄) မြို့မီးလင်းရေးကော်မတီဖွဲ့စည်းပြီး လွန်ခဲ့သော ၁ နှစ် ခန့်ကပင် မြို့ထဲတွင်စိုက်ထူထားသော သစ်သား တိုင်ဟောင်း များကိုကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းအပါအဝင် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်ထားကြောင်းသိရှိ ရပါသည်။ ငွေကောက်ခံမှုအပိုင်းတွင် လျှပ်စစ် ဓာတ်အားဖြန့်ဖြူး ရေးလုပ်ငန်းမှပါဝင်ပါတ်သက်ခဲ့ ခြင်း မရှိပါ။ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း မှ ခွင့်ပြုပေးထားသော ရံပုံငွေ(၁၅၀၇၁၄၅၇၈ )ကျပ် သည်မြို့မီးလင်းရေးကော်မတီမှ ကြိုတင်ဆောင်ရွက် ထားသော လုပ်ငန်းများနှင့် မသက်ဆိုင်ဘဲ ၆၆ ကေဗွီပင်မဓာတ်အားခွဲရုံမှမြို့တွင်းအထိ ဓာတ်အား လိုင်းဆွဲခြင်း၊ ထရန်စဖော်မာများ တပ်ဆင်ပေးခြင်း တို့ကိုဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။

**ဦးစိုင်းမိုးကြည်၊ မိုင်းပန်မဲဆန္ဒနယ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည်ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်း ခဲ့သော ကျွန်းနှင့်သစ်မာမှလွဲ၍ ပြည်နယ်အစိုးရ အနေနှင့် သစ်တစ်တန်လျှင် (သုံးသောင်းကျပ်ခန့်)ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများ ဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေးကြိမ်၊ ဝါးများကို ပစ္စည်း၏တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူ သင့်ပါကြောင်း အဆိုကိုပြန်လည်ရုပ်သိမ်း ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဦးစိုင်းမိုးကြည် အဆိုနှင့် ပတ်သက်၍ ၎င်းမှပြန်လည်ရုပ်သိမ်းရန်၊ လွှတ်တော်သို့ တင်ပြလာပါသဖြင့် ၎င်းအဆိုအား ရုပ်သိမ်းခွင့်ပြုရန် -

**( သဘောတူပါသလားခင်ဗျား။ (၃)ကြိမ် မေးမြန်းပါသည်။ )**

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ဦးစိုင်းမိုးကြည် တင်သွင်းသော အဆိုကို ရုပ်သိမ်းရန် ပြည်နယ်လွှတ်တော်မှ သဘောတူကြောင်း ကြေညာပါတယ်။





**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့်သူရှိပါက ဆက်လက် ဆောင်ရွက်ပါ။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမဲဆန္ဒနယ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ လဲချား မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းကျော်ဇေယျဖြစ်ပါတယ်။ ဦးစိုင်းအိုက်အေး တင်သွင်းသော ရှမ်းပြည်နယ်သည် ရွှေနှင့် သတ္တု မျိုးစုံ လာရောက် တူးဖော်သော် ကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်း အဆိုကို ကျွန်တော်အနေဖြင့် ထောက်ခံ ပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဦးစိုင်းအိုက်အေး တင်သွင်းသော အဆိုကိုလွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။အဆိုမှာ ရှမ်းပြည်နယ်သည် ရွှေနှင့် သတ္တုမျိုးစုံလာရောက် တူးဖော်သော်ကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်း အဆိုဖြစ်ပါတယ်။

အဆိုကိုလက်ခံဆွေးနွေးရန်သင့်/မသင့်လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က

( **သဘောတူပါသလားခင်ဗျား။ (၃)ကြိမ် မေးမြန်းပါသည်။** )

အဆိုကိုလက်ခံဆွေးနွေးရန် **သဘောမတူတဲ့** လွှတ်တော်ကိုယ်စားလှယ်များရှိပါသလား ခင်ဗျား။

အဆိုကိုလက်ခံဆွေးနွေးရန် **သဘောမတူတဲ့** လွှတ်တော်ကိုယ်စားလှယ်များ မရှိတဲ့အတွက် ဦးစိုင်းအိုက်အေး၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က **သဘောတူကြောင်း** ကြေညာပါတယ်။

**ဥက္ကဌ။ ။** ဦးစိုင်းအိုက်အေး တင်သွင်းသော အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းကြဖို့ဖြစ်ပါတယ်။အဆိုကို (၂-၁၁-၂၀၁၁) ရက်နေ့ (ဗုဒ္ဓဟူးနေ့) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး တတိယနေ့မှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။





**ဥက္ကဌ။** ။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအိုက်အေးက ရှမ်းပြည်နယ်တွင် ရွှေနှင့် သတ္တုမျိုးစုံလာရောက်တူးဖော်သော ကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေနှင့်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်းအဆိုကို ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။

လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအိုက်အေး အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်အေး၊ လင်းခေးမဲဆန္ဒနယ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအိုက်အေးဖြစ်ပါတယ်။ ကျွန်တော်အဆိုတင်သွင်းခြင်းနှင့် ပတ်သတ်၍ ရှမ်းပြည်နယ်သည် ရွှေနှင့်သတ္တုမျိုးစုံထွက်ရှိသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့်ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝှမ်းလုံးရှိ သတ္တုထုတ်လုပ်သည့် ကုမ္ပဏီများသည်လည်း ရှမ်းပြည်နယ်တွင်လာရောက် သတ္တုမျိုးစုံတူးဖော်လုပ်ကိုင်လျက် ရှိပါသည်။ ထိုသို့ ရွှေနှင့် သတ္တုမျိုးစုံ လာရောက်တူးဖော်ပါက Over Cutting ခေါ် အပေါ်ယံမြေလွှာကို ဖွင့်ဖောက် တူးဖော်ရသည့် အတွက် သဘာဝပတ်ဝန်းကျင်သည် အနည်းနှင့် အများထိခိုက် ပျက်စီးမှု ရှိပါသည်။ ထို့ကြောင့်ထိုကုမ္ပဏီများသည် ရှမ်းပြည်နယ် အစိုးရ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေနှင့် ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကို သင့်တင့်မျှတသောနှုန်းထားဖြင့် ကူညီ ပေးဆောင်သင့်ကြောင်း အဆိုကို တင်ပြအပ်ပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ အစည်းအဝေး (တတိယနေ့)ကို နိုဝင်ဘာလ(၂)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်(၁၀)နာရီ အချိန်မှာ ဆက်လက် ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။
**[ သြဘာသံများ ]**

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါတော့မယ် ခင်ဗျား။

**[ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ညနေ ( ၁၃ း ၃၀ )နာရီအချိန်တွင် ရပ်နားပါသည် ။ ]**





[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

## အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား -

ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၁၄၃)ဦးရှိပြီး၊ ယနေ့ အစည်းအဝေးကို (၁၃၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၉၇. ၂)ရာခိုင်နှုန်း ရှိပြီး တက်ရောက် တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ **သုံးပုံတစ်ပုံထက်** ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၁၈၀) ပုဒ်မခွဲ (က)နဲ့ ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၄၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက် ကြောင်းနဲ့၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ဂ) အရ၊ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ **[ သြဘာသံများ ]**

## ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကိုပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄၄)၊ နည်းဥပဒေခွဲ(က) အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း မိမိအတွက် အခြားကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြား ရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။





## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## ဒုတိယ ပုံမှန်အစည်းအဝေး
## တတိယနေ့ မှတ်တမ်း

**၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းဆန်း ၇ ရက်**

**( ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ လ ၂ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(တတိယနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်သန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန က ဆောင်ရွက်ပါသည်။ ]

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခုအချိန်ကစပြီး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို စတင်ကျင်းပတော့မှာ ဖြစ်ပါတယ် ။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား ။

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦး ၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ (၁၃၉)ဦး၊ ယနေ့ခွင့်ပန်ကြားသူ ( မရှိ )သဖြင့်၊ ပြည်နယ် လွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၄)ဦး ဖြစ်ပြီး၊ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ဂ) ၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူပါ မယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို-

**[ အတည်ပြုပါသလားခင်ဗျား။ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား -

ပြည်နယ်လွှတ်တော်ကအတည်ပြုတဲ့အတွက် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ ကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။





စားသုံးနိုင်ရန် စည်ပင် သားသတ်လိုင်စင် လေလံဈေးနှုန်းကို လျှော့ပေါ့ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ " သိရှိလိုပါတယ်ခင်ဗျား ။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလွင် က မေးခွန်း (၂)ခုအား တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမဲဆန္ဒနယ်(၂)။** လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ လင်းခေး မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် ဖြစ်ပါတယ်။ကျွန်တော်မေးမြန်းလိုသည့် မေးခွန်းကတော့ မြို့နယ်စည်ပင်သာရေးအဖွဲ့များ၏ အရပ်ရပ်လိုင်စင်လုပ်ငန်းများ အနက် သားသတ်လုပ်ငန်းများကို နှစ်စဉ် လေလံရောင်းချပြီး လိုင်စင်ချပေးကာ အခွန်ဘဏ္ဍာငွေ ရရှိရေးဆောက်ရွက်လျှက် ရှိပါတယ်။ လက်ရှိမြို့နယ်များအချို့ရှိ သားသတ်လိုက်စင်တစ်ခု (ဥပမာ အမဲလိုင်စင်/ဝက်လိုင်စင်)တွင် လိုင်စင်ခံတစ်ခုသာရှိသဖြင့် ယင်းလုပ်ငန်းအတွက် လေလံအပြိုင်ဆွဲဝယ်ရသော်လည်း ဆွဲဝယ် ရရှိသူ လိုင်စင်စီတစ်ဦးသာ လုပ်ကိုင်ရောင်းချခွင့် ရှိကြပါတယ်။

ထို့သို့သောအခြေအနေတွင် မြို့နယ်အတွင်းရှိတစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ မွေးမြူရေး လုပ်ငန်းကုန်ထုတ်(ဝက်/အမဲ)များကို လိုင်စင်သာ ရောင်းချခွင့် ရသည်ဖြစ်ပြီး မြို့နယ်တွင် တစ်ဦးတည်းသော သားသတ်လိုင်စင် စီထံသို့သာ ရောင်းချနိုင်ပါသဖြင့် ၎င်းတို့ မျှော်မှန်းတောင်းဆိုသည့် ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် အခွင့်အလမ်းမရှိဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ သားသတ်လိုင်စင် တစ်ခုသာခွင့်ပြုရောင်းချစေလျှက်ရှိသော မြို့နယ်များ တွင် တစ်မြို့လျှင်သားသတ်လိုင်စင်လုပ်ငန်းတစ်မျိုးလျှင် လိုင်စင်တစ်ခု ထက်ပိုမိုခွင့်ပြု၍ လေလံယှဉ်ပြိုင်စေကာ ရောင်းချစေပါက စည်ပင်သာယာရေးအဖွဲ့၏ ဘဏ္ဍာငွေရရှိမှုကို ထိခိုက်မှုမရှိသည့်မှုအပြင် ဘဏ္ဍာငွေပိုမိုရရှိနိုင်ပြီး၊ လုပ်ငန်းတစ်ခုတွင် လိုင်စင်စီ နှစ်ခုနှင့် အထက်ရှိလာပါက ကုန်ကြမ်း(အသား)များကို ယှဉ်ပြိုင်ဝယ်မှုရှိလာပြီး၊ မွေးမြူသူများအနေဖြင့် ရောင်းဈေးကို စိတ်ကြိုက်တောင်းဆိုနိုင်သကဲ့သို့ လိုင်စင်ခံများ အပြိုင်အဆိုင်ရောင်းလာပါက စားသုံးသူများအနေဖြင့်လည်း ကောင်းမွန်စွာနှင့် ဈေးနှုန်း သက်သာစွာ ဝယ်ယူစားသုံးနိုင်မည့် အခြေအနေကောင်းများ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ထို့ပြင် နိုင်ငံတော်အနေဖြင့် မွေးမြူရေးကို တိုးတက်ဆောင်ရွက်စေရန် တွန်းအားပေးပံ့ပိုး ဆောင်ရွက်သကဲ့သို့ တစ်ဘက်မှလည်း မွေးမြူသူများအတွက် ဈေးကွက်ကိုရှာဖွေ ဖွင့်လှစ်ပေးခြင်းအတွက် လာမည့် ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေး အရပ်ရပ်လိုင်စင်များအနက် သားသတ်လိုင်စင်လုပ်ငန်းအား လက်ရှိ ခွင့်ပြုရောင်းချသည့် သားသတ်လိုင်စင်လုပ်ငန်းအနက် (အဓိက ဝက်လိုင်စင်)တစ်မျိုးလျှင် လိုင်စင်စီနှစ်ခုံနှင့် အထက်ခွင့်ပြုပြီးအပြိုင်အဆိုင် လေလံဆွဲဝယ်/အပြိုင်အဆိုင်ရောင်းချနိုင်သည့် အခြေအနေရရှိရေး စီစဉ်ဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ” သိရှိလိုကြောင်းနှင့် ဒုတိယမေးခွန်းကတော့ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်သူဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းတံတားဂိတ်များ ဖြတ်သန်းခ ကောက်ခံသည့်နှုန်းထားများအရ ဥပမာ ရှမ်းပြည်နယ် လွိုင်လင်ဂိတ်ဖြစ်သည့် တောင်ကြီး-လွိုင်လင်လမ်း





## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့ အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဌ။** ။ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ် (၄) ဦးက မေးမြန်းသည့် မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

**စည်ပင်သာယာရေးကဏ္ဍနှင့် စပ်လျဉ်းပြီး** မေးခွန်းများစတင် မေးမြန်းရန်ဖြစ်ပါတယ် ။ ပထမဦးစွာ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမဲဆန္ဒနယ်(၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့် မေးခွန်းကတော့ “နမ့်ခမ်းမြို့နယ်ရှိ စည်ပင်သားသတ်လိုင်စင် လေလံဈေးနှုန်း မြင့်မားနေသည့်အတွက် ပြည်သူလူထုများသည် အသားများကို ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူစားသုံး နေကြရပါသည်။ ပြည်သူလူထုများက အသားများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူ

အပိုင်း ၅၇မိုင်တွင် အနည်းဆုံး(၂)တန် အောက် ထော်လာဂျီ ၃၅/- နှုန်းမှ အများဆုံး (၅)တန်အထက် (၁၂)ဘီးကုန်တင်ယာဉ် တစ်စီးလျှင် (၃၆၀/-)လည်းကောင်း၊ ကွန်ဟိန်းဂိတ် (ကွန်ဟိန်း-လွိုင်လင် (၈၂)မိုင်တွင် အနည်းဆုံး (၂)တန်အောက် ထော်လာဂျီ(၅၀/-)နှုန်းမှ အများဆုံး (၅)တန်အထက် (၁၂)ဘီးကုန်တင်ယာဉ် တစ်စီးလျှင် (၅၀၀/-)နှုန်းလည်းကောင်း၊ မိုင်းပွန်တံတား/ ကွန်ဟိန်းတံတားများ တွင် အနည်းဆုံး ဆိုင်ကယ်(၅/-)မှ အများဆုံး (၅)တန် (၁၂)ဘီး တပ်ယာဉ်(၁၅၀/-)နှုန်း သက်မှတ်ကောက်ခံစေလျှက်ရှိသည်ကို လေ့လာသိရှိ ရပါတယ်။

စည်ပင်သာယာရေးအဖွဲ့မှ ရောင်းချသည့် အရပ်ရပ်လိုင်စင် အနက် အခြားမြို့နယ်မှ မိမိမြို့နယ်သို့ ဖြတ်သန်းရောက်ရှိသော ယာဉ်များအပေါ် ကောက်ခံသည့် ဘီးခွန်လိုင်စင်များကို မြို့နယ်အလိုက် လေလံရောင်းချပြီး ကောက်ခံလျှက်ရှိရာတွင် နမ့်စန်၊ လွိုင်လင်-မိုင်းပွန် နှင့် တောင်ကြီးမြို့များရှိ ဘီးခွန်ကောက်စခန်းများတွင် ဘီးခွန်အဖြစ် မော်တော်ဆိုင်ကယ်တစ်စီးလျှင် (၂၀၀/-)ကောက်ခံနေသည်ကို ပေးဆောင်ရလျှက်ရှိပါတယ်။

ဘီးခွန်ကောက်ခံစခန်းအနေဖြင့် အခြားမြို့နယ်မှ ဖြတ်သန်း လာသော မော်တော်ယာဉ် များကို ကောက်ခံနေရသည်ဖြစ်ပြီး၊ မြို့နယ်တွင်း ကျေးရွာများမှာ မြို့ပေါ်သို့နေ့စဉ်နှင့် အမြဲလာရောက်ကြ သည့် မော်တော်ဆိုင်တယ်များအပေါ်တွင်လည်း နေ့စဉ်နှင့်အမြဲ ကောက်ခံ နေကြပါတယ်။ ထို့ပြင် ပြည့်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကောက်ခံသည့် လမ်းတံတားကြေး ထက်ကောက်ခံဈေးနှုန်း ပိုမိုသဖြင့် အခွန်ငွေလည်း ပိုမိုရရှိမည်ဟု အကြမ်းအားဖြင့် တွက်ဆနိုင်ပါတယ်။





စီမံခန့်ခွဲခြင်း ပုဒ်မ( ၃၆) တွင် ကော်မတီသည် ကျွဲ ၊နွား ၊ မြင်း၊ သိုး ၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူ စားသုံးရန်အလို့ငှာ စည်ပင်သာယာရေး အဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့် အညီ သတ်ဖြတ်ခြင်း နှင့် သတ်မှတ် ထားသည့် နေရာတွင် စည်းကမ်းများနှင့် အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်ကြောင်း ပြဌာန်းထားပြီး ဥပဒေနှင့် အညီ သားသတ်လုပ်ငန်းလိုင်စင်များကို လိုင်စင်စီများသို့ လုပ်ကိုင် ခွင့်ပြု ထားခဲ့ပါတယ်။

နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည်၂၀၁၁ - ၂၀၁၂ ခု ဘဏ္ဍာရေးနှစ် အခွန်နှင့်သာမန်ရငွေ ကျပ် ၄၂၂၀၀၀၀၀၀/ ရှိခဲ့ရာ ယင်းငွေတွင် အရပ်ရပ်အခွင့်အရေး လိုင်စင်ကြေးရငွေ ၃၄၆၉၃၈၀၀၀/ ပါဝင်ပါသည်။ နမ့်ခမ်းမြို့နယ်သည်၂၀၁၁ - ၂၀၁၂ ခုအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ကို ၂၂၈၈၄၆၀၀၀/ သုံးစွဲရန် လျာထားခဲ့ပြီး မြို့ပြလမ်း (၁၆)လမ်း ၊ ပြုပြင်မွမ်းမံခြင်းအတွက် ငွေကျပ် ၁၁၂၀၄၆၀၀၀/နှင့် မြို့ပြတံတား( ၆ ) စင်းပြုပြင်မွမ်းမံ ခြင်းအတွက် ငွေကျပ် ၅၉၀၀၀၀၀ / သုံးစွဲဆောင်ရွက်လျှက်ရှိပါသည်။ မြို့ရေပေးရေး လုပ်ငန်း(၆) ခုအတွက် ငွေကျပ် ၂၁၁၀၀၀၀၀/ ၊ ကျေးလက်ရေပေးရေး လုပ်ငန်း(၃)ခုအတွက် ငွေကျပ် ၂၁၁၀၀၀၀၀/ နှင့် ကျေးလက်လမ်း တံတားလုပ်ငန်း( ၅ ) ခု တည်ဆောက်မွမ်းမံခြင်းအတွက် ငွေကျပ် ၆၃၃၀၀၀၀၀/ သုံးစွဲ ဆောင်ရွက်လျှက်ရှိပါသည်။ ထို့အပြင် မြို့သာယာလှပရေးလုပ်ငန်း( ၈ )ခုအတွက် ငွေကျပ် ၂၁၁၀၀၀၀၀/ သုံးစွဲဆောင်ရွက်လျှက်ရှိပါတယ်။

မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာလှပမှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင် မည်ဆိုပါက အရပ်ရပ်အခွင့်အရေး လိုင်စင်ရငွေ အပါအဝင် အခွန်နှင့်သာမန်ရငွေများ ရရှိမှ လုပ်ဆောင်

နိုင်မည် ဖြစ်ပါတယ်။ နမ့်ခမ်း မြို့နယ်အနေနှင့် လေလံညွှန်ကြားချက်များနှင့် အညီ ၂၀၀၆ - ၂၀၀၇ ခုနှစ်အထိ သားသတ်လိုင်စင်များကို ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချခဲ့ပြီး ၂၀၀၇ - ၂၀၀၈ ခုမှစ၍ မူလလေလံကြေးပေါ်တွင် သတ်မှတ်ရာခိုင်နှုန်း တိုးမြှင့်၍ သက်တမ်းတိုးဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိလိုင်စင်စီအား သက်တမ်းတိုး စနစ်ဖြင့် ဆောင်ရွက်လိုခြင်းရှိ / မရှိ ဆန္ဒရယူပြီး ဆောင်ရွက်ခဲ့ရာ ၂၀၀၇ - ၂၀၀၈ ခုနှစ်နှင့် ၂၀၀၈ - ၂၀၀၉ ခုနှစ်တွင် ဝက်သားသတ်လိုင်စင်မှ ကျပ်( ၁၁၁၂ )သိန်းရရှိခဲ့ပြီး ၂၀၀၉ - ၂၀၁၀ ခုနှစ်မှာ( ၁၄၅၀ )သိန်း၊ ၂၀၁၀ - ၂၀၁၁ တွင်( ၁၅၉၅ )သိန်း နှင့် လက်ရှိနှစ် ၂၀၁၁ - ၂၀၁၂ ခုနှစ်တွင်( ၁၇၅၄. ၅ )သိန်း ရရှိခဲ့ပါတယ်။

ထို့နည်းတူစွာ အမဲသားသတ်လိုင်စင်တွင်လည်း ၂၀၀၇ - ၂၀၀၈ ခုနှစ်တွင်(၁၉၈ ) သိန်း၊ ၂၀၀၈ - ၂၀၀၉ ခုနှစ်တွင်( ၂၆၀ ) သိန်း၊ ၂၀၀၉ - ၂၀၁၀ ခုနှစ်တွင်( ၃၄၀ )သိန်း ၂၀၁၀ - ၂၀၁၁ ခုနှစ်တွင်( ၃၇၄ ) သိန်းနှင့် လက်ရှိနှစ် ၂၀၁၁ - ၂၀၁၂ ခုနှစ်တွင်(၄၁၁) သိန်းဖြင့်သက်တမ်းတိုး၍လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။

နမ့်ခမ်းမြို့သည် နယ်စပ်မြို့ဖြစ်သည့်အပြင် ဒေသတွင်း ကုန်ကြမ်း ရှားပါးမှုကြောင့် ကုန်ကြမ်းအား မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဝယ်ယူသယ်ဆောင်ရပါသည်။ ထိုသို့သယ်ယူရာတွင် မူဆယ်မြို့၊ ၁၀၅ မိုင် နယ်စပ်ကုန်သွယ် ရေးဇုန်တွင် နိုင်ငံတော်သို့ ပေးသွင်းရမည့် တရားဝင်အခွန်အခများ ပေးဆောင်ရခြင်း၊ နမ့်ခမ်းမြို့သည် မန္တလေး - မူဆယ် - နမ့်ခမ်း ပြည်ထောင်စုလမ်းမကြီး၏ လမ်းဆုံးမြို့အဝေးဆုံးဖြစ်၍ ခရီးစရိတ် ပိုမိုကုန်ကျခြင်းတို့ကြောင့် နီးစပ်ရာမြို့များနှင့် ၅၀ဝိ/ ကျပ်ခန့် ကွာခြားမှုဖြစ်ပေါ်နေရပါသည်။





သို့ဖြစ်ပါ၍စည်ပင်သာယာရေးအဖွဲ့မှ ဘီးခွန်ကောက်ခံရေးနှင့် ပတ်သက်၍ သတ်မှတ်နှုန်းထားများ သက်မှတ်ပေးထားခြင်း၊ စည်းကမ်းချက်များ ထုတ်ပြန်ထားခြင်း ရှိ/မရှိ ရှိပါက ဘီးခွန်ကောက်ခံရေးစခန်းများ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့် အညီ ကောက်ခံ ခြင်း ရှိ/မရှိ” သိရှိလိုပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်မှ မေးခွန်း တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတူးမောင်(စည်ပင်သာယာရေး၊ ဝန်ကြီး)။**

လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းတင်ဦးနဲ့ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းလွင်တို၏ မေးခွန်းအား ကျွန်တော် ဦးတူးမောင်(စည်ပင်သာယာရေးဝန်ကြီး)မှ မေးခွန်းတစ်ခုချင်းစီ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းတင်ဦးရဲ့ မေးခွန်းဖြစ်တဲ့ “နမ့်ခမ်းမြို့နယ်ရှိ စည်ပင်သားသတ် လိုင်စင် လေလံ ဈေးနှုန်းမြင့်မားနေသည့်အတွက် ပြည်သူလူထု များသည် အသားများကို ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူစားသုံး နေကြရပါတယ်။ ပြည်သူလူထုများက အသားများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် စည်ပင် သားသတ်လိုင်စင် လေလံဈေးနှုန်းကို လျှော့ပေါ့ ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ ”ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ် ခင်ဗျား။ စည်ပင်သာယာရေးအဖွဲ့များသည် စည်ပင်သာယာရေး ဥပဒေ( ၅ / ၉၃ )၊ အခန်း( ၁၀ )၊ တိရိစ္ဆာန်များ သတ်ဖြတ်မှုကို

ဥပမာအားဖြင့်ဝက်သားတစ်ပိဿာလျှင် မူဆယ်မြို့၌ ၆၀၀၀ိ/ ၊ ကွတ်ခိုင်မြို့၌ ၆၀၀၀ိ/ ဖြစ်ပြီး နမ့်ခမ်းတွင် ၆၅၀၀ိ/ သတ်မှတ်ထားခြင်း၊ အမဲသားတစ်ပိဿာလျှင် မူဆယ်မြို့၌ ၆၀၀၀ိ/၊ ကွတ်ခိုင်မြို့၌ ၆၀၀၀ိ/၊ နမ်ခမ်းမြို့၌ ၆၅၀၀ိ/ သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ယခုတင်ပြသည့် ပြည်သူလူထုများက အသားများကို စျေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် စည်ပင်သားသတ်လိုင်စင်စျေးနှုန်းကို လျှော့ပေါ့ပေးနိုင်ရေး မေးမြန်းချက်နှင့်ပတ်သက်၍ စည်ပင်သာယာရေးအဖွဲ့များသည် စားသုံးသူပြည်သူလူထုများ အသားစျေးနှုန်းကြီးမြင့်မှု မရှိစေရေး ဆောင်ရွက်ရသကဲ့သို့ တစ်ဖက်မှလည်း မြို့ပြဖွံ့ဖြိုးတိုးတက်သာယာလှပရေး လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် ဝင်ငွေလျော့နည်းမှု မရှိအောင် ချင့်ချိန်ဆောင်ရွက်ရပါသည်။ စည်ပင်သာယာရေးအဖွဲ့များ၏ သဘောသဘာဝအရ ဝင်ငွေတိုးတက်ရရှိ လာသည်နှင့် အမျှ မြို့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၂ - ၂၀၁၃ ခုနှစ်တွင် အသားစျေးနှုန်းကို နီးစပ်ရာဒေသများနှင့် စျေးနှုန်း တူညီစွာ ရောင်းချနိုင်စေရန် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး လိုင်စင်စီများမှ သတ်မှတ်စျေးနှုန်းအတိုင်း အသားများရောင်းချနိုင်ရေး( အမြတ်အစွန်းပိုမိုရရှိလို၍ ယင်း၏သဘောဖြင့် စျေးနှုန်းတိုးမြှင့်ရောင်းချမှုမပြုနိုင်ရေး )အသားရောင်းဆိုင်ခုံများတွင် သတ်မှတ်စျေးနှုန်းများ ကြေညာချိတ်ဆွဲထားရှိရောင်းချစေမည်ဖြစ်ပြီး ရှောင်တခင် စစ်ဆေးခြင်းနည်းလမ်းများ အသုံးပြု၍ ကြပ်မတ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ၊ ပြည်သူလူထုမှ စျေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရန် သားသတ်လိုင်စင်ကြေးများကို လက်ရှိနှစ် အတိုင်းထားရှိ ဆောင်ရွက်ပေးသွားနိုင်ရေး





သို့သော်လည်း စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် တစ်ဘက်မှ ဝင်ငွေ တိုးတက်ရရှိစေရန် ဆောင်ရွက် ရသကဲ့သို့ တစ်ဖက်မှလည်း စားသုံးသူ ၊ အခွန်ထမ်းပြည်သူ လူထု ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ချင့်ချိန်ဆောင်ရွက် ရပါသည်။ သားသတ်လိုင်စင်များ လေလံရောင်းချရာတွင် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ ( ၅ / ၉၃ ) ၊ အခန်း( ၁၀ )ပါ တိရိစာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်းပုဒ်မ ( ၃၆ )တွင် “ကော်မတီသည် ကျွဲ၊ နွား ၊ မြင်း ၊ သိုး ၊ ဆိတ် ၊ ဝက်တို့ကို အများပြည်သူစားသုံးရန်အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင်သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်ကြောင်း ”ပြဋ္ဌာန်းထားပြီး ဥပဒေနှင့်အညီ သားသတ်လုပ်ငန်းလိုင်စင်များကို လိုင်စင်စီများသို့ လုပ်ကိုင်ခွင့်ပြုထားပါတယ်။

သားသတ်လိုင်စင်များအား ခုံခွဲများ အလီလီစိတ်ရောင်းချခြင်းများကြောင့် တစ်ခုံပြီးတစ်ခုံ မရမက ယှဉ်ပြိုင်ဆွဲဝယ်သဖြင့် လေလံစျေးနှုန်းများအဆမတန်မြင့်တက်ကာ မလိုလားအပ်သောပြဿနာများမဖြစ်ပေါ် စေရေးအတွက် အမျိုးတူအသားများအား တစ်ပေါင်းတည်းစုစည်း၍ တစ်ခုံတည်း ရောင်းချစေခြင်း၊ ၂၀၀၇ - ၂၀၀၈ ခု ဘဏ္ဍာရေး နှစ်မှစ၍ အပြိုင်အဆိုင်လေလံဆွဲဝယ်ယူမှု စနစ်အစား လေလံစည်းကမ်းချက်များနှင့်အညီ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူ လိုင်စင်စီများကို တစ်နှစ်သက်တမ်းတိုး ချမှတ်ဆောင်ရွက်စေသော စနစ်ကို လက်ရှိဘဏ္ဍာရေးနှစ်( ၂၀၁၁ - ၂၀၁၂ ) ခုနှစ်အထိ ကျင့်သုံးစေခြင်းများဖြင့် ဆောင်ရွက်လျှက်ရှိပါတယ်။ အဖွဲ့၏ဝင်ငွေကို မထိခိုက်စေရန်နှင့် ထိုက်သင့်သော လိုင်စင်ကြေးရရှိရန်အတွက် ယခင်နှစ်ဟောင်းလေလံကြေး အပေါ်( ၁၀ ) ရာခိုင်နှုန်းတိုးခြင်းဖြင့်သာ တစ်နှစ်သက်တမ်းတိုးခြင်းဖြစ်ပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် သက်တမ်းတိုး ချမှတ်နိုင်ခြင်းမရှိမှသာ သတ်မှတ်ထားသော လိုင်စင်စည်းကမ်းချက်များနှင့်အညီ ဈေးပြိုင်စနစ် ဖြင့် လေလံရောင်းချခြင်း ၊ ကြမ်းခင်းဈေးပြည့်မီအောင် လေလံရောင်းချနိုင်ခြင်းမရှိပါက ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း၊ အခြားနည်းဖြင့် ညှိနှိုင်းရောင်းချခြင်းတို့ အဆင့်ဆင့်ဆောင်ရွက် ပါတယ်။

နှစ်စဉ်အခွင့်အရေးလိုင်စင်များသက်တမ်းတိုးခြင်း သို့မဟုတ် လေလံတင်ရောင်းချခြင်း နှင့်ပတ်သက်၍ စည်ပင်သာယာရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျှက်ရှိပါတယ်။ သားသတ်နှင့် အသားရောင်းချခွင့်လိုင်စင်အမှုတွဲများအား ဈေးတစ်ခု( နေရာတစ်ခု ) တည်းအတွက် ခုံခွဲများ ၊ ဆိုင်ခွဲများအဖြစ် အမှုတွဲ ဖွင့်လှစ်ခြင်း မပြုရဘဲ ၊ ဈေးတစ်ခု ( နေရာတစ်ခု )တွင် အသားတစ်မျိုးမျိုး(ဝက်သား ၊ အမဲသား ၊ ဆိတ်သား) အတွက် အမှုတွဲတစ်ခုသာ ဖွင့်လှစ်ရောင်းချရန် ညွှန်ကြားထားသော်လည်း အခြေအနေအရ အသားစားသုံးသူများပြားလာခြင်း၊ ဝယ်ယူစားသုံးရန် ခရီးအလှမ်းကွာဝေးမှုကြောင့် အသားဝယ်ယူရန် အခက်အခဲ ဖြစ်ပေါ်လာနိုင်လျှင်ဖြစ်စေ ၊ အဖွဲ့ဝင်ငွေပိုမိုတိုးတက်ရရှိလိုလျှင်ဖြစ်စေ၊ အသားရောင်းဆိုင်ခွဲ( ခုံခွဲ )များ ဖွင့်လှစ်စေခြင်းအား သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ အတည်ပြုချက်ဖြင့်ဆောင်ရွက်သွားရန် ၂၀၁၁ - ၂၀၁၂ ခုဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ် အခွင့်အရေးလိုင်စင်များနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရေး စည်ပင်သာယာရေးဦးစီးဌာန၏( ၁၅ - ၁၁ - ၂၀၁၀ )ရက်စွဲ ပါစာအမှတ် ၊ ၁၈၇ / ဂ - ၁ / စရခ( ၂၄ )ဖြင့် စာပိုဒ် ၄( က )၌ညွှန်ကြားချက် ရှိခဲ့ပြီး ဖြစ်ပါတယ်။





စည်ပင်သာယာရေးဦးစီးဌာန အခွင့်အရေးလိုင်စင် လုပ်ကိုင်ခွင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်၍ ပြည်နယ်စည်ပင်ဝန်ကြီးဌာနအနေဖြင့် ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်ရဲ့ “ မြို့နယ်များတွင်ရှိ စည်ပင် အရပ်ရပ်လိုင်စင်များ အနက် (သားသတ်လိုင်စင်)များ လေလံတင်ရောင်းချ၍ လုပ်ငန်းဆောင်ရွက်ခွင့်ပြုရာတွင် အပြိုင်အဆိုင်ဆွဲဝယ်ခြင်းနှင့် အပြိုင်အဆိုင်ရောင်းပေးခြင်း ဖြစ်ပေါ်စေရန် လုပ်ငန်းတစ်ခုတွင် (လိုင်စင်ခုံ နှစ်ခုံ နှင့် အထက်)ခွင့်ပြုပြီး လေလံတင်ရောင်း ချမည့် အစီအစဉ် ရှိ/မရှိ ”သိရှိလိုကြောင်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းသဘာဝမှာ ဥပဒေ ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ အခွန် ၊ အခ၊ အကောက်များ ကောက်ခံ၍ ဒေသ၏ စည်ပင်သာယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးရသော လုပ်ငန်းအဖွဲ့အစည်း ဖြစ်ပါသည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ဝင်ငွေတိုးတက်ရရှိလာသည်နှင့် အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအားလည်း ပိုမိုဆောင်ရွက်နိုင်မည်ဖြစ် ပါသည်။ စည်ပင်သာယာရေးအဖွဲ့များ၏ သားသတ်လုပ်ငန်းလိုင်စင်များအား အပြိုင်အဆိုင်ဆွဲဝယ်ခြင်းနှင့် အပြိုင်အဆိုင်ရောင်းပေးခြင်း ဖြစ်ပေါ်စေရန် လုပ်ငန်းတစ်ခုတွင်(လိုင်စင်ခုံနှစ်ခုံနှင့်အထက်)ခွင့်ပြုရောင်းချပါက စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေပိုမိုတိုးတက်ရရှိပြီး ဒေသဖွံ့ရေး လုပ်ငန်းများ ပိုမို ဆောင်ရွက်နိုင်စေရန် လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်မှာ သင့်မြတ် ကောင်းမွန်ပါတယ်။

သို့ဖြစ်၍ လာမည့်( ၂၀၁၂ - ၂၀၁၃ )ခု ဘဏ္ဍာရေးနှစ် အတွက် အခွင့်အရေး လိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် လေလံချ ထားပေးမည်ဆိုပါက သက်ဆိုင်ရာဒေသမှ လိုင်စင်ခုံခွဲများ ဖွင့်လှစ်ရောင်းချခွင့်ပြုရန် အဆိုပြုတင်ပြချက်အပေါ် ပြည်နယ်စည်ပင် သာယာရေးဝန်ကြီးဌာနအနေဖြင့် စားသုံးသူ ပြည်သူလူထု အဆင်ပြေ စေရေးကို အဓိကထား၍ စားသုံးသူပမာဏနှင့် လေလံဈေးနှုန်းများ အပေါ် ချင့်ချိန်ပြီး စည်ပင်သာယာရေး ဦးစီးဌာန လေလံစနစ်ဖြင့် ဈေးပြိုင်ရောင်းချခြင်း လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဦးစိုင်းလွင်၏ မေးခွန်းဖြစ်တဲ့ "စည်ပင် သာယာရေးအဖွဲ့မှ ဘီးခွန်ကောက်ခံရေးနှင့် ပတ်သက်၍ သတ်မှက်နှုန်း ထားများ သက်မှတ်ပေး ထားခြင်း၊ စည်းကမ်းချက်များ ထုတ်ပြန် ထားခြင်း လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့် အညီကောက်ခံ မှု ရှိ/မရှိ" ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ( ဂ )နှင့်( ဃ)တို့အရ စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ဘီးတပ်ယာဉ်များအပေါ် ဘီးခွန်နှင့် ယင်း နယ်နိမိတ် အတွင်းသို့ ပြင်ပမှဝင်ရောက်လာသော ယာဉ်များအပေါ် ဘီးကောက်များကို ဥပဒေနှင့်အညီ သတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံဆောင်ရွက် လျှက်ရှိပါတယ်။ ၄င်းအပြင် လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် စည်ပင်သာယာရေး အဖွဲ့များ ဥပဒေ ပုဒ်မ ၈၉ ( ခ )အရ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ( ၁၄ ) ရက် ရက်စွဲပါ စာအမှတ် ၊ ၄ / က - ၈ / စရခ ( ၂၄ )ဖြင့် ဝန်ကြီးဌာနမှ ဘီးတပ်ယာဉ်များကို ကောက်ခံရန် ဘီးခွန်နှုန်းထားများကို လည်းကောင်း၊ ပြင်ပမှဝင်ရောက်လာသော ဘီးတပ်ယာဉ်များအပေါ် ဘီးကောက်





ဘီးကောက်ကောက်ခံခြင်းအား သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း ၊ ညွှန်ကြားချက်များ နှင့်အညီ အဖွဲ့မှ စစ်ဆေး ဆောင်ရွက်လျှက်ရှိပြီး လုပ်ငန်းလိုင်စင်စီများ သည်လည်း အခွင့်အရေး လိုင်စင်လုပ်ငန်း မလုပ်ကိုင်မီ သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်း များနှင့် အညီ သတ်မှတ်နှုန်းထားအတိုင်းသာ ကောက်ခံ ဆောင်ရွက်ရန် ဝန်ခံကတိစာချုပ် ပြုလုပ်စေပြီးမှသာ လိုင်စင်ချထား ဆောင်ရွက်ပေးလျှက်ရှိပါတယ်။ လိုင်စင်ရရှိသူသည် မြို့ဝင်ဘီးကောက် လိုင်စင် စည်းကမ်းအရ သတ်မှတ်ထားသော နှုန်းထားများထက် ပိုမို ကောက်ခံခြင်းမပြုရန် ဘီးကောက်နှုန်းထားများကို အများမြင်သာ အောင် ဆိုင်းဘုတ် ရေးသားစိုက်ထူထားခြင်း၊ ဘီးကောက်ကောက်ခံ ရာတွင် ပြေစာဖြင့်ကောက်ခံစေခြင်း ဖြင့် ပြည်သူများအပေါ် ၊ ရိုင်းစိုင်းမောက်မာစွာ ဆက်ဆံခြင်းမပြုရန် ၊ သတ်မှတ်ဝတ်စုံဝတ်ဆင် ကောက်ခံရန် ၊ အရစ်ကျလိုင်စင်ကြေးများအား သတ်မှတ်နေ့ရက် တွင် မပျက်မကွက် ပေးသွင်းရန် ၊ အခါအားလျော်စွာ ထုတ်ပြန် ထားသည့် အမိန့်များ ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်း များကို လိုက်နာရန် ဝန်ခံဂတိစာချုပ်များ ချုပ်ဆိုခြင်း စသည့် အချက်များ သတ်မှတ်ပေးထားပြီး လိုက်နာမှုမရှိပါက သတိပေးခြင်း သို့မဟုတ် ဒဏ်ငွေရိုက်ခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းပြီး စည်းကမ်းနှင့် အညီ လေလံတင်ရောင်းချခြင်းများ အရေးယူ ဆောင်ရွက် သွားနိုင် သည့်အပြင် တင်သွင်းထားသော အာမခံငွေကို အဖွဲ့ပိုင်အဖြစ် သိမ်းယူပြီး လုပ်ငန်းလိုင်စင်စီအား နာမည်ပျက်စာရင်းတင်သွင်းခြင်း တို့အား အခွင့်အရေးလိုင်စင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် နိုင်ပါတယ်။

သို့ပါ၍ စည်ပင်သာယာရေးအဖွဲ့များသည် ဘီးခွန် / ဘီး ကောက် ခံရေးနှင့် ပတ်သက်၍ ဥပဒေ ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ နှုန်းထားများ၊ စည်းကမ်းများ သတ်မှတ်ထားပါကြောင်းနှင့် လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ ကောက်ခံ ဆောင်ရွက်ခြင်း ရှိ / မရှိ စစ်ဆေး ဆောင်ရွက်လျှက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။ စီမံခန့်ခွဲရေး ကဏ္ဍ**နှင့် စပ်လျဉ်းပြီးမေးခွန်းများ မေးမြန်းရန် ဖြစ်ပါတယ်။

ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီး က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ။** လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုဂ္ဂိုလ်များအားလုံး ကျန်းမာကြပါစေဆုမွန်ကောင်း တောင်းအပ်ပါ ခင်ဗျား။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းမောင်ကြီး ဖြစ်ပါတယ်။ "ပြည်ထောင်စုမြန်မာနိုင်ငံတော် သန္ဓေ တည်ရာနေ့ထူးနေ့မြတ်ဖြစ်သော ရှမ်းပြည်နယ်နေ့ ကိုရှမ်းပြည်နယ်အစိုးရက ဂုဏ်ယူ၍ ရှမ်းပြည်နယ်တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရန် အစီအစဉ် ရှိ / မရှိ" မေးမြန်းသိရှိလိုပါတယ် ခင်ဗျား ။

**ဥက္ကဋ္ဌ။** ။ ပြည်နယ်အဖွဲ့အစည်းဝင် ဥပဒေချုပ်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။





နှုန်းထားများကို လည်းကောင်း ၊ အမိန့်ကြော်ငြာစာ( Notification )ထုတ်ပြန်၍ အခွန်ငွေများကို ကောက်ခံခဲ့ပါတယ်။

လင်းခေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဘီးခွန်များ ကောက်ခံခြင်းကို အဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်ပြီး ဘီးကောက်ကို အခွင့်အရေးလိုင်စင်အဖြစ် နှစ်စဉ်လေလံ စနစ်ဖြင့် ဆောင်ရွက်လျှက် ရှိပါသည်။ လက်ရှိကောက်ခံနေသော ဘီးခွန်နှုန်းထားနှင့် ဘီးကောက်နှုန်းထားများမှာ -

**ဘီးခွန်နှုန်းထား( ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် )**

| | | |
|---|---|---|
| ( က ) | ၁၀ တန်နှင့်အထက် | တစ်စီးလျှင် ၆၀၀၀ိ/ |
| ( ခ ) | ၅ တန်မှ ၁၀တန်အောက် | တစ်စီးလျှင် ၅၀၀၀ိ/ |
| ( ဂ ) | ၃ တန်မှ ၅ တန်အောက် | တစ်စီးလျှင် ၄၀၀၀ိ/ |
| ( ဃ ) | ၁ တန်မှ ၃ တန်အောက် | တစ်စီးလျှင် ၃၀၀၀ိ/ |
| ( င ) | ၁ တန်အောက် | တစ်စီးလျှင် ၂၅၀၀ိ/ |
| ( စ ) | လယ်ထွန်စက် | တစ်စီးလျှင် ၃၀၀၀ိ/ |
| ( ဆ ) | ထော်လာဂျီ | တစ်စီးလျှင် ၂၀၀၀ိ/ |
| ( ဇ ) | ဆိုင်ကယ် | တစ်စီးလျှင် ၁၀၀၀ိ/ |

သတ်မှတ်ထားပါတယ်။

**ဘီးကောက်နှုန်းထားများ( တစ်ရက်လျှင် )**

| | | |
|---|---|---|
| ( က ) | ယာဉ်ကြီး | တစ်စီးလျှင် ၅၀ိ/ |
| ( ခ ) | ယာဉ်လတ် | တစ်စီးလျှင် ၃၀ိ/ |
| ( ဂ ) | ယာဉ်ငယ် | တစ်စီးလျှင် ၂၀ိ/ |
| ( ဃ ) | မော်တော်ဆိုင်ကယ် | တစ်စီးလျှင် ၁၀ိ/ |
| ( င ) | ထော်လာဂျီ | တစ်စီးလျှင် ၁၀ိ/ |

နှုန်းတို့ဖြင့်ကောက်ခံဆောင်ရွက်လျှက်ရှိပါတယ်။

**ဦးမောင်မောင်၊ (ပြည်နယ်ဥပဒေချုပ်)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ဥပဒေချုပ် ဦးမောင်မောင် ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်အနေနဲ့ ဦးစိုင်းမောင်ကြီး မေးမြန်းတဲ့ "ပြည်ထောင်စုမြန်မာနိုင်ငံတော် သန္ဓေတည်ရာ နေ့ထူးနေ့မြတ် ဖြစ်သော ရှမ်းပြည်နယ်နေ့ ကို ရှမ်းပြည်နယ်အစိုးရကဂုဏ်ယူ၍ ရှမ်းပြည်နယ်တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ် ရန် အစီအစဉ် ရှိ / မရှိ" မေးခွန်းကို ဖြေကြားရမယ်ဆိုရင်

မြန်မာနိုင်ငံပြန်တမ်းတွင် နှစ်စဉ်တစ်နှစ်လုံးတွင် ရှိသော အများပြည်သူရုံးပိတ်ရက်ကို နှစ်စဉ်ပြဋ္ဌာန်းလျှက်ရှိပါတယ်။ အဆိုပါ ဌာနဆိုင်ရာအဖွဲ့အစည်းမှ နေ့စဉ်မှတ်တမ်း(ဒိုင်ယာယီ) ကို အများပြည်သူရုံးပိတ်ရက်ဖော်ပြထားလေ့ရှိပါတယ်။ နှစ်စဉ်ဒေဝါရီ၊ ဘက္ကရီအစ်နေ့ကို ဖော်ပြလျှက်ရှိကြောင်းတွေ့ရှိရပါတယ်။ အချို့တရားသေသတ်မှတ်လို့မရပါဘူး ဘာသာအရ ဥပုတ်လတစ်လ သက်မှတ်ထားပါတယ်။ ဥပုတ်လပြီးတဲ့နောက်မှာ ရက်ပေါင်း(၇၀) နောက်တွင် ဘက္ကရီအစ်နေ့သတ်မှတ်ထားပါတယ်။ ဥပုတ်လ တစ်လတိုင်းဟာ နှစ်စဉ်(၁၀)ရက်(၁၀)ရက် ရွှေ့ကိုတိုးပြီး သတ်မှတ်လို ဘက္ကရီအစ်နေ့လိုနေ့မျိုးကို တရားသေသတ်မှတ်လို့မရပါဘူး ဒါကြောင့်မို့အများပြည်သူရုံးပိတ်ရက်နဲ့ပက်သက်ပြီး ကျွန်တော်တို့ ပြဋ္ဌာန်းမည်ဆိုလျှင် ပြဋ္ဌာန်းရမည့် အမိန့်ပြဋ္ဌာန်းရပါမယ်။ ပုံစံအားဖြင့် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေငြာချက်အမှတ်(၁/၂၀၀၇)ဖြင့် သင်္ကြန်ပွဲတော်ရုံးပိတ်ရက်အဖြစ် သင်္ကြန်အကြိုနေ့မတိုင်မီ (၁)ရက်မှစ၍ (၁၀)ရက်တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူး





**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအင်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်(၁)။** ။ ကျွန်တော်ကတော့ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအင်ဖြစ်ပါတယ်။ "မိုင်းယုမြို့နယ်ခွဲသည် မြို့နယ်ခွဲရရှိထားသည့် ကိစ္စနှင့် ပတ်သက်၍ မိုင်းယုမြို့နယ်တွင် ကျေးရွာအုပ်စု(၄)အုပ်စုနှင့် ကျေးရွာပေါင်း(၁၅)ရွာရှိ၍ လူဦးရေ (၂၉၃၉)ဦး သာရှိပြီး၊ မြို့နယ်ခွဲတစ်ခုအဖြစ် မရနိုင်ပါသဖြင့် မြို့နယ်ခွဲအဖြစ် ရရှိရေးအတွက် မိုင်းယုတစ်ဖက်ကမ်းရှိ အထူးဒေသ(၄) နယ်မြေမှ ကျေးရွာများပါ ထည့်သွင်းဖွဲ့စည်းထားခြင်းကြောင့် မိုင်းယုမြို့နယ်ခွဲတစ်ခုအဖြစ်ရရှိကြောင်း တွေ့ရှိရပါတယ် ။

မိုင်းယုတစ်ဖက်ကမ်းရှိ အထူးဒေသ(၄) နမ့်ပန်းနယ်မြေတွင် ကျေးရွာအုပ်စု(၇)အုပ်စု ပါဝင်ပြီး၊ ကျေးရွာပေါင်း(၁၂၀)ကျော်ရွာပါရှိပါသည်။ ထို့ကြောင့် မိုင်းယုမြို့နယ်ခွဲ၏ လူဦးရေနှင့် စိုက်ပျိုးနိုင်သော လယ်ယာမြေများသည် နမ့်ပန်းဒေသတွင် အများဆုံး ပါဝင်၍ နမ့်ပန်းဒေသတွင် လူဦးရေစုစုပေါင်း(၂၄၉၁၁)ဦးကျော်ရှိပြီး၊ အိမ်ခြေ(၅၅၀၄)အိမ်နှင့် လယ်ယာမြေစိုက်ဧက ပေါင်း(၁၅၆၆၅)ဧကကျော် ပါဝင်နေခြင်းဖြစ်ပါသဖြင့် မိုင်းယုမြို့နယ်ခွဲသည် မိုင်းယောင်းမြို့နယ်ထက်လူဦးရေနှင့် လယ်ယာမြေပိုမိုများပြားနေကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မိုင်းယုမြို့နယ်ခွဲတွင် ပါဝင်သောအထူးဒေသ(၄) နမ့်ပန်းနယ်မြေရှိ ကျေးရွာ နှင့် လယ်မြေများအား ပြည်နယ်အစိုးရမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ "သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။အားလုံးကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်(၂)။** ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ တကွ လွှတ်တော်ကိုယ်စားလှယ်များ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်များအား ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ် ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးဖြစ်ပါတယ်။ "ပြည်ထောင်စုအစိုးရတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများကိုမြှင့်တင်ရေး နှင့်ကာကွယ်ရေး ကော်မရှင်ကို ပြည်သူလူထု၏ မူလရပိုင်ခွင့် လူ့အခွင့်အရေးများကိုရှောက်စောင့် ကာကွယ်လျှက်ရှိသော်လည်းအလှမ်းဝေး သည့် ရှမ်းပြည်နယ် တောင်ပေါ်တိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုအစိုးရ ကော်မရှင်သို့ ဆက်သွယ်ပြီး အချိန်နှင့် တပြေးညီတိုင်ကြားရန် ခက်ခဲမှု၊ ကြန့်ကြာမှု များရှိပါသဖြင့် ပြည်နယ်အစိုးရတွင် ပြည်နယ်နှင့် တိုင်းများ၏ မူလအခွင့်အရေးနှင့် ကာကွယ်ရေးကော်မရှင် ဖွဲ့စည်းရန် အစီအစဉ်ရှိ/မရှိ" ကိစ္စကို ပထမမေးခွန်းအဖြစ်လည်းကောင်း၊ မေးခွန်းနောက်တစ်ခုကတော့ ပထမအကြိမ် ဒုတိယပုံမှန် ပထမနေ့ အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရ ဝန်ကြီးချုပ်၏ အဖွင့်မိန့်ခွန်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အောင်မြင်စွာဖွဲ့စည်းပြီး ဝန်ကြီးများဖြင့် လုပ်ငန်းဆောင်သာများကို လည်ပတ်စွာ ဆောင်ရွက်နိုင်ကြောင်း မိန့်ခွန်းတွင် မွက်ကြားခဲ့ပါတယ်။ အစိုးရအဖွဲ့တစ်ရပ်အနေဖြင့်





ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားပြီး၊ ကြေညာ ထားတဲ့အတွက် ရုံးပိတ်ရက်များအပြင် သင်္ကြန်ရုံးပိတ်ရက်များဖော်ပြပါရှိကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား အများပြည်သူရုံးပိတ်ရက်နှင့် ပက်သတ်ပြီး **"လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ"** ပုဒ်မ-၂၅တွင် အဓိပ္ပာယ်ဖွင့်ဆို ထားပါတယ်။ အများပြည်သူရုံးပိတ်ရက်ဆိုသည်မှာ တနင်္ဂနွေနေ့များ နှင့် နိုင်ငံတော်သမ္မတ ကအမိန့်ကြော်ညာစာဖြင့်ထုတ်ပြန်၍ ရုံးပိတ်ရက် အဖြစ်သတ်မှတ်ပေး သောနေ့များ ဖြစ်ကြောင်းပြဋ္ဌာန်း ထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ- ၁၁၈တွင် **"တိုင်းဒေသကြီး(သို့မဟုတ် ) ပြည်နယ် လွှတ်တော်သည် ဇယား(၂)တွင်ဖော်ပြထားသော တိုင်း ဒေသကြီး(သို့မဟုတ်)ပြည်နယ်ဥပဒေပြု စာရင်းပါ ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ဥပဒေပြုခွင့်"** ရှိကြောင်းပြဋ္ဌာန်းထားပါသည်။

အဆိုပါဇယား(၂)၏ စာရင်းတွင် အများပြည်သူရုံးပိတ်ရက် အဖြစ် ပြည်နယ်လွှတ်တော်က သတ်မှတ်နိုင်ရေးကိစ္စ ပြဋ္ဌာန်းထားခြင်း မရှိပါ။

သို့ဖြစ်၍ရှမ်းပြည်နယ်နေ့အား ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရေးကိစ္စသည် ပြည်ထောင်စုအစိုးရအဖွဲ့ကသာ သတ်မှတ်နိုင်သော ကိစ္စရပ်ဖြစ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ရန်အစီအစဉ်မရှိကြောင်း ဖြေကြားအပ်ပါသည်။

**[ ဩဘာသံများ ]**

ကိုယ်စားပြုအဆောင်အယောင်ဖြစ်သော အလံတော်တစ်ခု သတ်သတ်မှတ်မှတ်ထားရှိရန် လိုအပ်ပါသဖြင့် အလံတော်ကို အလယ်ဗဟိုတွင် ဝိုင်းစက်သော လပြည့်ဝန်းပုံဏ္ဍာန်ပါ ဝါ၊ စိမ်း၊ နီ သုံးရောင်ချယ်ပါ အလံတော်ကို ရှမ်းပြည်နယ်ကိုယ်စားပြု အလံတော်အဖြစ် အစဉ်အဆက် အသိအမှတ်ပြုသကဲ့သို့ လက်ရှိ ရှမ်းပြည်နယ်အစိုးရအနေဖြင့် အသိအမှတ်ပြုမှု ရှိ/မရှိ "သည်ကို မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဉက္ကဋ္ဌ။** ။သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစိုးရ အဖွဲ့ဝင်မှ မေးခွန်းတစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး။** ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဉက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား စိတ်၏ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအင် မေးမြန်းထားသော မေးခွန်း(၁)ခုနှင့် မိုးနဲမြို့နယ် မဲဆန္ဒနယ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး မေးမြန်းသည့်မေးခွန်း(၂)ခုတို့ကို ကျွန်တော် တစ်ခုချင်းစီ ဖြေကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်း ဖြစ်တဲ့ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်





မိုင်းလားအဖွဲ့ဟာ နိုင်ငံတော်အစိုးရနှင့် ၁၉၈၉ခုနှစ်တွင် ငြိမ်းချမ်းရေး ရယူခဲ့သောအဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ အထူးဒေသ(၄)၏ ဒေသများအနေဖြင့် ရှမ်းပြည်နယ်၊ မိုင်းယန်းမြို့နယ် ဧရိယာတွင် ရနေတဲ့ ဆီလူးဒေသ၊ မိုင်းလားမြို့နယ်တွင် ရှိသော မိုင်းလားဒေသ၊ မိုင်းယုမြို့နယ်ခွဲအတွင်းရှိနေသော နမ့်ပန်ဒေသတို့ ပါဝင်နေ ပါကြောင်း တွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေး ရယူခဲ့စဉ်ကတည်းက ၎င်းတို့နှင့် ဆက်စပ် နေသောဒေသများကို နယ်မြေဒေသဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်ပေးရန် ပါရှိခဲ့၍ ၎င်းတို့ ဧရိယာများနှင့် ဆက်စပ်နေသော ဒေသများကိုပါ အုပ်ချုပ်ရေး ယန္တရားအရ မြို့နယ်ခွဲအဆင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ မည်သည့် ဒေသတွင်ရှိစေကာမူ ယင်းဒေသအားလုံး သည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း ရှိ ဒေသများပင်ဖြစ်ပါကြောင်း၊ လောလောဆယ်ကျေးရွာနှင့် လယ်မြေများအား ပြည်နယ်အစိုးရမှ စီမံဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ယခုအချိန်အခါ တွင် အထူးဒေသ(၂) " ဝ " အဖွဲ့၊ အထူးဒေသ(၄) မိုင်းလား အဖွဲ့တို့ နှင့် ပြည်ထောင်စုအဆင့် ဆွေးနွေးမှုများရှိနေပြီဖြစ်၍ နှစ်ဖက်သဘော တူညီမှု များအရ နမ့်ပန်နယ်မြေရှိ ကျေးရွာနှင့်လယ်မြေများကိုပါ ရှမ်းပြည်နယ် အစိုးရမှ စီမံဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ မိုးနဲမြို့နယ် မဲဆန္ဒနယ် (၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး မေးမြန်းသည့်မေးခွန်းကို ပြန်လည် ဖြေကြားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ က မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ( ၅. ၉. ၂၀၁၁ )

ရက်စွဲပါစာ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၁)ဖြင့် ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဦးဝင်းမြ (သံအမတ်ကြီး အငြိမ်းစား)၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးကျော်တင့်ဆွေ(သံအမတ်ကြီးအငြိမ်း) ၊ အတွင်းရေးမှူး အဖြစ် ဦးစစ်မြိုင် (ညွှန်ကြားရေးမှူး အငြိမ်းစား) နှင့် အဖွဲ့ဝင်အဖြစ် (၁၂) ဦး ဖြင့် စုစုပေါင်း (၁၅)ဦးပါဝင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံသားများ၏ လူ့အခွင့်အရေးကို ထိရောက်စွာ ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် ကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ နိုင်ငံသားများ အနေနဲ့ ၄င်းတို့၏ ရပိုင်ခွင့် အခွင့်အရေးများ ချိုးဖောက်ခြင်းခံရပါက ကော်မရှင်သို့ တိုင်ကြားနိုင်ပြီး၊ ကော်မရှင်က လိုအပ်သည့် စုံစမ်းစစ်မှုများ ပြုလုပ်ကာ ဆက်လက်အရေးယူနိုင်ရန် သက်ဆိုင်ရာတာဝန် ရှိသူများ ထံ အကြောင်းကြားပေးမှာ ဖြစ်ပါတယ်။ ကော်မရှင်အနေနဲ့ နှစ်ပတ်လည် အစီရင်ခံစာ ကို သမ္မတထံ တိုက်ရိုက်တင်ပြ မည်ဖြစ်ပြီး၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၊ ဒေသအတွင်း အဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာ အသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း သိရှိရပါတယ်။

လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရန် ကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံ အသိုက်အဝန်းများအနက် တာဝန်သိသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အသိုက်အဝန်းနှင့် နီးကပ်စွာပူးပေါင်း၍ လူ့အခွင့်အရေးကာကွယ် မြှင့်တင်ရေးကိစ္စများကို ဆောင်ရွက်လျှက်ရှိပါတယ်။

လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကိစ္စနှင့် ပတ်သက်၍ (၁/၉၉)အမိန့်နှင့် ၄င်းအမိန့်ကို ဖြည့်စွက်သည့်အမိန့်များဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ၁၉၀၇ ခုနှစ် ကျေးရွာအက်ဥပဒေပါ လုပ်အားပေးဆင့်ဆိုခြင်း၊ အရေးယူခြင်းတို့နှင့် စပ်လျဉ်းသည့် ပြဌာန်းချက်များ၊ ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။





ကိုယ်စားလှယ် ဦးစိုင်းအင် မေးမြန်းထားတဲ့ မေးခွန်းကိုဖြေကြားမယ် ဆိုလျှင် မိုင်းဖြတ်ခရိုင်၊ မိုင်းယောင်းမြို့နယ်အတွင်းရှိ မိုင်းယုမြို့နယ်ခွဲကို မြို့နယ်ခွဲအဆင့်ဖြင့် ဒေသဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးယန္တရား စီမံ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၆-၇-၂၀၀၂ ရက်စွဲပါစာအမှတ်၊ ၁၀၀/ ၂၄-၂၀/ဦး၁ ဖြင့် ရပ်ကွက်(၁)ခု၊ ကျေးရွာအုပ်စု(၁၄)အုပ်စု၊ ကျေးရွာ(၂၀၁)ဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ စတင်ဖွဲ့စည်းသည့် အချိန်တွင် ကျေးရွာအုပ်စုများမှာ ကျိုင်းကုန်း၊ ဝမ်ထန်ကျန့်၊ ဝမ်တွန်နွဲ့၊ မိုင်းလွေ၊ ဝမ်ဖြတ်၊ ကျိုင်းခမ်း၊ မိုင်းဟီး၊ မိုင်းဆော်၊ မိုင်းနန်း၊ မိုင်းထန်၊ မိုင်းခန်း၊ စွပ်ပလွေ၊ မိုင်းဝ နှင့် ဝမ်မိုင်လုံတို့ဖြစ်ပါတယ်။ ထို့အပြင် အုပ်ချုပ်မှုယန္တရား လွယ်ကူစေရန် အတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၄-၁၀-၂၀၀၄ ရက်စွဲပါ စာအမှတ်၊ ၁၀၀/၂၃-၃၂၅/ ဦး ၁ဖြင့် မိုင်းယုမြို့နယ်ခွဲအတွင်း ပါဝင်သော ကျေးရွာအုပ်စု(၁၄) အုပ်စုအနက် စွပ်ပလွေ၊ မိုင်းဝ၊ ဝမ်မိုင်လုံကျေးရွာအုပ်စု(၃)အုပ်စုအား ကျိုင်းတုံခရိုင်၊ မိုင်းလားမြို့နယ် အတွင်း ပြန်လည်ထည့်သွင်းဖွဲ့စည်းခဲ့သဖြင့် မိုင်းယုမြို့နယ်ခွဲတွင် ရပ်ကွက်(၁)ခု၊ ကျေးရွာအုပ်စု(၁၁)အုပ်စု၊ ကျေးရွာ(၁၆၇)ရွာဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်း သည့် နေ့မှစ၍ မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး(ဒုတိယဦးစီးမှူး)တစ်ဦးအပါအဝင် ဝန်ထမ်း(၁၇)ဦးဖြင့် မြို့နယ်ခွဲ၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ ကို အခြားဌာနဆိုင်ရာ (၁၆)ခုဖြင့် ယနေ့ထိ အောင်မြင်အောင် ဆောင်ရွက်လျက် ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ နမ့်ပန်ကျေးရွာသည် ဝမ်ဖြတ်ကျေးရွာအုပ်စု တွင် ပါဝင်၍ အထူးဒေသ(၄) မိုင်းလားအဖွဲ့၏ ဧရိယာတွင် ပါဝင်နေပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ (၄)

မြို့နယ်/ခရိုင်အဆင့်ဆင့် လစဉ် အစီရင်ခံစာများ ပြန်တမ်းများပေးပို့ အစီရင်ခံစေလျက်ရှိပါတယ်။

ပြည်ထောင်စု၏ မည်သည့်နေရာတွင်မဆို နေထိုင်သည့် နိုင်ငံသားတိုင်းသည် မိမိ၏ မူလအခွင့်အရေးများ ဆုံးရှုံးနစ်နာမှု ရှိနေကြောင်းနှင့် ဆုံးရှုံးနစ်နာမှုအတွက် ကာကွယ် စောင့်ရှောက်မှု လိုအပ်ကြောင်း ထင်မြင်ယူဆပါက မည်သူမဆို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့ တရားဝင် တင်ပြတိုင်ကြား နိုင်တာ ဖြစ်ပါတယ်။ မိမိတို့ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသားများအနေနဲ့လည်း မူလအခွင့်အရေး ချိုးဖောက်ခံရတဲ့ အတွက် နစ်နာဆုံးရှုံးမှုရှိနေကြောင်းနဲ့ နစ်နာဆုံးရှုံးမှုအတွက် ကာကွယ် စောင့်ရှောက်ပေးရန် လိုအပ်ချက်များရှိပါက ဖွဲ့စည်းထားပြီး ဖြစ်တဲ့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့ တရားဝင် တင်ပြတိုင်ကြားနိုင်တာဖြစ်တဲ့အတွက် ရှမ်းပြည်နယ်အစိုးရတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မြှင့်တင်ရေးနှင့် ကာကွယ်ရေးကော်မရှင် ကို သီးခြားဖွဲ့စည်းရန် အစီအစဉ်မရှိသေး ပါကြောင်း ဖြေကြား အပ်ပါတယ်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍနှင့်ပတ်သက်၍ ပြည်သူတို့၏ ဆန္ဒသဘော ထားဖြင့် အတည်ပြုခဲ့သော ၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ဇယား(၁) ပြည်ထောင်စုဥပဒေပြုစာရင်းတွင်

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ကာကွယ်ရေးအတွက် စီမံ ပြင်ဆင်ခြင်း၊





အမှတ်(၄၁/၂၀၁၁)ဖြင့် ဖွဲ့စည်း၍ ပြည်နယ်ဝန်ကြီးချုပ် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရန်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်အတွင်းရှိ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး (သို့)လုံခြုံရေး တာဝန်ယူဆောင်ရွက်နေသော အဆင့်မြင့် တပ်မတော်အရာရှိကြီး ပြည်နယ်လုံခြုံ/နယ်စပ်ရေးရာ ဝန်ကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့မှ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်၍ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သော (၆)ဦးအဖွဲ့ဖြင့် အပတ်စဉ်သောကြာနေ့တိုင်း ပြည်နယ်အတွင်း လုံခြုံရေးကိစ္စရပ်များညှိနှိုင်းဆောင်ရွက်နေပါကြောင်း သီးခြား အနေဖြင့် ကာကွယ်ရေး ကော်မရှင်ကို ဖွဲ့စည်းရန်အစီအစဉ် မရှိသေး ပါကြောင်း၊ နိုင်ငံတော်အစိုးရမှသာ စီမံဆောင်ရွက်ရမည့် ကိစ္စ ဖြစ်ပါကြောင်း ဖြေကြားပါသည်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ “ရှမ်းပြည်နယ်အလံတော်ကို ပြည်နယ်အစိုးရ မှ အသိအမှတ်ပြုမှု ရှိ/မရှိ ”ဆိုတဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

၁၉၄၇ခုနှစ်၊ ပြည်ထောင်စုမြန်မာငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများ အရ နိုင်ငံတော်အလံ ဥပဒေများ ခေတ်အဆက်ဆက်ကပြဌာန်း ခဲ့ပါသည်။ ယင်းဥပဒေများ၏ပြဌာန်းချက်များတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလံများနှင့်ပတ်သက်၍ ပြဌာန်းထားခြင်း မရှိပါ။

ရှမ်းပြည်နယ်အလံကို ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁) ရက်နေ့တွင်ကျင်းပသော ပင်လုံညီလာခံအစည်းအဝေး၌ ရှမ်းပြည်နယ် စော်ဘွားများနှင့် လူထုကိုယ်စားလှယ်များ အားလုံး သဘောတူ

ဆုံးဖြတ်ခဲ့ပါ၍ ရှမ်းပြည်နယ်အလံအား အသိမှတ်ပြုသည်မှ ယနေ့ထိ နှစ်ပေါင်း(၆၄)နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ရှမ်းပြည်နယ်အလံအဖြစ် ခေတ်အဆက်ဆက်တွင် နိုင်ငံတော် မှလည်း အသိအမှတ်ပြုထား လျက်ရှိပါသည်။

ရှမ်းပြည်နယ်အတွင်းပြုလုပ်သည့် ပြည်နယ်အဆင့် အခမ်းအနားများတွင် ရှမ်းပြည်နယ် အလံကို ပြည်ထောင်စု အလံနှင့် ယှဉ်တွဲအသုံးပြုလေ့ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်နယ်အစိုးရ အဖွဲ့မှ လည်း ရှမ်းပြည်နယ်အလံကို အသိမှတ် ပြုပါကြောင်း ပြန်လည် ဖြေကြားပါတယ်။ လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည်က အဆို တင်သွင်းသော “ မဟာဓာတ်အားလိုင်းမရှိသော နေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေး ကိစ္စကို ပြည်နယ်ပိုင်အဖြစ် ဆောင်ရွက်သင့်ကြောင်း၊ ပြည်နယ် အစိုးရကမဆောင်ရွက်နိုင်ပါကပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ အား တစ်ဦးတည်းဖြစ်စေ၊အစုအဖွဲ့ လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြု သင့်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် တစ်နေရာ နှင့် မိုင်းတုံမြို့နယ် နားကောင်းမူးကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများဆောင်ရွက်ရန် ရှိနေပါကြောင်း”အဆိုကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား - ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့မှာ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ





(ခ) ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာစက်မှုလက်မှု လုပ်ငန်းများ၊

(ဂ) ဇီဝနှင့်ဓါတုစသည့်လက်နက်များအပါအဝင် လက်နက်ခဲယမ်းမီးကျောက်များ နှင့်ပေါက်ကွဲ စေတတ်သည့် ပစ္စည်းများ၊

(ဃ) အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူ ရောင်ခြည်နှင့်ယင်းတို့ကို ဖြစ်ထွန်းစေသော ဓါတ်သတ္တုပင်ရင်းအခြေအမြစ်များ၊

(င) စစ်ကြေညာခြင်းနှင့်စစ်ပြေငြိမ်းခြင်း၊

(စ) နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊

(ဆ) ရဲတပ်ဖွဲ့

ဟုဖော်ပြပါရှိသည့်အတွက် ရှမ်းပြည်နယ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နယ်မြေအစိတ် အပိုင်းတွင် ပါဝင်သည်ဖြစ်၍ ရှမ်းပြည်နယ်၏ ကာကွယ်ရေး၊ လုံခြုံရေးနှင့် သက်ဆိုင်သော ကာကွယ်ရေး ကော်မရှင်ဖွဲ့စည်းရန်ကိစ္စမှာ ရှမ်းပြည်နယ်လွှတ်တော်မှ ဥပဒေပြု ဆောင်ရွက်၍မရပဲ ပြည်ထောင်စုအဆင့်မှ အတည်ပြု ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(က) နှင့်(ခ)အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို နိုင်ငံတော်သမ္မတ ဦးဆောင်ပြီး အဖွဲ့ဝင်(၁၀)ဦးဖြင့် နိုင်ငံတော်အဆင့် အမျိုးသား ကာကွယ်ရေးနှင့်လုံခြုံရေး ကောင်စီကို ဖွဲ့စည်းဆောင်ရွက်သည့် နည်းတူ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ပြည်နယ်လုံခြုံရေး ကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၄-၇-၂၀၁၁ ရက်စွဲပါအမိန့်

ဦးစိုင်းမိုးကြည်ကအဆိုတင်သွင်းသော "မဟာဓာတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြု နိုင်သော လျှပ်စစ်ထုတ်လုပ်ရေး ကိစ္စကို ပြည်နယ်ပိုင်အဖြစ် ဆောင်ရွက်သင့်ကြောင်း ၊ ပြည်နယ်အစိုးရ ကမဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိတိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့် ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ် နားကောင်းမူးကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန် ရှိနေပါကြောင်း"အဆိုကိုဆွေးနွေးရန် မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းဝင်းမြတ်ဦးက ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)။** ။ မင်္ဂလာပါ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး ဖြစ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည်မှ တင်သွင်းသော "မဟာဓာတ်အား လိုင်းမရှိသောနေရာတွင် ရေအား အသုံးပြုနိုင်သော လျှပ်စစ် ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်အဖြစ် ဆောင်ရွက်သင့်ကြောင်း ၊ ပြည်နယ်အစိုးရက မဆောင်ရွက်နိုင်ပါက





**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှု၊ ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ ဝန်ကြီး ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမိုးကြည်က အဆိုတင်သွင်းသော "မဟာဓာတ်အား လိုင်းမရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်အဖြစ် ဆောင်ရွက် သင့်ကြောင်း ၊ ပြည်နယ်အစိုးရက မဆောင်ရွက်နိုင်ပါက ပြည်နယ် အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့ လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့် ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမူးကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများဆောင်ရွက်ရန် ရှိနေပါကြောင်း" အဆိုကို ပြန်လည်ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

(၁) မဟာဓာတ်အားလိုင်းမရှိသောနေရာတွင် လျှပ်စစ် ထုတ်လုပ်ရေးကိစ္စကို ပြည်နယ် ပိုင်လုပ်ငန်းအဖြစ် ဆောင်ရွက် နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရံပုံငွေမရှိသေး ပါသဖြင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်း ဖြစ်စေ ၊ အစုအဖွဲ့ လိုက်ဖြစ်စေ ၊ ပုဂ္ဂလိကရေအားလျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ထောက်ခံချက်၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၏ စီစစ် ထောက်ခံချက်များဖြင့် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက်နိုင်ပါသည်။

(၂) အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပုဂ္ဂလိကရေအား လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်း တစ်နှစ်ခွင့်ပြုပေးပြီး လုပ်ကိုင်ခွင့်သက်တမ်း ဆက်လက်တိုးမြှင့်ရန် လျှောက်ထားရာတွင် သက်တမ်းမကုန်ဆုံးမီ ၂ လ ကြိုတင်၍ အမှုတွဲအပြည့်အစုံဖြင့် ပြန်လည်တင်ပြလျှောက်ထားရပါတယ် ။ဦးစိုင်းမိုးကြည်ရဲ့ အဆိုကို ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးကြည် တင်သွင်းသောအဆိုကို လွှတ်တော်တွင် **အတည်ပြုချက်ရယူနိုင်ရန်** လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသွားမှာဖြစ်ပါတယ်။ အဆိုမှာ - “မဟာဓာတ်အားလိုင်း မရှိသောနေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေးကိစ္စကို ပြည်နယ် ပိုင်အဖြစ် ဆောင်ရွက်သင့်ကြောင်း၊ ပြည်နယ်အစိုးရက မဆောင်ရွက်နိုင်ပါက ပြည်နယ် အတွင်းရှိတိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက် ဖြစ်စေခွင့်ပြုသင့် ပါကြောင်း၊ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် (တစ်နေရာ) နှင့် မိုင်းတုံမြို့နယ် နားကောင်းမူးကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက်ရန် ရှိနေပါကြောင်း” ဖြစ်ပါတယ်။အဆိုကို **အတည်ပြုရန်** လွှတ်တော်က

**သဘောတူပါ သလားခင်ဗျား**

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူ ပါသည်။ ]**





ပြည်နယ်အတွင်းရှိတိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ် နားကောင်းမူးကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက် ရန် ရှိနေပါကြောင်း” အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- လျှပ်စစ်မီးဟာ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ အသိပညာများ ရရှိနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်နေသော အရာတစ်ခုဖြစ်ပါသည်။ ကျွန်တော်တို့ ပြည်နယ်မှာ လျှပ်စစ်ဓါတ်အားမရှိသော မြို့နယ်ပေါင်းမြောက်များစွာ ရှိနေပါတယ်။ မဟာဓါတ်အားလိုင်း ဝင်ရောက်ရန် အစီအစဉ် မရှိသေးသော မြို့နယ်ကို ပြည်နယ်ရံပုံငွေဖြင့် ပြည်နယ်ပိုင် ရေအားလျှပ်စစ်များ လုပ်ကိုင် ဆောင်ရွက်ပေးသင့်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- တကယ်လို့ ပြည်နယ်အစိုးရမှ ပြည်နယ်ပိုင်ရေအား လျှပ်စစ်လုပ်ကိုင်နိုင်ခြင်းမရှိပါက ပုဂ္ဂလိကအဖွဲ့များကို လုပ်ကိုင်ပိုင်ခွင့်ပြုသင့် ပါတယ်။ ထိုသို့လုပ်ကိုင်ခွင့်ပြုရာမှာ သဘာဝပတ်ဝန်းကျင်နှင့် မထိခိုင်သော ရေဝင်ရေလွှဲလုပ်ငန်းများနှင့် မထိခိုက်သော နေရာများတွင် သင့်တင့်မျှတသော ပြည်နယ်ရံပုံငွေကို ပေးဆောင်စေ၍ လုပ်ကိုင်ခွင့်ပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေး အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။အဆိုကို သက်ဆိုင်ရာ ပြည်နယ် အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးပေးရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် - “မဟာဓာတ်အားလိုင်းမရှိသောနေရာတွင် ရေအားအသုံးပြု နိုင်သော လျှပ်စစ် ထုတ်လုပ်ရေးကိစ္စကို ပြည်နယ်ပိုင်အဖြစ် ဆောင်ရွက်သင့်ကြောင်း၊ ပြည်နယ်အစိုးရက မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ခွင့်ပြုသင့်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုမည်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယောင်းမြို့နယ်တွင် (တစ်နေရာ) နှင့် မိုင်းတုံ မြို့နယ်၊ နားကောင်းမူးကျေးရွာတွင် တည်ဆောက်ရန်အဖွဲ့အစုများ ဆောင်ရွက်ရန် ရှိနေပါကြောင်း” အဆိုကို ရှမ်းပြည်နယ် လွှတ်တော်က **အတည်ပြုကြောင်း** ကြေညာပါတယ်။

**[ ဩဘာသံများ ]**

**ဥက္ကဋ္ဌ**။ ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား - ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ နမ့်တူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှဒေါ်နန်းခမ်းအေးက “ကျေးလက်နေပြည်သူများအလုပ်အကိုင် အခွင့်အလမ်းတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်တွင် ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့ တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန်” အဆိုကို ဦးစိုင်းသူရိန်ဦး ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းသူရိန်ဦး ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။





မျှစ်ချောင်းတစ်ချောင်းဟာ ဝါးတစ်လုံးနှုန်းဖြစ်ပါတယ်။ မျှစ်စို့ တစ်ပိဿာလျှင် မျှစ်ချောင်း(၅)ချောင်းနှုန်းဖြစ်ပါတယ်။ မျှစ်စို့တစ်ပိဿာလျှင် (၂၀ဝိ/-)ကျပ်နှုန်းဖြစ်ပြီး ဝါးတစ်လုံးကို (၁၀၀ဝိ/-)ကျပ်နှုန်း ပေါက်စျေးရှိပါသည်ကို ကြည့်ခြင်းအားဖြင့် မျှစ်စို့တစ်ချောင်းနှင့် ဝါးပင်တစ်ပင်မှ ပြည်သူလူထုရရှိနိုင်သော အကျိုးအမြတ်သည် အလွန်ကွာဟလှပါတယ်။ မျှစ်တစ်ဖိုလျှင် တစ်ရက်ကို အနည်းဆုံး ပိဿာ(၂၀၀ဝိ/-)နှုန်း ထုတ်လုပ်လျှက်ရှိသည်ဟု သိရပါတယ်။ ဤသို့ဆိုလျှင် မျှစ်ပိဿာချိန်(၂၀၀၀)အတွက် ဝါးပင်ဖြစ်လာမည့် အလုံးရေ(၁၀၀၀၀)ဆုံးရှုံးသည်ဟု ဆိုနိုင်ပါတယ် ခင်ဗျား။

ထို့ပြင် မျှစ်များခြောက်သွေ့အောင် ပြုလုပ်ရသည့်အတွက် တစ်ရက်လျှင် ထင်းခြောက် လံနှုန်း အသုံးပြုရသည့်အပြင် မီးသွေးကိုပါ အသုံးပြုရပါသဖြင့် တစ်ရက်၏ ပျှမ်းမျှ အသုံးပြု ဆုံးရှုံးမှုကို ကိုယ်စားလှယ်များအားလုံး ခန့်မှန်းနိုင်ပါလိမ့်မည်။ မျှစ်များကို ကြာရှည်အထားခံရန်အတွက် ဦးစွာကန့်နှင့် မီးသွေးကို အသုံးပြုရသည့်အတွက် သဘာဝပတ်ဝန်းကျင်အား များစွာထိခိုက်ညစ်ညမ်းစေပါတယ်။

ဤကဲ့သို့သော မျှစ်ဖိုပေါင်းများစွာကို စီးပွားဖြစ်နှစ်စဉ် လုပ်ကိုင်ခြင်းကို ခွင့်ပြုမည်ဆိုပါက သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်စေသည့်အပြင် ကျေးလက်နေပြည်သူများ၏ ရေရှည်အကျိုးစီးပွားလည်း ထိခိုက်မည်ဖြစ်ပါတယ်။

(၂၀ဝ၈)ဖွဲ့စည်းပုံအခြေခံဥပဒေ -

အခန်း(၁)၊ ပုဒ်မ(၃၁)တွင် နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှကူညီဆောင်ရွက်ရမည် ဆိုသကဲ့သို့

အခန်း(၁)၊ ပုဒ်မ(၄၅)တွင်လည်း နိုင်ငံတော်သည် သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ပါရှိပါတယ်။

ထို့ကြောင့် ကျေးလက်နေပြည်သူများ အလုပ်လက်မဲ့ နည်းပါးစေရန် ရည်ရွယ်၍ သော်လည်းကောင်း၊ သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ သော်လည်းကောင်း၊ ယခုကဲ့သို့ မျှစ်စို့များ စီးပွားဖြစ်လုပ်ကိုင်ခြင်း အား နှစ်အကန့်အသတ် (၁နှစ်ခြားဖြင့်)သာ လုပ်ကိုင်ခွင့်ပြု သင့်ကြောင်း အဆိုကိုထောက်ခံတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။အဆိုကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်း ဝင်က ရှင်းလင်းဆွေးနွေးပေးရန် ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တု ဝန်ကြီး** ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့မှာ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေး အဆိုတင်သွင်းသော "ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့ တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင် ခွင့်ပြုနိုင်ရန် " အဆိုကို ပြန်လည်ဖြေဆို ရမည်ဆိုလျှင်





**ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် တက္ကကြွရောက်လာကြ သော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခါ သမယဖြစ်ပါစေ ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စိုင်းသူရိန်ဦး ဖြစ်ပါတယ် ခင်ဗျား။

နမ္မတူမြို့၊မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် နန်းခမ်းအေး၏ "ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းတိုးတက်ရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့ တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန်"အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀%သည် ကျေးလက်နေပြည်သူများ ဖြစ်ကြတယ်။ ဆင်းရဲမှုမြင့်မားလှပါသော ကျေးလက်နေပြည်သူများ အတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးလုပ်ငန်းစဉ်(၈)ရပ်တွင် ကျေးလက်လူမှု စီးပွားဖွံ့ဖြိုး တိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဟု ပါရှိပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား- အလုပ်အကိုင်နည်းပါးသော မိုးရာသီ အခါသမယတွင် ကျေးလက် နေ ပြည်သူများ၏ ဝမ်းစာရေးအတွက် မျှစ်ချိုးယူရောင်းချခြင်းကို ခွင့်ပြုနိုင်ပါသော်လည်း စီးပွားရေး သမားများ၏ မတော်လောဘဖြင့် မျှစ်များစွာကို နယ်စပ်မြို့များသို့ တင်ပို့ရောင်းချနေခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ အဓိက သံယံဇာတဟုဆိုနိုင်သော ဝါးပင်ပေါင်းမြောက်များစွာ ဆုံးရှုံး နေရပါတယ်။ မြို့နယ်တစ်ခုရဲ့ စီးပွားရေးသမား၏ မျှစ်ဖိုများစွာရှိနေသည့် အနက် မျှစ်ဖိုတစ်ဖို၏ တစ်ရက်အသုံးပြုမှုကို တင်ပြလိုပါတယ်။

မျှစ်စို့များကို တရားဝင်ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် မျှစ်မျိုးတုံးမှုမရှိစေရေးအတွက် သစ်တောဦးစီးဌာနအနေဖြင့် နှစ်(၃၀)ပင်မစီမံကိန်းကိုအခြေခံ၍ ၂၀၀၆-၂၀၀၇ခုနှစ်မှစ၍ ၂၀၁၅-၂၀၁၆ခုနှစ်အထိ (၁၀)နှစ် စီမံကိန်းများကို လွန်ခဲ့သော (၁၀)စုနှစ် အပေါ်အခြေခံ၍ သစ်နှင့်သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ်ထုတ်လုပ် နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရှုဒေါင့်များအရ အသေးစိတ်ရေးဆွဲ ဆောင်ရွက် လျက်ရှိပါတယ်။ ဝါး(မျှစ်စို့)များကို တိုးမြှင့်ထုတ်လုပ်ရန်လိုအပ်လာပါက ဝါးစိုက်ခင်းများ ပုဂ္ဂလိကအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ထူထောင်၍ ဝါးများကို စနစ်တကျခုတ်ယူထုတ်လုပ်သွားပါက (၄)နှစ်(၅)နှစ်အတွင်း လိုအပ်သော ဝါးပမာဏကို စိုက်ပျိုးတည်ထောင်နိုင်မှုအရ ထုတ်လုပ်ခွင့်ပြုနိုင်ပါမယ်။ လက်ရှိအခြေအနေအရ နမ္မတူမြို့နယ်အတွင် နှစ်စဉ်တစ်နှစ်လျှင် ဝါး(မျှစ်စို့)အရေအတွက်(၃၄၀၀၀)လုံး ခွင့်ပြုကြောင်းနှင့် ဝါးနှင့်မျှစ်စို့၊မျှစ်ခြောက်များ ထုတ်လုပ်လိုသူများအား ဝါးစိုက်ပျိုးရေး နည်းပညာများကို သစ်တောဦးစီးဌာနအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင့် ဖြေဆိုအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ် ခင်ဗျား။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီး ။** ။ ကျွန်တော်ဖြည့်စွက်ပြီးသော တင်ပြချင်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေး က အဆိုတင်သွင်းသော "ကျေးလက်နေပြည်သူ များ





ရှမ်းပြည်နယ်အစိုးရ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေထဲသို့ နယ်စပ်ကုန်သွယ်ရေး ဂိတ်ပေါက်များမှရရှိသောအခွန်ငွေမှာ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ (မ. က. ဖ)ကောက်ခံသော နယ်စပ်ဖြတ်သန်းခများဖြစ်သည့် ယာယီနယ်စပ်ဖြတ်သန်း ခွင့် Temporary Bordre Pass - TBP နှင့် တနှစ်သက်တမ်းအသုံး ပြုနိုင်သော နယ်စပ်ဖြတ်သန်းခွင့် Bordre Pass မှ ကောက်ခံရရှိငွေများ ဖြစ်ပါသည်။

ဒီရရှိတဲ့ဘဏ္ဍာရန်ပုံငွေများထဲကနေ ၁၀%ကို နယ်စပ်မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေသို့ ပေးသွင်းပြီးတော့ ကျန်တဲ့ ၉၀% ကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှတဆင့် ပြည်ထောင်စုဘဏ္ဍာစာရင်းသို့ ရောက်ရှိ သုံးစွဲရပါကြောင်း ပြောင်းလဲပြင်ဆင်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး တင်သွင်းသော အဆိုကို လွှတ်တော်တွင် **အတည်ပြုချက်ရယူနိုင်ရန်** လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသွားမှာဖြစ်ပါတယ်။ အဆိုမှာ "ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန်" ဖြစ်ပါတယ်။အဆိုကို **အတည်ပြုရန်** လွှတ်တော်က **သဘောတူပါသလားခင်ဗျား**

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် - "ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့ တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန်"အဆိုကို ရှမ်းပြည်နယ်လွှတ်တော်က **အတည်ပြုကြောင်း** ကြေညာပါတယ်။**[သြဘာသံများ]**

**ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ်တွင် ရွှေနှင့်သတ္တုမျိုးစုံ လာရောက်တူးဖော်သော ကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားများက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။ "ရှမ်းပြည်နယ်တွင် ရွှေနှင့်သတ္တုမျိုးစုံ လာရောက်တူးဖော်သော ကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင် သင့်ကြောင်း" အဆိုကို ဆွေးနွေးရန်အောက်ပါ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးရန် အမည်စာရင်း တင်သွင်း ပေးပို့ထားပါတယ် -

ပထမဦးစွာ ဦးဝင်းမြင့် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဆွေးနွေးရန် ဖြစ်ပါတယ်။





အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့ တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင် ခွင့်ပြုနိုင်ရန်" အဆိုပက်သတ်၍ ရှမ်းပြည်နယ်အနေနဲ့ မျှစ်စို့များ စီးပွားဖြစ် နယ်စပ်ပို့ဆောင်ခြင်းအပေါ် ဘဏ္ဍာငွေကောက်ခံခြင်း မရှိကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။ ထပ်ဆင့်ပြီး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းငွေငွေ၏ မေးခွန်း အပေါ်ဖြည့်စွက်၍ ဖြေကြားလိုပါတယ်။

မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းငွေငွေမှ ရှမ်းပြည်နယ်နယ်စပ်ကုန်သွယ်ရေး ဂိတ်ပေါက်များမှ ရရှိသော အခွန် အရပ်ရပ်များမှ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေသို့ အချိုးကျခွဲဝေသုံးစွဲခြင်း ရှိ/မရှိ သိရှိလို ပါကြောင်းနှင့် ပတ်သက်ပြီး -

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ် ကုန်သွယ်ရေးဦးစီးဌာနသည် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ပြီး ပို့ကုန်သွင်းကုန် လုပ်ငန်းများအတွက် လုပ်ငန်းဆောင်ရွက်ခွင့် လိုင်စင်များကို လုပ်ထုံး လုပ်နည်းနှင့် အညီ စိစစ်ခွင့်ပြုလျက်ရှိပါသည်။ နိုင်ငံတော်မှ သတ်မှတ်ထားတဲ့ သွင်းကုန်နှင့် ပို့ကုန်ဆိုင်ရာအခွန်များကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ သတ်မှတ်ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ ကောက်ခံ၍ ပြည်ထောင်စု ဘဏ္ဍာငွေစာရင်း သို့ပေးသွင်းလျက်ရှိပါသည်။

**ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး။**

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယ ပုံမှန်အစည်းအဝေး (တတိယနေ့)သို့ တက်ရောက်လာကြတဲ့ ဝန်ကြီးချုပ်နဲ့တကွ ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ဒေသတို့ရဲ့ ဥက္ကဋ္ဌများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ မြို့နယ်အသီးသီးမှ ရွေးချယ်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ တပ်မတော်သား ကိုယ်စားလှယ်များအားလုံးကို လေးစားပါတယ်။

ကျွန်တော်ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၅)အရ အင်းသားလူမျိုးရွေးချယ် ပေးလိုက်တဲ့ အင်းတိုင်းရင်းသားလူမျိုးများကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်အနေနဲ့ လင်းခေးမြို့နယ်၏ "ရှမ်းပြည်နယ်တွင် ရွှေနှင့်သတ္တုမျိုးစုံ လာရောက်တူးဖေါ်သော ကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်း" အဆိုကို လိုက်လိုက်လှဲလှဲ ဝမ်းပမ်းတသာ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား - ကျွန်တော်တို့ရဲ့ ၂၀၀၈ခုနှစ်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော်၏ အခြေခံမူများပုဒ်မ(၃၇)တွင် နိုင်ငံတော်သည် -

(က) နိုင်ငံတော်၏ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နဲ့ လေထုအတွင်းရှိသော သံယံဇာတ ပစ္စည်းအားလုံး ပိုင်ရှင်ဖြစ်သည်။





(၃) အချက်ကတော့ပျက်စီးသွားတဲ့ သဘာဝပတ်ဝန်းကျင်ကို စနစ်တကျပြန်လည် ထိန်းသိမ်းဖို့ လိုအပ်တယ် ဆိုတာ ဖြစ်ပါတယ်။ ပျက်စီးသွားတဲ့ သဘာဝ ပတ်ဝန်းကျင်ကို စနစ်တကျ ပြန်လည်ထိန်းသိမ်းဖို့ ငွေလိုအပ်ပါတယ်။ ဒီလို လိုအပ်တဲ့ ရန်ပုံငွေရဖို့ အတွက် လုပ်ပိုင်ခွင့်ရတဲ့ ကုမ္ပဏီများထံ သင့်တင့် မျှတသော နှုန်းထားနဲ့ ရန်ပုံငွေ ကောက်ခံရမှာ ဖြစ်ပါတယ်။ ရန်ပုံငွေ ကောက်ခံမှုဟာ သဘာဝ ကျတယ်၊တရားမျှတတယ်လို ကျွန်တော်ခံယူတယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံးကလည်း ကျွန်တော်လိုခံယူတယ်လို မျှော်လင့်ပါတယ်။ ကျွန်တော်တို့ဒေသမှာ လာရောက်ပြီး စီးပွားရှာခွင့် လည်းပေးရတယ်၊ ပျက်စီးသွားတဲ့ သဘာဝပတ်ဝန်းကျင် ကို နိုင်ငံတော်နဲ့ ဒေသခံပြည်သူများက ခံစားရတယ် ဆိုလျှင် ဖြစ်သမျှဒဏ် ရှမ်းပြည်သူလူထုခံ သလိုဖြစ် နေပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား - ကျွန်တော်တို့ နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ ပေါင်းစုံဟာ သဘာဝသယံဇာတတွေကို လောဘရမ္မက်ဦးစီးပြီး အတ္တဆန်စွာ ထုတ်ယူသုံးစွဲလို ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု ဖြစ်ပေါ်လာတယ်ဆိုတာ အားလုံးအသိပါပဲ၊ ၂၀၁၀ခုနှစ်မှာ ထူးကဲစွာ ရာသီဥတုပူပြင်းဒဏ်ခံစားရတယ်။ ၂၀၁၁ခုနှစ်မှာလည်း ထူးကဲစွာ မိုးရွာတွင်းခဲ့လို အရှေ့တောင် အာရှနိုင်ငံများဖြစ်တဲ့ ထိုင်း၊ ကမ္ဘောဒီယား၊ လာအို၊ ဗီယက်နမ်အပါအဝင် မြန်မာနိုင်ငံကလည်း ရေဘေးဒဏ်ခံခဲ့ရတယ်ဆိုတာ လက်တွေ့သာဓက တွေ့ပြနေလို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အမျိုးသားရေးတာဝန်အဖြစ် ထမ်းဆောင်ဖို့ကိုလည်း ကြိုတင်ပြင်ဆင် ထားရတော့မှာ ဖြစ်ပါတယ် ခင်ဗျား။

ရွှေနဲ့ သတ္တုမျိုးစုံ တူးဖော်ပြီ ဆိုတာကလည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှာ မြေကြီးလက်ခတ် မလွဲပါ။ ဒီလိုသဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ကျွန်တော်တို့ ဒေသခံတွေက ဦးစွာ ပထမခံစားရပါတယ်။ သဘာဝပတ်ဝန်းကျင်ပျက်စီးလာရင် ပြုပြင်ထိန်းသိမ်းဖို့ ရန်ပုံငွေကို ကျွန်တော်တို့က ပြည်နယ်အစိုးရထံ တောင်းခံရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရွေးချယ်တင်မြောက်ထားတဲ့ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများကလည်း လိုအပ်သော ငွေထုတ်ပေးဖို့ဆိုတာဟာ ရန်ပုံငွေရှိနေမှ ထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထုတ်ပေးနိုင်ရေးအတွက် ရွှေနဲ့သတ္တုမျိုးစုံလာရောက် တူးဖော်တဲ့ကုမ္ပဏီများထံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့်မျှတစွာကောက်ခံ သင့်ပါတယ်။ တူးဖေါ်လုပ်ကိုင်ခွင့်ရတဲ့ ကုမ္ပဏီများကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ဟာ အရေးကြီးပြီး၊ အလေးအနက်ထားရမယ်လုပ်ငန်းဆိုတာကို နက်နက်ရှိုင်းရှိုင်း သိရှိလာပြီ ဒေသခံပြည်သူများ အာဏာပိုင်အဖွဲ့အစည်းများနဲ့ ပိုမိုပူးပေါင်း ဆောင်ရွက်လာနိုင်တဲ့ ကောင်းကျိုးတွေကိုလည်း ခံစားလာနိုင်ပါတယ်။

ဥက္ကဌကြီးခင်ဗျား- ရွှေနဲ့ သတ္တုပစ္စည်းတူးဖေါ်ပြီဆိုလျှင် နောက်ဆက်တွဲလုပ်ငန်းဖြစ်တဲ့ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ ဓါတုဗေဒပစ္စည်းများ သုံးစွဲလို နောက်ဆက်တွဲဆိုးကျိုးတွေလည်း တွေ့ကြုံလာတော့မှာပါ။ ဒီလိုနောက်ဆက်တွဲဆိုးကျိုးနဲ့ ဓါတုဗေဒအဆိပ်သင့်မှုတွေဟာ ဒေသခံပြည်သူလူထုရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး တွေမထိခိုက်အောင် ဆောင်ရွက်ရမှာက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်





(ခ) နိုင်ငံတော်၏ သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကြီးကြပ်ကွပ်ကဲနိုင်ရန် လိုအပ်သော ဥပဒေများပြဌာန်းရမည့်ဟု အတိအလင်းဖေါ်ပြထားသည်ကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်ပထဝီအနေအထားဟာ အခြားဒေသများနဲ့မတူ သယံဇာတပစ္စည်းပေါင်းစုံ ကြွယ်ဝလှတဲ့ ဒေသကြီးဖြစ်ပါတယ်။ ဒီလိုသယံဇာတပေါကြွယ်ဝတဲ့ ရှမ်းပြည်ကြီးမှာ ရွှေနဲ့ သတ္တုမျိုးစုံလာရောက်တူးဖေါ်ပြီး စီးပွားရှာသော ကုမ္ပဏီကြီးတွေဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မလုပ်ဆောင်နိုင်ကြရင် ကျွန်တော်တို့ဟာ ကျွန်တော်တို့ ဘိုးဘွားများထားခဲ့တဲ့ အမွေကို မသုံးတတ်ပဲ ကုဋေ (၈၀)သူဌေးသားလို သားဆိုးသားမိုက်အဖြစ် မှတ်တမ်းတင်ခံရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ရှမ်းပြည်နယ်မှာ မွေးပြီး ရှမ်းပြည်နယ်ကို ချစ်တဲ့သူများဖြစ်ကြလို ရွှေတစ်မှုန့်၊ သတ္တုတစ်မှုန့် တောင်မဆိုနဲ့ မြေတစ်မှုန့်တောင်ချစ်တတ်ရမယ်၊ ထိန်းသိမ်းရမယ် တာဝန်ရှိတယ် ဆိုတာကိုလည်း တင်ပြ လိုပါတယ်။

ဥက္ကဌကြီး ခင်ဗျား - သယံဇာတ ပစ္စည်းတူးဖေါ်ခြင်းနဲ့ ပတ်သက်ပြီး ဖြစ်သင့်တာ ကတော့

(၁) နိုင်ငံတော်နှင့် သက်ဆိုင်ရာပြည်သူများအားလုံး အကျိုးခံစားရမည်၊

(၂) လာရောက်စီးပွားရှာသူများကလည်း မိမိစိုက်ထုတ်ထားတဲ့အရင်းအနှီးနဲ့ ကံတရားအရ ခံစားခွင့်ရစေရမည်၊ အရေးအကြီးဆုံး နံပါတ်

နည်းဥပဒေ ၅(ဂ)နှင့် ၁၅(က)အရ ကတိသစ္စာပြုထားသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်နဲ့ မြစ်လက်တက်များ ကချင်ပြည်နယ်များဆိုရင် ရွှေနဲ့ သတ္တုများတူးဖော်ပြီး သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ထိန်းသိမ်းမှု မရှိတာတွေကို ကျွန်တော်တို့ကြားရပါတယ်။ ဒါကြောင့်မို့ လင်းဆေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအိုက်အေးရဲ့ "ရှမ်းပြည်နယ်တွင် ရွှေနှင့် သတ္တုမျိုးစုံ လာရောက်တူးဖော်သော ကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်း" အဆိုကို အပြည့်အဝထောက်ခံပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးလောရင်း ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးလောရင်း၊ ကယန်း(ပဒေါင်)တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ။** ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်းနှင့် မင်္ဂလာရှိသောနံနက်ခင်းပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး





အတွက် နည်းအမျိုးမျိုးဖြင့် ရှောင်တိမ်းသော ကုမ္ပဏီများကို စိစစ်ကာထိရောက်စွာ အရေးယူသင့်ပါကြောင်း တင်ပြလိုပါတယ်။ ထို့သို့ နိုင်ငံတော်၏ သတ်မှတ်စံနှုန်း ဥပဒေစည်းမျဉ်းစည်းကမ်းနှင့် အညီ လုပ်ဆောင်ပါမှ ပြည်နယ်၏ နှစ်တိုနှစ်ရှည် စီမံကိန်းလျာထားချက်များ ပြည့်မှီပြီး၊ ပြည်နယ်လိုအပ်ချက်များနှင့် နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြလိုသည်မှာ ပြည်နယ်၏ ဘဏ္ဍာငွေလျာထားချက်များ ပြည့်မှီစွာကောက်ခံရန် အဓိကလိုအပ်သည့်အတွက် အခွန်အခကောက်ခံသူများသည် ရိုးသားဖို့လိုအပ်ပါကြောင်း အလုပ်ဌာနအပေါ်တွင်လည်းကောင်း၊ ပြည်နယ်နှင့် နိုင်ငံအပေါ်တွင်လည်းကောင်း သစ္စာရှိရန် အထူးလိုအပ်ပါကြောင်းနှင့် ထို့သို့ ရိုးသားပြီး သစ္စာရှိမှ သာလျှင် အခွန်အခဘဏ္ဍာငွေ အပြည့်အဝရရှိကာ ပြည်နယ်လိုအပ်ချက်များစွာကို ဖြည့်စည်းပေးသွားနိုင်မည်ဖြစ်ပါ၍ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)ဒေါ်နန်းမြမြလွင် ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါ်နန်းမြမြလွင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒအမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ် ရှင် . . . . ။

ကျွန်မကတော့ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းမြမြလွင် ဖြစ်ပါတယ်။

လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအိုက်အေး၏ “ရှမ်းပြည်နယ်တွင် ရွှေနှင့်သတ္တုမျိုးစုံ လာရောက်တူးဖေါ်သော ကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်း” အဆိုကို ဆွေးနွေးသွားမည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ရှင်- သတ္တုတူးဖော်မည့်နေရာသည် အနည်းဆုံး မြေ(၁၀၀-၂၀၀)ဧက ပတ်ဝန်းကျင်လောက် အသုံးပြုရမည် ဖြစ်ပါသည်။ မြေကြီးကို လှန်တူးရသည့်အတွက်ကြောင့် မြေဆီလွှာ ပျက်သုဉ်းသည် ၄င်းဒေသသည် နှစ်ပေါင်းများစွာ မည့်သည်အပင်မှ စိုက်ပျိုး၍ မရသောမြေ မဟုတ်ပေ ၄င်းပတ်ဝန်းကျင်တွင် သစ်တောပြုန်းတီးမည် မိုးခေါင်ရေရှားမည်။ ရွှေတူးဖေါ် မည်ဆိုပါက တူးလာသောမြေစိုင်းများကို ရေဖြင့်ဆေးကြောသန့်စင်ရသဖြင့် ရေများစွာ အသုံးပြုရမည် ထို့ကြောင့် ချောင်းများမြေစိုင်းများ အနည်ထိုင်ခြင်းကြောင့် ရေစီးကြောင်း ပြောင်းလဲစီးဆင်းမှုများကြောင့် ရေနေသတ္တဝါများ သေကြေပျက်စီးမှုများ ဖြစ်ပေါ်လာ နိုင်ပါတယ်။ ၄င်းဒေသတွင် မှီတင်းနေထိုင်သော လူဦးရေ စားနပ်ရိက္ခာ ရှားပါးလာနိုင်ပါသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင် သင့်ကြောင်း အဆိုကို ထောက်ခံ တင်ပြအပ်ပါတယ် ရှင် ။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) ဒေါ်နန်းအက်စ်ကီးမိုး ဆွေးနွေးရန် ဖြစ်ပါတယ်။





(ဒုတိယနေ့)တင်သွင်းသည့် လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအိုက်အေး၏ “ရှမ်းပြည်နယ်တွင် ရွှေနှင့်သတ္တုမျိုးစုံ လာရောက်တူးဖေါ်သော ကုမ္ပဏီများသည်ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင် သင့်ကြောင်း” အဆိုကို ကျွန်တော် ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသား ရေးရာဝန်ကြီး ဦးလောရင်းမှ ကြိုဆိုထောက်ခံပါကြောင်း တင်ပြ အပ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား -

ရှမ်းပြည်နယ်အတွင်းတွင် ရွှေနှင့် ကျောက်သံပတ္တမြား၊ ခဲသတ္တုများစွာ ထွက်ရှိသော ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ထို့သို့ ထွက်ရှိသော ရွှေနှင့် အဖိုးတန်ကျောက်၊ သံ၊ ပတ္တမြား ခဲသတ္တုများကို ကုမ္ပဏီအမည်အမျိုးမျိုးဖြင့် တူးဖော်ကာ နိုင်ငံတော်၏ ဘဏ္ဍာငွေကို ရှာဖွေပေးနေသည်ကို လွှတ်တော်ကိုယ်စားလှယ်များ အသိပင် ဖြစ်ပါတယ်။ ယင်းသို့ရရှိလာ သော အခွန်ဘဏ္ဍာများကို ပြည်နယ်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် အပြည့်အဝခံစားခွင့်ရှိပြီး၊ ဆောင်ရွက်ခွင့်ရမည်ဆိုပါက ပြည်နယ်၏ လိုအပ်ချက်များစွာကို ဖြည့်ဆည်းပေးသွားနိုင်မည် ဖြစ်ပါတယ်။ ယင်းသို့အခွန်အခ များ ကောက်ခံရာတွင် သင့်တင့်သော အခွန်အခများဖြင့် ကောက်ခံပြီး နိုင်ငံတော်၏ စံညွှန်း ဥပဒေ စည်းမျဉ်းစည်းကမ်းနှင့် အညီ လုပ်ကိုင်ဆောင်ရွက်သော ကုမ္ပဏီများကို လမ်းညွှန်မှုများ ပေးကာ၊ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့် အညီ လုပ်ဆောင်ခြင်းမရှိသော ကုမ္ပဏီကြီးများ၊ အခွန်အခများပေးဆောင်ရန်

**ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)** ။ ဒီနေ့ တက်ရောက်လာကြသော လူကြီးမင်းများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ လဲချားမြို့နယ် မဲဆန္ဒနယ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်စ်ကီးမိုး ဖြစ်ပါတယ် ရှင်။

လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအိုက်အေး၏ “ရှမ်းပြည်နယ်တွင် ရွှေနှင့်သတ္တုမျိုးစုံ လာရောက်တူးဖေါ်သော ကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့် မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်း”အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ် ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ရှင် - ကျွန်မတို့ ရှမ်းပြည်နယ်မှာ တန်ဖိုးဖြတ်၍ မရနိုင်သော မြေပေါ်မြေအောက်သယံဇာတများဟာ အလွန်ပေါများ လွန်လှပါတယ်။ ပြည်နယ်အတွင်း ၄င်းသယံဇာတများကို လာရောက် တူးဖော်သည့် ကုမ္ပဏီများလည်း မြောက်များစွာရှိပါတယ်။ ထို့ကဲ့သို့ တူးဖေါ်ရာတွင် သဘာဝပတ်ဝန်းကျင်များ ထိခိုက် ပျက်စီးမှုများရှိပြီ သစ်တောများလည်း ပြုန်းတီးလာပါတယ်။ထိုသစ်တောပြုန်းတီးမှု ကြောင့် ရာသီဥတု မညီမျှပြီ၊ ရာသီဥတုများ ဖောက်ပြန်ခြင်းလည်း ဖြစ်ပေါ် နိုင်ပါတယ်။ တူးဖေါ်ရေးလုပ်ငန်းနှင့် နီးစပ်သော ပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့များ အတွက်လည်း အန္တရာယ်ဖြစ် စေသော ပြဿနာများနှင့် လည်းကြုံတွေနိုင်ပါတယ်။ ထို့အတွက် ကြောင့် ပြည်နယ်အတွင်း သယံဇာတများကို လာရောက်တူးဖော် လုပ်ကိုင်ကြသော ကုမ္ပဏီများသည် ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝ







သတ္တုမျိုးစုံလာရောက်တူးဖော်ပါက Overcutting ခေါ် အပေါ်ယံ မြေလွှာကို ဖွင့်ဖောက်တူးဖော်ရသည့်အတွက် သဘာဝပတ်ဝန်းကျင်သည် အနည်းနှင့်အများ ထိခိုက်ပျက်စီးမှု ရှိနိုင်ပါသည်။ ထို့ကြောင့် ထိုကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို သင့်တင့်သော မျှတသောနှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင့် အဆိုကို လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအိုက်အေး မှ အဆိုတင်သွင်းလာခြင်းဖြစ်ပါတယ်။

ယင်းအဆိုနှင့် ပတ်သက်၍ ဖြေကြားရမယ်ဆိုရင် မည်သည့် သတ္တုမျိုးကိုမဆို တူးဖော်ပါက သဘာဝပတ်ဝန်းကျင်သည် အနည်းနှင့် အများ ထိခိုက်ပျက်စီးမှုရှိမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ပျက်စီးသွားသောသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးရန် အဓိက တာဝန်ရှိသူမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဖြစ်ပါသည်။ သို့သော် ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ရန်ပုံငွေ မရှိပါက ပျက်စီး သွားသော သဘာဝပတ်ဝန်းကျင်ကို ပြန်လည်၍ သစ်တောများ ပြုစုစိုက်ပျိုးရန် မဖြစ်နိုင်ပါ။ ရန်ပုံငွေရှိမှ သာလျှင် မိမိလက်အောက်ရှိ သစ်တောဦးစီးဌာနမှ သီးပင်၊ စားပင်များ သစ်တောအတွက် ပျိုးပင်များကို ပြုစုပျိုးထောင်စေနိုင်မှာ ဖြစ်ပါတယ်။

ထို့ပြင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချ နိုင်ရေးအတွက် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေလိုအပ်လာမှာ ဖြစ်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အတွင်း သတ္တုမျိုးစုံ လာရောက်တူးဖော် သော ကုမ္ပဏီများမှ သင့်တင့်မျှတသော နှုန်းထားဖြင့် သဘာဝ ပတ်ဝန်း ထိန်းသိမ်းရေးရန်ပုံငွေ နှင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို ကူညီပေးဆောင်သင့်ပါကြောင်း ဖြေဆိုအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအိုက်အေး တင်သွင်းသော အဆိုကို လွှတ်တော်တွင် **အတည်ပြုချက်ရယူနိုင်ရန်** လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသွား မှာဖြစ်ပါတယ်။ အဆိုမှာ -

"ရှမ်းပြည်နယ်တွင် ရွှေနှင့်သတ္တုမျိုးစုံ လာရောက်တူးဖော်သော ကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်း" အဆိုဖြစ်ပါတယ်။

အဆိုကို **အတည်ပြုရန်** လွှတ်တော်က

**သဘောတူပါသလားခင်ဗျား**

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]**

လွှတ်တော်ကသဘောတူတဲ့အတွက် "ရှမ်းပြည်နယ်တွင် ရွှေနှင့်သတ္တုမျိုးစုံ လာရောက် တူးဖော်သော ကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်း" အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ **[ ဩဘာသံများ ]**





ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ထိုက်သင့်သော ရန်ပုံငွေများကိုဥပဒေနှင့် အညီသတ်မှတ်နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်းကို ဆွေးနွေးတင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင်။

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တု ဝန်ကြီး** ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည်စုံကြပါစေလို့ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ သစ်တောနှင့်သတ္တု ဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းအိုက်အေး၏ "ရှမ်းပြည်နယ်တွင် ရွှေနှင့်သတ္တုမျိုးစုံ လာရောက်တူးဖော်သော ကုမ္ပဏီများသည်ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်း" အဆိုကို ပြန်လည်ဖြေဆိုမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား- ရှမ်းပြည်နယ်သည် ရွှေနှင့်သတ္တုမျိုးစုံထွက် ရှိသော ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ သတ္တုထုတ်လုပ်သည့် ကုမ္ပဏီများ သည်လည်း ရှမ်းပြည်နယ်တွင် လာရောက် သတ္တုမျိုးစုံ တူးဖော်လုပ်ကိုင်လျှက်ရှိပါတယ်။ ထို့သို့

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## ဒုတိယပုံမှန် အစည်းအဝေးပြီးမြောက်ခြင်း

**ဥက္ကဋ္ဌ။** ။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(တတိယနေ့) အစီအစဉ်ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ် ။[ **သြဘာသံများ** ]

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါတော့မယ် ခင်ဗျား။

**[ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်ဒုတိယပုံမှန် အစည်းအဝေးအား ( ၁၁ း ၄၂ )နာရီအချိန်တွင် အောင်မြင်စွာပြီးမြောက် ခဲ့ပါသည် ။ ]**

× × × × × × × × ×





**ဆုံးဖြတ်ခြင်းအမှတ် ။ (၄-၁/၂၀၁၂)** **ရှမ်းပြည်နယ်၏ "ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်" အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန် ပေးအပ်မှုကို အတည်ပြုကြောင်း**

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်(၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်၏ "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်" အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်မှု ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ။ (၅-၁/၂၀၁၂)** **" ကျွန်းသစ်နှင့် သစ်မာမှ လွဲ၍ ပြည်နယ်အစိုးရ အနေနှင့် သစ် တစ်တန်လျှင် (၃၀၀၀ဝိ/-)ခန့် ကောက်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ကျန် တောထွက်ပစ္စည်းများ ဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး၊ ကြိမ်၊ ဝါး (ငှက်သိုက်ပြည်နယ်တွင် မရှိပါ။ သစ်မွှေးပင်သာ ရှိပြီး အဆီထုတ်နိုင်သောသစ် မရှိပါ) များကို ပစ္စည်း၏ တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူ သင့်ပါကြောင်း " အဆိုကို ပြန်လည်ရုပ်သိမ်းခွင့် ပြုကြောင်း ဆုံးဖြတ်ခြင်း**

ကန့်သတ်

၂၂၀

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်(၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ " ကျွန်းသစ်နှင့် သစ်မာ မှလွဲ၍ ပြည်နယ်အစိုးရ အနေနှင့်သစ်တစ်တန်လျှင်(၃၀၀၀ဝိ/-)ခန့် ကောက်ယူနိုင်ပါ ကြောင်း တင်ပြအပ်ပါသည်။ ကျန်တောထွက်ပစ္စည်းများ ဖြစ်သော ထင်း၊ ထင်းရှူး၊ မီးသွေး၊ ကြိမ်၊ ဝါး(ငှက်သိုက်ပြည်နယ်တွင် မရှိပါ၊ သစ်မွှေးပင်သာ ရှိပြီး အဆီထုတ်နိုင်သောသစ်မရှိပါ)များကို ပစ္စည်း၏တန်ဖိုး(၅%)ခန့် အခွန်ကောက်ယူ သင့်ပါကြောင်း " အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်အမှတ် ။ (၆-၁/၂၀၁၂)**

**" မဟာဓါတ်အားလိုင်း မရှိသော နေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေး ကိစ္စကို ပြည်နယ်ပိုင်လုပ်ငန်း အဖြစ် ဆောင်ရွက်သင့်ပါသည်။ ပြည်နယ် အစိုးရမှ မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိ တိုင်းရင်းသား များအား တစ်ဦးတည်း ဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင်ခွင့် ပြုသင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြု မည့်ဆိုလျှင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမူး ကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများ ဆောင်ရွက် ရန် ရှိနေပါကြောင်း " အဆိုကို အတည်ပြု ကြောင်း ဆုံးဖြတ်ခြင်း**

ကန့်သတ်

ကန့်သတ်

၂၁၈

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆုံးဖြတ်ခြင်း**

**ဆုံးဖြတ်ချက်အမှတ် ။ (၂-၁/၂၀၁၂)**

**ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ " ၂၀၁၁ -၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်း ပြုစုရေးဆွဲခြင်းနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်း လျာထားချက်" ကို အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ " ၂၀၁၁- ၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်း ပြုစုရေးဆွဲခြင်းနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်" ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်အမှတ် ။ (၃-၁/၂၀၁၂)**

**ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ "ရှမ်းပြည်နယ်၏ ပဉ္စမကာလတို ငါးနှစ်စီမံကိန်း (၂၀၁၁- ၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆)ခုနှစ် ရည်မှန်းချက်များပြန်လည် ဖြည့်စွက်ရေးဆွဲ ထားခြင်း" ကို အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်(၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၏ "ရှမ်းပြည်နယ်၏ ပဉ္စမကာလတို ငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆)ခုနှစ် ရည်မှန်းချက်များ ပြန်လည်ဖြည့်စွက်ရေးဆွဲ ထားခြင်း" ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ကန့်သတ်

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်(၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့၌ ဦးစိုင်းမိုးကြည်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ " မဟာဓါတ်အားလိုင်း မရှိသော နေရာတွင် ရေအားအသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်ရေး ကိစ္စကို ပြည်နယ်ပိုင် လုပ်ငန်း အဖြစ် ဆောင်ရွက်သင့်ပါသည်။ ပြည်နယ်အစိုးရမှ မဆောင်ရွက်နိုင်ပါက ပြည်နယ်အတွင်းရှိတိုင်းရင်းသား များအား တစ်ဦးတည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လုပ်ကိုင်ခွင့်ပြု သင့်ပါကြောင်း ပြည်နယ်အစိုးရမှ ခွင့်ပြုမည့်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် တစ်နေရာနှင့် မိုင်းတုံမြို့နယ်၊ နားကောင်းမျုး ကျေးရွာတွင် တည်ဆောက်ရန် အဖွဲ့အစုများဆောင်ရွက်ရန် ရှိနေပါကြောင်း " အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ။ (၇-၁/၂၀၁၂)** — **" ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းတိုးတက်ရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ် ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့် ပြုနိုင်ရန် " အဆိုကို အတည်ပြု ကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်(၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့၌ ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ " ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့ တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့် ပြုနိုင်ရန် " အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။





**မှတ်တမ်းတင်ခြင်းအမှတ် ။ (၁၅-၁/၂၀၁၁)** — **ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ် လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း**

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ။ (၁၆-၁/၂၀၁၁)** — **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု ကို မှတ်တမ်းတင်ခြင်း**

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် (၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၄ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ။ (၁၇-၁/၂၀၁၁)** **ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် (၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၄ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။





**ဆုံးဖြတ်ခြင်းအမှတ် ။ (၈-၁/၂၀၁၂)** **“ ရှမ်းပြည်နယ်တွင် ရွှေနှင့် သတ္တုမျိုးစုံ လာရောက်တူးဖော်သောကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ရံပုံငွေနှင့် ဒေသ ဖွံ့ဖြိုးရေး ရံပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်း ” အဆိုကို အတည်ပြု ကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်(၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့၌ ဦးစိုင်းအိုက်အေး၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ “ ရှမ်းပြည်နယ်တွင် ရွှေနှင့် သတ္တုမျိုးစုံ လာရောက် တူးဖော်သောကုမ္ပဏီများသည် ရှမ်းပြည်နယ်အစိုးရ၏ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရံပုံငွေနှင့် ဒေသဖွံ့ဖြိုးရေး ရံပုံငွေကို သင့်တင့်မျှတသော နှုန်းထားဖြင့် ကူညီပေးဆောင်သင့်ကြောင်း ” အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

## မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ။ (၁၄-၁/၂၀၁၁)** **ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၅ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

**ကန့်သတ်**

၂၂၇

## လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**အမှတ် ၁-၁/၂၀၁၂။ ရှမ်းပြည်နယ်၏ "ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချ ရေးလုပ်ငန်းစဉ် (၈)ရပ်" အကောင် အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်း အဖွဲ့များ ဖွဲ့စည်းတာဝန် ပေးအပ်မှု**

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်၏ "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးလုပ်ငန်းစဉ် (၈)ရပ်" အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်မှု ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်သန်းမှ လွှတ်တော်သို့ ရှင်းလင်း တင်ပြသည်။

**စိုင်းလုံးဆိုင်**

ဥက္ကဋ္ဌ
ရှမ်းပြည်နယ်လွှတ်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက် စွဲ၊ ၂၀၁၂ခုနှစ်၊ ဩဂုတ်လ ရက်

**ကန့်သတ်**

၀၀၃/၁၂/လွှတ်တော်ရုံး/၁၅၀ အုပ်/ဖိုတိုလစ်သို

ပထမအကြိမ်

ရှမ်းပြည်နယ်လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး

ကျင်းပခြင်း

ပထမအကြိမ်

ရှမ်းပြည်နယ်လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး

ကျင်းပခြင်း

ပထမအကြိမ်

ရှမ်းပြည်နယ်လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး

ကျင်းပခြင်း

ပထမအကြိမ်

ရှမ်းပြည်နယ်လွှတ်တော်

အထူးအစည်းအဝေး(၁/၂၀၁၁)

ကျင်းပခြင်း

၂၀၁၂ ခုနှစ်၊ ဩဂုတ် လ (ပထမအကြိမ်)
အုပ်ရေ ( ၁၆၀ )အုပ်

ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ တောင်ကြီးက
ထုတ်ဝေသည်။

၂၀၁၂ ခုနှစ်၊ ဩဂုတ် လ (ပထမအကြိမ်)
အုပ်ရေ ( ၁၆၀ )အုပ်

ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ တောင်ကြီးက
ထုတ်ဝေသည်။